မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily

အနှစ်ရှိသောတရားကိုရနိုင်

အနှစ်ရှိသောတရားကိုလည်း အနှစ်ရှိသောတရားဟူ၍၊ အနှစ်မရှိသောတရားကိုလည်း အနှစ်မရှိသောတရားဟူ၍ သိကြကုန်သောကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်ရကား အနှစ်ရှိသောတရားကို ရနိုင်ကြကုန်၏။ **ယမကဝဂ်(ဓမ္မပဒ-၁၂)**

၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက် | ၂၀၁၆ ခုနှစ်၊ ဇူလိုင် ၁၂ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၅)၊ အမှတ် (၂၈၁)

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဖွဲ့စည်း

စာမျက်နှာ-၃

အမျိုးသမီးငယ်များ၏ အခက်အခဲနှင့် စိန်ခေါ်မှုများကို ကူညီဖြေရှင်းပေးခြင်းသည် မြန်မာနိုင်ငံအနာဂတ်အတွက် ကောင်းမွန်သည့် ရင်းနှီးမြှုပ်နှံမှုဟု ဆိုရမည်ဖြစ်

နေပြည်တော် ဇူလိုင် ၁၁

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၌ အသက် ၁၀ နှစ်မှ ၁၉ နှစ်အတွင်း အမျိုးသမီးငယ် စုစုပေါင်း ငါးသန်းခန့်ရှိနေကြောင်း၊ အဆိုပါ အမျိုးသမီးငယ်များ၏ အခက်အခဲနှင့် စိန်ခေါ်မှုများကို ကူညီဖြေရှင်းပေးခြင်းသည် မြန်မာနိုင်ငံအနာဂတ်အတွက် ကောင်းမွန်သည့် ရင်းနှီးမြှုပ်နှံမှုဟု ဆိုရမည်ဖြစ်ကြောင်း ဒုတိယသမ္မတ ဦးမြင့်ဆွေက ယနေ့ နံနက် ၉နာရီခွဲတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ ကျင်းပသည့် ၂၀၁၆ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ပြောကြားခဲ့သည်။

ထို့ပြင် ဒုတိယသမ္မတက ယနေ့ ဆယ်ကျော်သက်များ ကြုံတွေ့နေရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများသည် ကမ္ဘာကြီး၏ အနာဂတ်ကို ခြိမ်းခြောက်နေကြောင်း၊ အထူးသဖြင့် ဆယ်ကျော်သက်အရွယ် အမျိုးသမီးငယ်များသည် သက်တူရွယ်တူ ယောကျ်ားလေးများထက်ပိုပြီး စိန်ခေါ်မှုများကို ရင်ဆိုင်ကြုံတွေ့နေကြရကြောင်း၊ နိုင်ငံအများစုတွင် အပျိုဖော်ဝင်စ မိန်းကလေးများကို အိမ်ထောင်ပြုရန်၊ ကိုယ်ဝန်ဆောင်ရန်၊ ကလေးမွေးရန် အချိန်တန်ပြီဟု ၎င်းတို့၏ မိသားစုနှင့် ပတ်ဝန်းကျင်က ယူဆလေ့ရှိကြောင်း၊ ထို့ကြောင့် မိန်းကလေးငယ်များအတွက် မလိုလားအပ်သည့်ဝေဒနာကို ခံစားရနိုင်ပြီး ငယ်စဉ်ဘဝလွတ်လပ်သည့် အခွင့်အရေးများကို ဆုံးရှုံးစေနိုင်ကြောင်း ပြောကြားသည်။ *စာမျက်နှာ ၄ ကော်လံ ၁* ✻

ဒုတိယသမ္မတ ဦးမြင့်ဆွေ ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် မှတ်တမ်းဓာတ်ပုံများအား ကြည့်ရှုအားပေးစဉ် (သတင်းစဉ်)

ကုလလုံခြုံရေးကောင်စီက သတိပေးနေသည့်ကြားမှ တောင်ဆူဒန်၌ တိုက်ပွဲများပြန်ဖြစ်

စာမျက်နှာ-၁၀

ကလေးခရိုင်အတွင်း ရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးမှု မရှိစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဇွန်အလိုက်ဆောင်ရွက်နေ

စာမျက်နှာ-၁၈

မြန်မာ့အလင်း

အပျက်များစွာ ပြင်ဖို့အရေး

မြန်မာ့သစ်ထုတ်လုပ်မှုကို တစ်နိုင်ငံလုံးတွင် တစ်နှစ်တာရပ်ဆိုင်းမည်ဖြစ်သည်။ ထို့ပြင် ပဲခူးရိုးမရှိ ကျွန်းသစ်နှင့် အခြားသစ်မာများ ထုတ်လုပ်မှုကိုလည်း ၁၀ နှစ်ရပ်ဆိုင်းရန် တင်ပြထားသည်ဟု သိရသည်။ ဆယ်စုနှစ်နှစ်ခုကျော်မျှ မြန်မာ့အဖိုးတန်သစ်များကို ပျော်ပျော်ပါးပါးကြီး ထုတ်လုပ်ရောင်းချခဲ့ရာမှ ယခုလို ရပ်ဆိုင်းရသော အခြေအနေသို့ ဆိုက်ရောက်လာခဲ့ခြင်းဖြစ်ပေသည်။

ထိုသို့ စနစ်တကျ ပြန်လည်မထိန်းကွပ်လျှင်လည်း မြန်မာနိုင်ငံသည် သစ်ထုတ်လုပ်ရောင်းချသော နာမည်ကျော်နိုင်ငံဘဝမှ သစ်ပြန်လည်တင်သွင်းရသော နိုင်ငံဘဝသို့ ပြောင်းလဲသွားတော့မည်ဖြစ်သည်။ ပြီးခဲ့သော ဆယ်စုနှစ်များက မြန်မာ့သစ်တော ပြုန်းတီးမှုမှာ ကြောက်ခမန်းလိလိပင်ဖြစ်သည်။ တစ်နှစ်တစ်နှစ်ဖမ်းမိသော သစ်တန်ချိန်ကိုကငါးသောင်းမှ တစ်သိန်းကြားရှိနေသည်။ တရုတ်နိုင်ငံဘက်မှ စာရင်းများအရ မြန်မာနိုင်ငံမှ စီးဝင်သောသစ်တန်ချိန် သန်းနှင့်ချီ၍ ရှိနေသည်။ ဖမ်းမိသစ်မှာ တရားမဝင် သစ် ၁၀ ပုံ ၁ ပုံပင်ရှိမည်မဟုတ်ပေ။ တရားမဝင်သစ်ကို စနစ်တကျဖမ်းဆီးနိုင်လျှင်ပင် ပြည်တွင်း ကိုယ့်နိုင်ငံသားများသုံးစွဲဖို့ လုံလောက်မည်ဟု ထင်စရာရှိနေပါသည်။

သစ်တောပြုန်းတီးမှုများကို စာရင်းဇယားများအရမဟုတ်ဘဲ မြေပြင်သတင်းအချက်အလက်များနှင့် မျက်မြင်ကိုယ်တွေ့ သာမန်လူများပင် သိနိုင်သည်။ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကချင်ပြည်နယ်များသို့ လေယာဉ်ခရီးဖြင့် သွားနေကြသူများ သိကြသည်။ ယခင်နှစ်ပေါင်းများစွာကကဲ့သို့မဟုတ်ဘဲ အောက်တွင်တောင်ကတုံးများကိုသာ အများစုတွေ့မြင်နေရတော့သည်။ ရခိုင်ပြည်နယ်သို့ ဂွ-ငါးသိုင်းချောင်း ကားလမ်းမှ သွားကြည့်လျှင်လည်း တောင်ကတုံးများသာ တွေ့မြင်ရမည်ဖြစ်ပါသည်။

သစ်တောများပြုန်းတီးရခြင်းမှာ နယ်စပ်ဒေသများတည်ငြိမ်အေးချမ်းမှုမရှိခြင်းနှင့်လည်း သက်ဆိုင်နေသည်။ ထိုင်းနယ်စပ်ရှိ ကျွန်းတောများမှာ ၈၈ မတိုင်မီကတည်းက ထုတ်ယူ၍ ကုန်သလောက်ဖြစ်နေပြီ။ ကချင်ပြည်နယ်ရှိသစ်များမှာ ၁၉၉၀ ပြည့်နှစ်နောက်ပိုင်း ငြိမ်းချမ်းရေးယူပြီးချိန်မှစ၍ ကုန်ဆုံးလာခြင်းဖြစ်သည်။ ပထမနယ်စပ်ဒေသမှသစ်များ၊ နောက် တဖြည်းဖြည်းနှင့် သံလွင်အနောက်ဘက် တြိဂံဒေသအထိရောက်လာသည်။ ထို့နောက် စစ်ကိုင်းတိုင်းမြောက်ဖျားမှ သစ်များနှင့် ယခုအလောင်းတော်ကဿပ ဘေးမဲ့ကြိုးဝိုင်းအပေါ်ခြမ်းများသို့ပင် သစ်ခုတ်သူတစ်ဖက်နိုင်ငံသားများရောက်နေကြသည်ဟု မြေပြင်သတင်းများအရ သိနေရသည်။

ရခိုင်ရိုးမဘက်တွင် ဆင်းရဲမွဲတေခြင်း၊ အလုပ်အကိုင်မရှိခြင်းက အဓိကဖြစ်သည်။ ပုသိမ်-မော်တင်ကားလမ်းတစ်လျှောက် ရွာအများစု၏ အလုပ်မှာ ရိုးမသို့တက်၍ သစ်ခုတ်၊ ဝါးခုတ်၊ မီးသွေးဖုတ်ဆိုသော အလုပ်များနှင့်အသက်မွေးကြရသည်။ တည်းသီးပေါ်ချိန်တွင် တည်းထိုးဆိုသောအလုပ်ရှိသည်။ ဤသည်မှာလည်း တည်းပင်ကိုတွေ့လျှင် အပင်ခြေမှ ခုတ်လှဲလိုက်ခြင်းသာဖြစ်သည်။ ရခိုင်ရိုးမအရှေ့ခြမ်းနှင့် အနောက်ခြမ်းမှ လူများ သစ်ခုတ်၊ ဝါးခုတ်ရင်း ရိုးမအလယ်တွင် ဆုံမိနေကြသည်မှာပင် ဆယ်စုနှစ် နှစ်စုစာလောက်ရှိနေပြီ။

ဆင်းရဲမွဲတေမှုကြောင့်၊ ပြည်တွင်းစစ်ကြောင့် သစ်တောများပြုန်းတီးရသည်။ သယံဇာတများ ပြုန်းတီးရသည်။ အဖိုးတန်လူသားအရင်းအမြစ်များ ပြည်ပသို့ စီးထွက်ကုန်သည်။ လူကုန်ကူးမှုများ ဖြစ်လာသည်။ ပြည်တွင်းစစ်သည် မူးယစ်ဆေးဝါး၏ မြစ်ဖျားခံရာလည်းဖြစ်သည်။ ကောင်းတာတစ်ကွက်မှမရှိ။ အားလုံး အနိဋ္ဌာရုံများသာ ဖြစ်ပါသည်။ အားလုံးမှာ အာဏာရှင်စနစ်များ၏ ဆိုးမွေများသာဖြစ်ပါသည်။

အဘက်ဘက်ချွတ်ခြုံကျမှုများကို ယခုအစိုးရအဖို့ ပထမဆုံး အဖတ်ဆယ်ဖို့ကြိုးစားနေရခြင်းဖြစ်သည်။ ထိုအထဲတွင် လူများ၏ အကျင့်စာရိတ္တပိုင်းဆိုင်ရာ ချို့ယွင်းသွားမှုများကို တည့်မတ်ရခြင်းလည်း ပါဝင်နေပါသည်။ ရက်၁၀၀ စီမံချက်များလည်း ပါဝင်နေသလို၊ ရေတိုရေရှည်ဇောက်ချလုပ်ရမည့် ကိစ္စများစွာလည်း ရှိနေပါသည်။ ပျက်အစဉ်ပြင်ခဏဟု ဆိုရိုးရှိပါသော်လည်း၊ ဤခေတ်အဆက်ဆက်အပျက်များကို ပြင်ရန်မှာမူ ပြည်ထဲရေးနှင့် ကာကွယ်ရေးအပါအဝင် သက်ဆိုင်ရာဝန်ထမ်းများအားလုံး၊ ပြည်သူအားလုံး၏ ပူးပေါင်းပါဝင်မှုရှိမှသာလျှင် ထိရောက်အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း တင်ပြရပါသည်။ ။

အမ်းမြို့နယ်၌ အခြေခံပညာအထက်တန်းကျောင်းခွဲ အဆင့်တိုးမြှင့် ဖွင့်လှစ်ခြင်းအခမ်းအနားကျင်းပ

အမ်း ဇူလိုင် ၁၁

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ်စခန်းမော်ကျေးရွာ၌ အခြေခံပညာအထက်တန်းကျောင်းခွဲ အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းအခမ်းအနားကို ဇူလိုင် ၁၀ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် အခြေခံပညာအထက်တန်းကျောင်းခွဲဆိုင်းဘုတ်ကို အမ်းမြို့နယ် အုပ်ချုပ်ရေးမှူးကိုယ်စား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ငြိမ်းထွန်းနှင့် မြို့နယ်ပညာရေးမှူးဦးမြင့်တင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ပညာရေးမှူးတို့က အမှာစကားပြောကြားခဲ့သည်။

ထို့နောက် စခန်းမော်ကျေးရွာ အထကခွဲကျောင်းအုပ်ကြီးက ကျောင်းသမိုင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး မြို့နယ်ပညာရေးမှူးက ကျောင်းအဆင့်တိုးမြှင့်အမိန့်စာကို ပေးအပ်ရာကျောင်းအုပ်ကြီးက လက်ခံယူခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်-မန္တလေးအမြန်လမ်း (ရန်ကုန်-နေပြည်တော်အပိုင်း) ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၁၁

ရန်ကုန်-မန္တလေးအမြန်လမ်း (ရန်ကုန်-နေပြည်တော်အပိုင်း) ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းခိုင်သည် ဇူလိုင် ၈ ရက်က အဆိုပါလမ်းမိုင်တိုင်အမှတ် (၁၂၄/၂)မှ ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်းနှင့်အနောက်ခြမ်းကို ဆက်သွယ်သည့် ရိုးမဖြတ်ကျော်လမ်းအရှည် ၁၂၅ မိုင်၊ တစ်ဖာလုံရှိ ပြည်- ပေါက်ခေါင်း-အုတ်တွင်း-တောင်ငူလမ်း ပြုပြင်ထိန်းသိမ်းထားရှိမှုတို့ကို လမ်းတစ်လျှောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်-ပေါက်ခေါင်း-အုတ်တွင်း-တောင်ငူလမ်းပေါ်ရှိ တံတားများ၏ ကြံ့ခိုင်မှုအခြေအနေကို လည်းကောင်း၊ ရေတိုက်စားပြီး လမ်းသားပဲ့ကျသည့်နေရာများတွင် ကျောက်စီမြေထိန်းနံရံတည်ဆောက်ခြင်း၊ ကတ္တရာပုံးခွံများဖြင့် မြေကာနံရံများတည်ဆောက်ထားမှုတို့ကို လမ်းတစ်လျှောက်လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဇူလိုင် ၉ ရက် နံနက်ပိုင်းက လမ်းဦးစီးဌာန ပြည်ခရိုင်ရုံးတွင် အထူးအဖွဲ့များ၊ တိုင်း/ခရိုင်/ မြို့နယ်နှင့်မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံသည်။

ထို့နောက် ပြည်-ပန်းတောင်း-ဥသျှစ်ပင်လမ်းပြုပြင်ထိန်းသိမ်းထားရှိမှု၊ သဘာဝဘေးဒဏ်ကြောင့် ရေတိုက်စားပျက်စီးသွားသည့် တောင်မွေတံတားနေရာတွင် ဘေလီတံတားအစားထိုးတည်ဆောက်ထားရှိမှု အခြေအနေကိုလည်းကောင်း၊ ဧဝန်မြစ်ကူးတံတား ရောဝတီတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတား ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ၊ ငါးနှစ်တာကာလအတွင်းဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ၊ မြို့ပြဖွံ့ဖြိုးရေးအတွက် Master Plan, Town Plan ရေးဆွဲထားရှိမှုများနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

ဆက်လက်၍ ရောဝတီတိုင်းဒေသကြီး မအူပင်ခရိုင်အတွင်းရှိ ဆောက်လုပ်ရေးဝန်ကြီးဌာနကြီးကြပ်မှုဖြင့် မြန်မာရွှေသရဖူ ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသော ကြိမ်ပင်ဆည်-စကြော့-နေဖြူ-ဇလွန်လမ်းအပိုင်းခင်းကျင်းဆောင်ရွက်ထားရှိမှုတို့ကို လမ်းတစ်လျှောက်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါလမ်းသည် အရှည် ၂၄မိုင်နှစ် ဖာလုံ၊ ယာဉ်သွားလမ်းအကျယ် ၂၄ပေ ရှိကာအသွား/အပြန် (နှစ်လမ်းမောင်း)ဖြစ်ပြီး ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် လမ်းကွေ့များတွင် Guard Rallများ၊ Guard Post များဆောင်ရွက်ထားရှိကြောင်း သိရသည်။

(သတင်းစဉ်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်စျေးနှုန်း ၁၁-၇-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

ရွှေစျေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၄၇၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၉၇၂၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၈၄၇၀၀၀

စက်သုံးဆီစျေးနှုန်း(တစ်လီတာစျေး) ရန်ကုန်

ဒီဇယ်	၅၅၀ / ၅၇၀ ကျပ်
အောက်တိန်း ၉၂	၅၄၀ / ၅၇၀ ကျပ်
အောက်တိန်း ၉၅	၆၅၀ / ၇၆၀ ကျပ်
ပရီမီယံဒီဇယ်	၅၈၀ / ၆၀၀ ကျပ်

နိုင်ငံတကာသုံး ငွေကြေးပေါက်စျေး (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၁၇၂.၀
ဥရောပ	တစ်ယူရို	၁၂၉၄.၀
စင်ကာပူ	တစ်ဒေါ်လာ	၈၇၀.၁၈
ထိုင်း	တစ်ဘတ်	၃၃.၃၀၅
အိန္ဒိယ	တစ်ရူပီး	၁၇.၄၅၆
တရုတ်	တစ်ယွမ်	၁၇၅.၂၄
မလေးရှား	တစ်ရင်းဂစ်	၂၉၂.၂၇

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ဝံသာနုရက္ခိတတရား

လူမျိုးဆိုသည်မှာ သုခ ဒုက္ခ အတူခံစားကြ၍ နီးနီးစပ်စပ်အကျိုးချင်းထပ်ပြီးလျှင် နှစ်ပရိစ္ဆေဒ ရှည်လျားစွာ တစ်မျိုးတစ်စားတည်းပင်ဟု စိတ်ထားရှိသူတို့ကို တစ်စုတည်းပေါင်း၍ ခေါ်ဝေါ်ခြင်းသာဖြစ်ပေသည်။

အမျိုးအနွယ်၊ ကိုးကွယ်သည့်ဘာသာတရား၊ ပြောဆိုသည့်ဘာသာစကားတို့ကို အလေးထားရမည်ဖြစ်သော်လည်း စင်စစ်မှာ အေးအတူပူအမျှ ကောင်းတူဆိုးဖက် ပူးပေါင်းလျက်နေလိုသော အစဉ်အလာဆန္ဒပေါ်တွင် ဝံသာနုရက္ခိတ တရားသည် တည်နေပေသည်။

(၂-၁-၁၉၄၆၊ အလယ်ပစ္စယံညီလာခံမိန့်ခွန်းမှ)

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဖွဲ့စည်း

နေပြည်တော် ဇူလိုင် ၁၁

နိုင်ငံတော်သမ္မတရုံး၏ ဇူလိုင် ၁၁ ရက်စွဲပါ အမိန့်အမှတ် ၅၀/၂၀၁၆ ဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနကို ဖွဲ့စည်းလိုက်ကြောင်း သိရှိရသည်။

အဆိုပါ အမိန့်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ်၊ ၅၀/၂၀၁၆
၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း ၇ ရက်
(၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်)

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဖွဲ့စည်းခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်စေရေးအတွက် လိုအပ်သောမူဝါဒများချမှတ်ပေးခြင်းနှင့် ဦးဆောင်လမ်းညွှန်မှုပေးခြင်းတို့ ဆောင်ရွက်နိုင်ရန် **"အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (National Reconciliation and Peace Center -NRPC)"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ဒေါ်အောင်ဆန်းစုကြည် — ဥက္ကဋ္ဌ
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်

(ခ) ဦးကျော်တင့်ဆွေ — ဒုတိယဥက္ကဋ္ဌ(၁)
ပြည်ထောင်စုဝန်ကြီး
နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန

(ဂ) ဒေါက်တာတင်မျိုးဝင်း — ဒုတိယဥက္ကဋ္ဌ(၂)
ဥက္ကဋ္ဌ၊ ပြည်ထောင်စုငြိမ်းချမ်းရေး
ညီလာခံ-(၂၁) ရာစုပင်လုံ
အကြိုပြင်ဆင်ရေးကော်မတီ

(ဃ) ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
နယ်စပ်ရေးရာဝန်ကြီးဌာန

(င) နိုင်သက်လွင် — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

(စ) ဦးထွန်းထွန်းဦး — အဖွဲ့ဝင်
ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ဆ) ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် — အဖွဲ့ဝင်
အမှတ်(၂) စစ်ဆင်ရေးအထူးအဖွဲ့မှူး
ကာကွယ်ရေးဝန်ကြီးဌာန

(ဇ) ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင် — အဖွဲ့ဝင်
အမှတ်(၄) စစ်ဆင်ရေးအထူးအဖွဲ့မှူး
ကာကွယ်ရေးဝန်ကြီးဌာန

(ဈ) ဦးခွန်မောင်သောင်း — အဖွဲ့ဝင်
(ပင်လောင်းမဲဆန္ဒနယ်)
ဥက္ကဋ္ဌ၊ တိုင်းရင်းသားရေးရာနှင့်
ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုကော်မတီ
ပြည်သူ့လွှတ်တော်

(ည) ဒေါ်ရှီလာနန်တောင်(ခ) ဒေါ်အမ်နန်တောင် — အဖွဲ့ဝင်
မဲဆန္ဒနယ်အမှတ်(၂)၊ ကချင်ပြည်နယ်
ဥက္ကဋ္ဌ၊ တိုင်းရင်းသားရေးရာကော်မတီ
အမျိုးသားလွှတ်တော်

(ဋ) ဦးခင်မောင်တင် — အတွင်းရေးမှူး
ဒုတိယဝန်ကြီး
နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန

၂။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်အတွက် လိုအပ်သော မူဝါဒများ ချမှတ်ပေးရန်နှင့် ဦးဆောင်လမ်းညွှန်မှုပေးခြင်း၊

(ခ) ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် လိုအပ်သောမူဝါဒများ ချမှတ်ပေးခြင်းနှင့် ဦးဆောင်လမ်းညွှန်မှုပေးခြင်း၊

(ဂ) အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား ကူညီထောက်ပံ့ခြင်းများအတွက် ပြည်တွင်းပြည်ပမှ အလှူရှင်များ ၊ အစိုးရများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းမည့် မူဝါဒများ ချမှတ်ပေးခြင်း၊

(ဃ) အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် လက်နက်ကိုင်အင်အားစုများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအသိုင်းအဝိုင်းနှင့် အကူအညီပေးသော အလှူရှင်အဖွဲ့အစည်းများ၊ နယ်ပယ်အသီးသီးမှ ပြည်တွင်းပြည်ပ တတ်သိပညာရှင်များ၊ ကျွမ်းကျင်သူများ အဆင်ပြေချောမွေ့စွာ ပူးပေါင်းပါဝင်နိုင်ရန် လိုအပ်သော ဦးဆောင်လမ်းညွှန်မှုပေးခြင်း၊

(င) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်လာရေးအတွက် နည်းလမ်းများ ရှာဖွေဖော်ထုတ်ခြင်း၊

(စ) ဗဟိုဌာန၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့် လုပ်ထုံးလုပ်နည်းများနှင့် ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်ခြင်း။

၃။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနသည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် အကြံပေးအဖွဲ့နှင့် အထောက်အကူပြုအဖွဲ့များကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဖွဲ့စည်းခန့်အပ်တာဝန်ပေးနိုင်သည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

သတိပေးနှိုးဆော်ချက်

၂၀၁၆ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင်ကျင်းပပြုလုပ်မည့် (၆၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပမည့် နံနက် ၄ နာရီအချိန်မှ အခမ်းအနားပြီးဆုံးသည်အထိ အနောက်ရွှေဂုံတိုင်လမ်းနှင့် လင့်လမ်းဆုံ၊ ဓမ္မစေတီလမ်းနှင့် အင်းလျားလမ်းဆုံ၊ ဓမ္မစေတီလမ်းနှင့် ဦးဝိစာရလမ်းဆုံ၊ အနောက်ရွှေဂုံတိုင်လမ်းနှင့် ဦးဝိစာရလမ်းဆုံတို့မှ လမ်းလွှဲစနစ်ဆောင်ရွက်မည်ဖြစ်ပြီး အာဇာနည်လမ်း၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်၊ ရွှေတိဂုံဘုရားအနောက်ဘက်မုခ်၊ ရွှေတိဂုံဘုရားတောင်ဘက်မုခ်၊ ရွှေတိဂုံဘုရားမြောက်ဘက်မုခ်(သွေးဆေးကန်)လမ်းတို့ကို ခေတ္တပိတ်ထားမည်ဖြစ်ကြောင်း ကြိုတင်သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

သတိပေးနှိုးဆော်ချက်

၂၀၁၆ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်ကြည့်ရှုသူပြည်သူများ သွားလာမှု အဆင်ပြေစေရေးအတွက် ဗိုလ်ချုပ်ပြတိုက်လမ်းအား နံနက် ၅ နာရီမှ ပြတိုက်ပိတ်ချိန်အထိ မော်တော်ယာဉ်များ သွားလာခွင့်မပြုဘဲ ခေတ္တလမ်းပိတ်ထားမည်ဖြစ်သဖြင့် မော်တော်ယာဉ်များအနေဖြင့် အခြားလမ်းများမှ သွားလာအသုံးပြုကြပါရန် ကြိုတင်သတိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

(၆၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

မန္တလေး ဇူလိုင် ၁၁

(၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၁ ရက် မွန်းလွဲ ၁ နာရီက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဦးစီးကော်မတီနာယက၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အာဇာနည်နေ့အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီများဖြစ်ကြသော အခမ်းအနားပြင်ဆင်ရေးလုပ်ငန်းကော်မတီ၊ သံဃာတော်များဆွမ်းဆက်ကပ်ရေးလုပ်ငန်း ကော်မတီ၊ ဧည့်ခံကျွေးမွေးရေး လုပ်ငန်းကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေးလုပ်ငန်းကော်မတီ၊ သတင်းပြန်ကြားရေးနှင့် မှတ်တမ်းတင်ရေးလုပ်ငန်းကော်မတီ၊ ကျန်းမာရေးလုပ်ငန်းကော်မတီနှင့် လုံခြုံရေးလုပ်ငန်းကော်မတီတို့မှ တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ထားရှိမှုများကို တင်ပြဆွေးနွေးကြရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ဖြည့်စွက်ဆွေးနွေးကြသည်။

"လွတ်လပ်ရေးနေ့၊ ပြည်ထောင်စုနေ့၊ တပ်မတော်နေ့၊ အာဇာနည်နေ့ စတဲ့နေ့တွေဟာ မြန်မာနိုင်ငံ လွတ်လပ်ရေးသမိုင်းမှာ သမိုင်းတွင်တဲ့ နေ့ရက်တွေဖြစ်ပါတယ်။ အာဇာနည်ခေါင်းဆောင်ကြီးတွေဟာ တိုင်းပြည်အတွက် စွန့်လွှတ်အနစ်နာခံပြီး လွတ်လပ်ရေးကြိုးပမ်းဆောင်ရွက်ခဲ့သူတွေ ဖြစ်ကြတယ်။ ဒါကြောင့် အာဇာနည်နေ့အခမ်းအနားကို ကျယ်ကျယ်ပြန့်ပြန့်ကျင်းပချင်ပါတယ်"ဟု အဆိုပါဆွေးနွေးပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် အာဇာနည်နေ့အခမ်းအနားကို ဇူလိုင် ၁၉ ရက် နံနက် ၅ နာရီခွဲတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမ၌ သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။

ထို့နောက် ချမ်းမြသာစည်မြို့နယ်၊ မန္တလာသီရိအားကစားကွင်းရှေ့၌ နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ပြည်သူလူထုနှင့်အတူ တစ်ပြိုင်နက်အလေးပြုသွားမည်ဖြစ်သည့်အပြင် တိုင်းဒေသကြီးအတွင်း ခရိုင်/မြို့နယ်များအလိုက် အာဇာနည်နေ့အခမ်းအနားများကို ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ရဲသွင်

ဒုတိယသမ္မတ ဦးမြင့်ဆွေ ၂၀၁၆ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ဖိတ်ခေါ်စာစီစာကုံး ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ် (သတင်းစဉ်)

✱ *ရှေ့ဖုံးမှ*

ဆက်လက်၍ ဆယ်ကျော်သက်အရွယ် အမျိုးသမီးငယ်များနှင့်စပ်လျဉ်း၍ ရင်းနှီးမြှုပ်နှံရာတွင် ၎င်းတို့၏ ပညာသင်ကြားခွင့်၊ အလုပ်အကိုင် အခွင့်အလမ်း ဖန်တီးပေးနိုင်မှု၊ ကျန်းမာရေး ဝန်ဆောင်မှုနှင့် လူမှုဖူလုံရေးစောင့်ရှောက်မှုများ ပါဝင်ရန် လိုအပ်ကြောင်း၊ ယနေ့ ဆယ်ကျော်သက် အမျိုးသမီးငယ်များ ရင်းနှီးမြှုပ်နှံသင့်သည့် အကြောင်း နှစ်ရပ်ရှိကြောင်း၊ တစ်ချက်မှာ ဆယ်ကျော်သက်အရွယ် လူဦးရေအချိုးအစားဖြစ်ပြီး ဆယ်ကျော်သက်များ ကြုံတွေ့နေရသည့် အခက်အခဲများပင် ဖြစ်ကြောင်း၊ ယနေ့ ကမ္ဘာ့လူဦးရေ ၇ ဒသမ ၄ ဘီလီယံရှိသည့်အနက် ၁ ဒသမ ၂ ဘီလီယံမှာ ဆယ်ကျော်သက်လူငယ်များဖြစ်ကြပြီး အမျိုးသမီးငယ် အရေအတွက်မှာ သန်း ၆၀၀ ခန့် ပါဝင်နေကြောင်း ဒုတိယသမ္မတက ပြောကြားသည်။

ထို့ပြင် ဒုတိယသမ္မတက ဆယ်ကျော်သက် အရေအတွက် လျင်မြန်စွာ တိုးပွားမှု ဖြစ်စဉ်သည် အထူးသဖြင့် ဝင်ငွေနည်းသည့် နိုင်ငံများတွင် ဖြစ်ပေါ်လေ့ရှိကြောင်း၊ ၂၀၁၅ ခုနှစ် စာရင်းများအရ ဆယ်ကျော်သက်အရွယ် အမျိုးသမီးငယ်များ အရေအတွက်သည် ကမ္ဘာပေါ်တွင် သန်း ၆၀၀ ခန့်ရှိပြီး သန်း ၅၀၀ ကျော်မှာ ဖွံ့ဖြိုးဆဲနိုင်ငံများမှဖြစ်ကြောင်း၊ ယင်းနိုင်ငံများသည် ပညာရေးအဆင့်အတန်း နိမ့်ကျသကဲ့သို့ ကျန်းမာရေးစောင့်ရှောက်မှု အားနည်းသည့် နိုင်ငံများဖြစ်ကြောင်း၊ မျိုးဆက်ပွား ကျန်းမာရေးစောင့်ရှောက်မှုများ ရနိုင်ရန်ခဲယဉ်းပြီး အလုပ်အကိုင် အခွင့်အလမ်းနည်းပါးသည့် နိုင်ငံများလည်း ဖြစ်ကြောင်း၊ သို့ဖြစ်၍ ဖွံ့ဖြိုးဆဲနိုင်ငံများသည် ဆယ်ကျော်သက်များအတွက် ပိုမိုအလေးထား ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဆယ်ကျော်သက်အရွယ် အမျိုးသမီးငယ်ဦးရေ များပြားနေသည့် နိုင်ငံများ၌ ၎င်းတို့၏ဘဝကို မြှင့်တင်ပေး၍ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်သည့် ပညာရေး အစီအစဉ်များနှင့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းစဉ်များတွင် မူဝါဒများချမှတ်၍ ရင်းနှီးမြှုပ်နှံရန် အလွန်ပင်အရေးကြီးကြောင်း၊ ယင်းနိုင်ငံများတွင် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေ၍ လူဦးရေဆုလာဘ် ရရှိနေသည်ကိုလည်း သတိပြုမိရန်လိုအပ်ကြောင်း၊ လူဦးရေဆုလာဘ်ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံရှိ အလုပ်လုပ်နိုင်သူက မှီခိုသူအရေအတွက်ထက် များပြားနေသည့် အခြေအနေမျိုးမှာသာ ဖြစ်ပေါ်လေ့ရှိကြောင်း၊ လူဦးရေဆုလာဘ်ကို အကောင်းဆုံးအသုံးပြုနိုင်ရန် ဆိုသည်မှာ စွမ်းဆောင်ရည်၊ ပညာရေး၊ အလုပ်အကိုင် အခွင့်အလမ်း၊ ကုန်ထုတ်အရင်းအမြစ်များတွင် ရင်းနှီးမြှုပ်နှံခြင်းနှင့် စုဆောင်းခြင်းအပေါ် များစွာမူတည်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ဆယ်ကျော်သက်အရွယ် မိန်းကလေးငယ်များ အရွယ်မတိုင်မီ စောစီးစွာ အိမ်ထောင်ပြုခြင်း၊ ကိုယ်ဝန်ဆောင်ခြင်း၊ ကလေးမွေးဖွားခြင်းတို့ကြောင့် နောက်ဆက်တွဲ ဆိုးကျိုးများဖြစ်သည့် သွေးအားနည်းခြင်း၊ လမစေ့မီ မီးဖွားခြင်း၊ အလိုအလျောက် သားပျက်သားလျှောခြင်းနှင့် အသေမွေးဖွားခြင်း၊ မိခင်နှင့်ကလေးသေဆုံးမှုများခြင်း၊ အာဟာရချို့တဲ့မှု စသည့်ကျန်းမာရေးဆိုးကျိုးများကိုလည်း ခံစားရနိုင်သည့်အတွက် ယခုပြဿနာများကို ဖြေရှင်းနိုင်ရေး အလေးထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ဒုတိယသမ္မတက ပြောကြားခဲ့သည်။

ထို့နောက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အချက်အလက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် လူဦးရေဆုလာဘ်ရရှိနေသည့်အချိန်တွင် အမှန်တကယ် ဖွံ့ဖြိုးတိုးတက်မှုများရရှိရန်အတွက် အစိုးရများအနေဖြင့် အခြေအနေနှင့်ကိုက်ညီသည့် မူဝါဒများချမှတ်၍ အရေးကြီးသည့်ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် လိုအပ်ပါကြောင်း။

နိုင်ငံခြားသို့ ရောက်ရှိနေသူအားလုံး၏ ၈၃ ရာခိုင်နှုန်းမှာ အသက် ၁၅ နှစ်မှ ၃၉နှစ်အတွင်းရှိ လူငယ်လူရွယ်များဖြစ်ပြီး အမျိုးသမီး ၄၀ ရာခိုင်နှုန်း ပါဝင်သည်ကို တွေ့ရကြောင်း၊ အမျိုးသမီးငယ်များ တစ်ဖက်နိုင်ငံတွင် အလုပ်လုပ်ကိုင်နေသည့်အတွက် လူကုန်ကူးပညာပေး ကာကွယ်တားဆီးမှုများ၊ မျိုးဆက်ပွား ကျန်းမာရေး အသိပညာပေး အစီအစဉ်များကို လူငယ်များအကြား ပျံ့နှံ့နေရန် အရှိန်မြှင့် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသမီးငယ်များ၏ ပညာရေး ရင်းနှီးမြှုပ်နှံခြင်းသည် ရေရှည်စီးပွားရေးအတွက် ဖြစ်ကြောင်း၊ လူငယ်များ၏ပညာရေးကို မြှင့်တင်ခြင်းဖြင့် ကျွမ်းကျင်သည့် လုပ်သားအင်အားစုကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ အမျိုးသားရေး လှုပ်ရှားမှုအသွင်ဖြင့် တစ်နိုင်ငံလုံးတွင် တစ်ချိန်တည်း တစ်ပြိုင်တည်း ကောက်ယူခဲ့သည့် သန်းခေါင်စာရင်းမှ တိကျမှန်ကန်သည့် အချက်အလက်များကို ဖော်ထုတ်နိုင်ပြီ ဖြစ်ကြောင်း၊ သို့ဖြစ်၍ ယင်းအချက်အလက်များကိုအသုံးပြုပြီး လူဦးရေဆုလာဘ်၏ အသီးအပွင့်များကို ရယူခံစားနိုင်ရန် ဆယ်ကျော်သက်အမျိုးသမီးများအတွက် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ရန်လိုကြောင်းဖြင့် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ဌာနေကိုယ်စားလှယ် Ms. Janet E. Jackson က အမှာစကားပြောကြားပြီး “Investing in Teenage Girls” နှင့် ပတ်သက်သည့် Animation Video Clip ကို ပြသသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ၂၀၁၆ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ဖိတ်ခေါ်စာစီစာကုံး ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယသမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများက ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် မှတ်တမ်းဓာတ်ပုံများအား လှည့်လည်ကြည့်ရှုကြသည်။

၂၀၁၆ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ ဆောင်ပုဒ်မှာ “ဆယ်ကျော်သက် အမျိုးသမီးများ ဘဝမြှင့်တင်ရေး၊ ရင်းနှီးမြှုပ်နှံပံ့ပိုးပေး”ဖြစ်သည်။

(သတင်းစဉ်)

● *ကျောဖုံးမှ*

ချင်းတွင်းတံတား(ကလေးဝ)သည် စစ်ကိုင်းတိုင်းဒေသကြီး ရေဦး-ကလေးဝ လမ်းပေါ်တွင် တည်ရှိပြီး သံမဏိသံပေါင်၊ သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်ကာ တံတားအရှည် ၈၅၄ ဒသမ ၈၈ မီတာ ရှည်လျားသည်။ ယခုအခါ စီမံကိန်းလုပ်ငန်းများ ၇၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ပြီး ၂၀၁၇ ခုနှစ် မတ်လအပြီး ဆောင်ရွက်ရန်လျာထားကြောင်း သိရသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ချင်းပြည်နယ် ဖလမ်းမြို့နယ်ရှိ မဏိပူရရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိကြရာ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့်ထွန်းက မဏိပူရရေလှောင်တမံ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ EIA၊ SIA စူးစမ်းလေ့လာရေးလုပ်ငန်းများကို နိုင်ငံတကာပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကလေးမြို့မြို့နယ်အားကစားရုံရှိ အရေးပေါ်ကူညီကယ်ဆယ်ရေးပစ္စည်းများ ကြည့်ရှုစစ်ဆေးစဉ် (သတင်းစဉ်)

တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက နိုင်ငံတော်နှင့် ဒေသခံပြည်သူများအတွက် အကျိုးရှိစေမည့် စီမံကိန်းဖြစ်ရန်အရေးကြီးကြောင်း၊ လက်ရှိလျာထားသည့် စီမံကိန်းထက် မဏိပူရရေလှောင်တမံအထက်တွင် တမံနှစ်ခု ထပ်မံတည်ဆောက်ပြီး လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၀၀၀ အထိ ထုတ်လုပ်နိုင်ရေး နိုင်ငံတကာပညာရှင်များနှင့် ပူးပေါင်း၍ စူးစမ်းလေ့လာမှုလုပ်ငန်းများကို စနစ်တကျ စီမံဆောင်ရွက်ရန်လိုကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်နိုင်ပါက ရေလှောင်တမံပတ်ဝန်းကျင်ရှိ ဒေသခံပြည်သူများအတွက် စိုက်ပျိုးရေရရှိမည်ဖြစ်ပြီး လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်ကြောင်းပြောကြားပြီး စီမံကိန်းဧရိယာအား ရှုရပ်မှကြည့်ရှုသည်။

မဏိပူရရေလှောင်တမံသည် ဖလမ်းမြို့နယ်ရှိ မဏိပူရမြစ်ပေါ်တွင် တည်ရှိပြီး စီမံကိန်းလုပ်ငန်းအားလုံး၏ ၁၉ ဒသမ ၅၇ ရာခိုင်နှုန်းပြီးစီးပြီဖြစ်သည်။ စီမံကိန်း ပြီးစီးပါက ရေသောက်ဧရိယာဧက ၈၀၀၀၀ အား ဆည်ရေပေးဝေနိုင်ရန် ရည်ရွယ်ထားပြီး လက်ရှိတွင် ဆည်ရေသောက်ဧရိယာ ၄၃၀၅ ဧကကို ရေပေးဝေလျက်ရှိသည်။

မွန်းလွဲပိုင်းတွင် ကလေးမြို့ မြောက်စည်းကျေးရွာ ကမ်းပါးပြိုမှုကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံများအား ရင်းရင်းနှီးနှီး တွေ့ဆုံကာ ပညာရေး၊ ကျန်းမာရေး အခြေအနေများကို မေးမြန်းသည်။

ယင်းနောက် ကလေးမြို့အောင်ဇေယျာရပ်ကွက်ရှိ မြို့နယ်အားကစားရုံသို့ သွားရောက်၍ သဘာဝဘေးအန္တရာယ်ကျရောက်ပါက အသုံးပြုနိုင်ရန် ကြိုတင်စုဆောင်းထားသည့် လှူသုံးကုန်ပစ္စည်းများ၊ မိုးကာတဲများနှင့် အရေးပေါ်ကူညီကယ်ဆယ်ရေးလေှများကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယသမ္မတက ပစ္စည်းများ အလေအလွင့်မရှိစေရန်နှင့် စနစ်တကျထားရှိရန် မှာကြားသည်။

ထို့ပြင် ခရီးစဉ်အတွင်း ကလေးမြို့ရှိ ပြည်သူ့ဆေးရုံကြီး၊ သူနာပြုကျောင်းနှင့် တာဟန်းကျေးလက်ကျန်းမာရေးဌာနများ၏ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ကလေးမြို့တပ်နယ်ခန်းမ၌ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံပြီး ဒေသခံများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့သည်။ **(သတင်းစဉ်)**

မုတ်သုံလေ အားကောင်းနေ

နေပြည်တော် ဇူလိုင် ၁၁

နေပြည်တော်နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်မည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံ လေအားအသင့်အတင့်မှ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ **(မိုး/ဇလ)**

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ပြည်သူလူထုသည်သာ အဓိကအခရာဖြစ် ပြည်သူများအနေဖြင့် ဘက်ပေါင်းစုံမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြ

ကျုံပျော် ဇူလိုင် ၁၁

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့သို့ ရောက်ရှိနေသော ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် မန်းဂျော်နီနှင့်အတူ ယမန်နေ့ နံနက် ၉ နာရီက ကျုံပျော်မြို့ ရောမင်းခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မိမိတို့နိုင်ငံတွင် ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးလျက်ရှိရာ နိုင်ငံကို ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာတို့ဖြင့် ပိုင်းခြားခွဲဝေကျင့်သုံးလျက်ရှိပြီး လွှတ်တော်အနေဖြင့် ဥပဒေပြုရေးအာဏာကို ကျင့်သုံးလျက်ရှိပါကြောင်း၊ အမျိုးသားလွှတ်တော် ဒုတိယအကြိမ် ပထမပုံမှန်အစည်းအဝေးကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့က စတင်ကျင်းပပြီး ပထမဦးစွာ လွှတ်တော်အမြဲတမ်းကော်မတီ လေးခုကို အဖွဲ့ဝင် ၁၅ ဦးစီဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း၊ ထို့နောက် ပြည်သူ့ရေးရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရန် ရေးရာကော်မတီ ၁၂ ခုကို ထပ်မံဖွဲ့စည်းခဲ့ပါကြောင်း၊ ထိုသို့ ဖွဲ့စည်းရာတွင် အမျိုးသားရင်ကြားစေ့ရေးကို အဓိကထား ရွေးချယ်ဖွဲ့စည်းခဲ့ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ လွှတ်တော်တွင် ဖွဲ့စည်းထားသည့် ရေးရာကော်မတီများတွင် ပြည်သူတို့၏ တိုင်ကြားစာကော်မတီပါရှိနေသည့်အတွက် ပြည်သူများအနေဖြင့် မိမိတို့၏ နစ်နာဆုံးရှုံးမှုများကို အဆိုပါ တိုင်ကြားစာကော်မတီသို့ တိုင်ကြားနိုင်ပြီး မိမိထံသို့လည်း တိုက်ရိုက်ဆက်သွယ်တိုင်ကြားနိုင်ပါကြောင်း၊ တိုင်ကြားသည့် အချက်အလက်များသည် မှန်ကန်ရန်လိုအပ်ပါကြောင်း၊ ပြန်လည်ဆက်သွယ်နိုင်မည့် ဖုန်းနံပါတ်များကိုလည်း ထည့်သွင်းတိုင်ကြားစေလိုပါကြောင်း၊ သို့မှသာ ပြည်သူ့အတွက် လွှတ်တော်၏ ဆောင်ရွက်ပေးနေမှုများကို ပြည်သူများထံ ပြန်လည်အကြောင်းပြန်ကြားနိုင်မည်ဖြစ်ပါကြောင်း၊ ပြည်သူလူထု၏ သဘောထားဆန္ဒများကို တရားဥပဒေနှင့်အညီ ဖြည့်ဆည်းပေးနိုင်ရန် လွှတ်တော် ကိုယ်စားလှယ်များတွင် တာဝန်ရှိပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကိုလည်း လွှတ်တော်ကိုယ်စားလှယ်များနှင့် ဆွေးနွေးညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သို့မှသာ လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်တွင် ပြည်သူ့အတွက် အရေးဆို ဆောင်ရွက်နိုင်ကြမည်ဖြစ်ပါကြောင်း ပြည်ထောင်စုလွှတ်တော်နာယက က ပြောကြားသည်။

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ် (သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော် နာယကက ဆက်လက်ပြောကြားရာတွင် ပြည်သူ့အကျိုး ဖြစ်ထွန်းရေးအတွက် ပြင်ဆင်ပယ်ဖျက်သင့်သည့် ဥပဒေများကို ပြင်ဆင်ပယ်ဖျက်ခြင်း၊ အသစ်ပြဋ္ဌာန်းသင့်သည့် ဥပဒေများကို အသစ်ပြဋ္ဌာန်းခြင်းတို့ကို ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ အခုရေတွင်းတူး အခုရေကြည်သောက်ဆိုသကဲ့သို့ မဖြစ်နိုင်သေးသော်ငြား စိတ်ရှည်သည်းခံကြရန် ပြောကြားလိုပါကြောင်း၊ နိုင်ငံတွင် ငြိမ်းချမ်းရေးသည် အဓိကလိုအပ်လျက် ရှိနေပါကြောင်း၊ ငြိမ်းချမ်းမှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုလုပ်ဆောင်နိုင်မည်ဖြစ်ပါကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ပြည်သူလူထုသည်သာ အဓိကအခရာ ဖြစ်ပါကြောင်း၊ ထို့ကြောင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ပြည်သူများအနေဖြင့်လည်း ဘက်ပေါင်းစုံမှ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြပါရန်၊ ကိုယ်ကျိုးမဖက် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမန်းဂျော်နီက ဧရာဝတီတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို မေးမြန်းကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် မေးမြန်းရှင်းလင်းဖြေကြားချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် နာယက က ဖြည့်စွက်ရှင်းလင်းကာ လွှတ်တော်၏ ဆောင်ရွက်နေမှုများကို လာရောက်လေ့လာကြပါရန် ဖိတ်ခေါ်လိုပါကြောင်း ပြောကြားပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့သည် ရေကြည်မြို့ ရေကြည်ခန်းမ၌ နိုင်ငံရေးပါတီများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖ ဒေသခံပြည်သူများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

လွှတ်တော်အတွင်း မေးခွန်းနှင့်အဆိုများ တင်သွင်းရာတွင် အခြေအနေအချိန်အခါနှင့် ကိုက်ညီသင့်

နေပြည်တော် ဇူလိုင် ၁၁

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ယနေ့နံနက် ၁၀ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်အဆောက်အအုံ အစည်းအဝေးခန်းမ၌ လွှတ်တော်ကိုယ်စားလှယ်များအား တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က မေးခွန်းများမေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ဆိုင်ရာ နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့် စည်းကမ်းချက်များ၊ ကန့်သတ်ချက်များနှင့် ညီညွတ်ရန်လိုကြောင်း၊ လွှတ်တော်အတွင်း မေးခွန်းနှင့်အဆိုများ တင်သွင်းရာတွင် အခြေအနေအချိန်အခါနှင့်လည်း ကိုက်ညီသင့်ကြောင်း၊ ဥပဒေကြမ်းများ တင်သွင်းမည်ဆိုပါကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဇယားနှင့် ကိုက်ညီမှု ရှိ မရှိ၊ နိုင်ငံတော်အစိုးရ၏ မူဝါဒများနှင့် ဆီလျော်မှု ရှိ မရှိ၊ နိုင်ငံတော်နှင့် နိုင်ငံသူ၊ နိုင်ငံသားအားလုံးအတွက် ဟုတ် မဟုတ် လေ့လာစိစစ်ရန်လိုအပ်ကြောင်း၊ လွှတ်တော်အတွင်း ဆွေးနွေးကြရာတွင် အချက်အလက်များ၊ အထောက်အထားများ မှန်ကန်စွာဖြင့် အပြုသဘောဆောင်၍ အကြံပြုဆွေးနွေးရန် လိုကြောင်း၊ အကြောင်းအရာနှင့်သက်ဆိုင်သည့် ဆွေးနွေးမှုများဖြစ်ရန် အရေးကြီးကြောင်း ပြောကြားသည်။

ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မဲဆန္ဒရှင်များကို လွှတ်တော်အတွေ့အကြုံ ရှင်းလင်းခြင်း၊ မဲဆန္ဒရှင်များ၏ သဘောထားများကို လွှတ်တော်သို့တင်ပြခြင်း စသည့်တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြု၍ ကိုယ်ကျိုးရှာမှု၊ လာဘ်ပေးလာဘ်ယူမှု၊ ခြိမ်းခြောက်မှုများကို အထူးရှောင်ကြဉ်ရန်လိုကြောင်း၊ ပြည်သူလူထုနှင့် ပြောဆိုဆက်ဆံရာတွင် ပြည်သူသာအမိ၊ ပြည်သူသာအဖဆိုသည်ကို မမေ့လျော့ကြရန် လိုကြောင်း၊ ရပိုင်ခွင့်နှင့် အခွင့်အရေးများကို သုံးစွဲရာတွင် မရှိမဖြစ်လိုအပ်ချက်ထက် ပိုမိုမသုံးစွဲကြရန်လိုကြောင်း၊ တာဝန်ယူချိန်ကာလတွင် တိုင်းပြည်အတွက် အကောင်းဆုံး လုပ်ပေးခြင်းသည် သမိုင်းတွင်မှန်မြတ်သည့် တာဝန်ယူမှုအဖြစ် ထင်ကျန်ရစ်မည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြောကြားခဲ့သည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များက ဥပဒေကြမ်းတင်သွင်းခြင်း၊ ဒေသဖွံ့ဖြိုးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို မေးမြန်းကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ရှင်းလင်းပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

(သတင်းစဉ်)

■ *ကျောဖုံးမှ*

ဂိုးမသွင်းနိုင်၍ အချိန်ပို မိနစ် ၃၀ ထပ်မံကစားခဲ့ရာ ပွဲချိန် ၁၀၉ မိနစ်တွင် လူစားဝင်လာသော တိုက်စစ်မှူး အီဒါက ၁၈ ကိုက်စည်းအပြင်ဘက်မှ ပေါ်တူဂီအတွက် တန်ဖိုးရှိသောအနိုင်ဂိုးကို သွင်းယူပေးခဲ့သည်။

ပေါ်တူဂီအသင်းသည် အုပ်စုပွဲမှစ၍ မထင်မှတ်ထားဘဲ ဗိုလ်လုပွဲသို့ တက်ရောက်လာပြီး ကံတရားနှင့် ကြိုးစားအားထုတ်မှု ပေါင်းစည်းကာ ရေပန်းစားနေသည့် အိမ်ရှင်ပြင်သစ်ကို အနိုင်ကစား၍ ယူရိုဖလားရယူနိုင်ခဲ့သလို ၄၁ နှစ်အတွင်း ပြင်သစ်ကို ပထမဆုံး အနိုင်ရရှိခြင်းဖြစ်သည်။

ပေါ်တူဂီအသင်းခေါင်းဆောင် စီရော်နယ်ဒိုသည် ယူရို ၂၀၁၆ ဖလားရရှိခြင်းမှာ ၎င်း၏ နိုင်ငံအသင်းနှင့်အတူ ပထမဆုံး ဖလားရရှိခြင်းဖြစ်သည်။

ပြင်သစ်သည် အချိန်ပိုတွင် ပေါ်တူဂီကို တစ်ဂိုး- ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ဥရောပချန်ပီယံရှစ်ပြိုင်ပွဲတွင် တကယ့်အခွင့်အရေးကောင်းကြီးကို လက်လွှတ်ဆုံးရှုံးခဲ့ရကြောင်း ပြင်သစ်နည်းပြ ဒီဒီယာဒက်ချမ့်က ပြောခဲ့သည်။

ယူရို ၂၀၁၆ ပြိုင်ပွဲတွင် အကောင်းဆုံး ကစားသမားဆုကို ပေါ်တူဂီနောက်တန်းကစားသမား ပီပီ ရရှိပြီး ဂိုးသွင်းအများဆုံးရွှေဖိနပ်ဆုကို ပြင်သစ်တိုက်စစ်မှူး ဂရေ့စ်မန်းက သွင်းဂိုးခြောက်ဂိုးဖြင့် ရရှိခဲ့သည်။ ငွေဖိနပ်ဆုကို စီရော်နယ်ဒို၊ ကြေးဖိနပ်ဆုကို ဂရိဇ်မန်းတို့က ရရှိသည်။ အကောင်းဆုံး လူငယ်ကစားသမားဆုကို ပေါ်တူဂီကွင်းလယ်ကစားသမား ရီနာတိုဆန်းချက်စ်က ရရှိခဲ့သည်။

ယခု ယူရိုပြိုင်ပွဲတွင် အကောင်းဆုံးကစားသမားများအဖြစ် ဂိုး အယ်လိုရစ်၊ ဘိုတန်၊ ဘိုနူချီ၊ ဟက်ချာ၊ ဂါရက်ဘေးလ်၊ ရမ်ဆေး၊ ပေါ့ဂ်ဘာ၊ ပါယက်၊ ဂရေ့စ်မန်းနှင့် စီရော်နယ်ဒိုတို့ကို ရွေးချယ်ခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံမှုကြီး ကိုယ်တွေ့မျက်မြင်ခံစားချက်မှတ်တမ်း

ဟံသာဝတီ - ဦးအုန်းကြိုင် B.A,Dip.in Journalism
မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ဝါရင့်သတင်းစာဆရာကြီး

မှတ်သုံနိုးသည် -
ဆယ့်ကိုးဇူလိုင်၊ မမေ့နိုင်ခဲ့
မခိုင်စိတ်ဝမ်း ၊ မလန်းဘဝင်
မရွှင်နှလုံး၊ ကြိမ်မီးအုံးသို့
ညှိုးချုံးပူဆွေး၊ မမေ့သေးခဲ့
အရေးခုတိုင်၊ ကြုံဆိုင်ရဆဲ
နေမိခဲ့ရှင့်......။ ။

"ပျောက်သောသူရှာလျှင်တွေ့၊ သေသောသူကြာလျှင်မေ့" မြန်မာတို့ပြောနေကျ ဆိုရိုးစကားဖြစ်သည်။ ယေဘုယျမှန်သောစကား ဖြစ်လင့်ကစား၊ လွန်ခဲ့သည့် ၆၉ နှစ်က အလွန်အရုပ်ဆိုးအကျည်းတန် မိုက်မိုက်ကန်းကန်းဖြစ်ပျက်ခဲ့သည့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အပေါင်းပါအာဇာနည်ခေါင်းဆောင်ကြီးများအား မြန်မာ့သမိုင်းတစ်လျှောက် ဘယ်လိုမှမေ့ဖျောက်ပစ်၍မရနိုင်သည့် နိုင်ငံတော် လုပ်ကြံမှုကြီးကိုကား မိမိသေသည်အထိ အမှတ်ထင်ထင် ဆင်ခြင်မှန်းဆ သတိတရရှိနေမည်ဖြစ်ပါသည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့က တစ်တိုင်းပြည်လုံး ကြိမ်မီးအုံးပမာ ညှိုးချုံးပူဆွေး ငိုကြွေးခဲ့ကြသည့် ဖြစ်ရပ်ဆိုးကြီးနှင့်တကွ ထိုနေ့ရက်မတိုင်မီ တစ်လမျှအတွင်း ဖြစ်ပျက်ခဲ့ပါသောဖြစ်ရပ်များကို အနီးကပ်လေ့လာထောက်လှမ်းသိရှိခဲ့ရသူ မိမိအဖို့ မမေ့ရက်နိုင်ရုံမျှမက အလွန်ခံပြင်းစွာနာကြည်းကြေကွဲ လှိုက်လှိုက်လှဲလှဲ ယူကြုံးမရဖြစ်ရခြင်း၊ ဝမ်းနည်းပူဆွေးရခြင်းစသည့် စိတ်လှိုင်းရိုက်ခတ်မှုဒဏ်ကို နှစ်စဉ်ဆိုသလို ဇူလိုင်လကျရောက်တိုင်း ခံစားနေရပါသည်။

ဗိုလ်ချုပ်နှင့်သတင်းစာဆရာများ

ဗိုလ်ချုပ်သည် မိမိတို့သတင်းစာသမားတွေကို ခင်သည်။ မိမိတို့ကလည်း ဗိုလ်ချုပ်အပေါ်တွင် ယုံကြည်စိတ်ကဲသော ခင်မင်မှုဖြင့် ချစ်ကြသည်။ လွတ်လပ်ရေးတိုက်ပွဲ အပြင်းထန်ဆုံးသော ၁၉၄၅-၁၉၄၆ ကာလတစ်လျှောက် ဗိုလ်ချုပ်သွားလေရာရာ ပြည်တွင်းခရီးစဉ်များတွင် မိမိတို့သတင်းစာသမားများ လိုက်ပါကြစမြဲ။ မိမိတို့မလိုက်ပါရသည့် အခါများတွင် ပြန်ရောက်လာသည်နှင့် အချိန်အခါမဆိုင်းဘဲ သတင်းစာရှင်းလင်းပွဲခေါ်ယူပြီး ဗိုလ်ချုပ်ကိုယ်တိုင်ရှင်းပြစမြဲဖြစ်သည်။

ပြက္ခဒိန်တစ်ခုလုံး သွေးစွန်းသွားသော ဇူလိုင် ၁၉ ရက်စနေနေ့

ထိုနေ့နံနက် ၁၀ နာရီခန့်က ရန်ကုန်မြို့အတွင်းဝန်များရုံး ဗိုလ်ချုပ်အောင်ဆန်း၏ ဝန်ကြီးဌာနအစည်းအဝေးခန်းတွင် အမှုဆောင်ကောင်စီဝန်ကြီးများ အစည်းအဝေးရှိသည်။ ဗိုလ်ချုပ်နှင့်ကက်ဘိနက်ဝန်ကြီးများ တက်ရောက်ကြမည်ဖြစ်သည်။ ထိုအစည်းအဝေးနှင့်ကပ်လျက် အခန်းတွင် မိမိတို့ သတင်းထောက်တစ်စု အစည်းအဝေးသတင်းယူကြရန် ကြိုတင်ရောက်ရှိနေကြသည်။ မိမိမှတ်မိသလောက် သတင်းထောက် လေး၊ ငါးယောက်လောက်ရှိမည်။ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် အစည်းအဝေးကလည်း မပြီးသေး၊ မိမိမှာလည်း အစာမစားခဲ့ရသဖြင့် ရုံးပေါ်မှဆင်းလာခဲ့ပြီး ဖရေဇာလမ်းနှင့် စပတ်လမ်းထောင့် သူရိယသတင်းစာတိုက်နှင့် မျက်နှာချင်းဆိုင်ရှိ မကြီးလက်ဖက်ရည်ဆိုင်တွင် မုန့်ဟင်းခါးစားနေခိုက် ခေါင်မိုးတစ်ခုပေါ်မှ မျက်နှာကြက်အချပ်များ အစုလိုက်အပြုံလိုက် ပြိုကျလာသံလို၊ ဝေါခနဲ ဝေါခနဲအသံများကို ဆူညံစွာကြားလိုက်ရ၍ စပတ်လမ်း လမ်းဆုံဘက်သို့ လှမ်းကြည့်လိုက်သည်တွင် အတွင်းဝန်များရုံးဘက်မှ လူအုပ်ကြီးတစ်အုပ်က "ဗိုလ်ချုပ်တို့သေကုန်ကြပြီ၊ သေကုန်ကြပြီ" ဟု အော်ဟစ်ပြီး ပြေးထွက်လာသည်ကိုတွေ့လိုက်ရ၍ ကျသင့်ငွေကိုရှင်းပေးပြီး မိမိလည်း အတွင်းဝန်ရုံးဝင်းအတွင်း အနောက်ဘက်ပေါက်မှ ထွက်ပြေးလာနေသော လူအုပ်နှင့် ဆန့်ကျင်ဘက်အတွင်းသို့ ပြေးဝင်ခဲ့မိလေသည်။

ရင်ဆို့ဖွယ်မြင်ကွင်း

ရုံးပေါ်သို့တက်ရန် လှေကားများရှိရာ ဗဟိုဆင်ဝင်အောက်သို့အရောက်တွင် ရဲချုပ်ဦးထွန်းလှအောင်နှင့် တာဝန်ရှိသူအစိုးရအရာရှိကြီးများက ကျဆုံးသွားကြသောခေါင်းဆောင်ကြီးများ၏အလောင်းများကို ထိုလှေကားပေါ်မှ ထမ်းစင်များဖြင့် သယ်ယူချလာသည်ကို တွေ့လိုက်ရသည်နှင့် မပြောပြနိုင်လောက်သောခံစားချက်တစ်ရပ်သည် မိမိ၏ ရင်ဝယ် ဆောင့်တက်သွားလေသည်။

မိမိဦးစွာ တွေ့မြင်လိုက်ရသူမှာ မိုင်းပွန်စော်ဘွားကြီးစဝ်စံထွန်းဖြစ်နေသည်။ မသေသေး၊ လှုပ်ရှားညည်းညူနေဆဲတွေ့လိုက်ရသည်။ နောက်ဆုံးသယ်ယူလာသူမှာ ဗိုလ်ချုပ်အောင်ဆန်းဖြစ်သည်။ မသေသေးဟုထင်နေကြသော်လည်း မကြည့်ရက်၊ မမြင်ရက်လောက်အောင် သွေးသံရဲရဲ ရွှဲရွှဲစိုနေချေပြီ။

ဗိုလ်ချုပ်အသက်ရှင်ရန် ဆုတောင်းကြပုံ

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ခေါင်းဆောင်ကြီးအချို့တို့မှာ ထိုနေ့နံနက် ၁၀ နာရီ မိနစ် ၃၀ ခန့်အချိန်တွင် ဆန်ကောလောက်မှ ဇောက်မနက် အကြံပက်စက်သည့် မသမာသူတစ်စုတို့၏လက်ချက်ဖြင့် ကျဆုံးသွားကြရရှာလေပြီ။ မိမိသည် မျက်ရည်လည်ရွဲလျက် ခတ်ပုံရိုက်ရန် ကင်မရာကိုဆွဲလျက် ရန်ကုန်ဆေးရုံကြီးဆီသို့ အပြေးအလွှား ရောက်သွားပါတော့သည်။ ရန်ကုန်ဆေးရုံကြီး ရင်ခွဲရုံတွင်ကား လူအများ ကြိတ်ကြိတ်တိုးဝိုင်းအုံကြည့်ရှုလျက် မျက်ရည်ဖြိုင်ဖြိုင်ကျကာ ဗိုလ်ချုပ်အသက်ရှင်သန်ရန် မေတ္တာပို့ဆုတောင်းနေကြလေသည်။ ငိုသူတို့လည်း ငိုနေကြလေပြီ။

သို့သော် ဗိုလ်ချုပ်နှင့်အစိုးရအဖွဲ့ဝင် ဝန်ကြီးခုနစ်ဦး၊ အတွင်းဝန် ဦးအုန်းမောင်၊ဝန်ကြီး ဦးရာဇတ်၏သက်တော်စောင့် ကိုထွေး ပေါင်း ကိုးဦးတို့ကား ဆုံးရှုံးကွယ်လွန်ကြရရှာလေပြီ။

ကျဆုံးကြရသော ခေါင်းဆောင်ကြီးများ

(၁)ဗိုလ်ချုပ်အောင်ဆန်း (ခ)ဗိုလ်တေဇ (၃၂နှစ်) မြန်မာ့လွတ်လပ်ရေး အမျိုးသားရေးလှုပ်ရှားမှု ခေါင်းဆောင်ကြီး၊ ဘုရင်ခံအမှုဆောင်ကောင်စီ၏ ဒုတိယသဘာပတိ သို့မဟုတ် လွတ်လပ်ရေးမရမီ ဗြိတိသျှ မြန်မာနိုင်ငံ အစိုးရဝန်ကြီးချုပ်၊ ထို့အပြင် ၎င်းအစိုးရအဖွဲ့၏ ကာကွယ်ရေးနှင့်နိုင်ငံခြားရေးဌာနဝန်ကြီး။ ကျည်ဆန် ၁၃ ချက်သင့်သော ဒဏ်ရာများဖြင့် နေရာတွင်ပင် သေဆုံးရသည်။

(၂)ဒီးဒုတ်ဦးဘချို (၅၄နှစ်)၊ သတင်းစာဆရာ၊ စာရေးဆရာနှင့် ဒီးဒုတ်ဂျာနယ် အယ်ဒီတာ၊ ပြန်ကြားရေးဌာနဝန်ကြီး၊

> **ထိုနေ့က မြန်မာနိုင်ငံဒေသအနှံ့သာမက ကမ္ဘာ့နိုင်ငံအသီးသီးတွင်လည်း တုန်လှုပ်ချောက်ချားသွားကြလေသည်။ ရန်ကုန်မြို့အနှံ့ လူအုပ်လူစုလူဝေးကြီးများ မည်သည့်အလုပ်မျှ မလုပ်နိုင်ကြဘဲ အုန်းအုန်းကျွက်ကျွက် ဆူပွက်ငိုကြွေးကြလျက် ပျားပန်းခပ်လှုပ်ရှားနေကြလေ၏။ ထိုအဖြစ်အပျက်ဆိုးကြီးကို မြန်မာသာမက ကမ္ဘာကပါ ယနေ့ ၆၉ နှစ်ထိတိုင်အောင် သတိတရအမှတ်ပြုနေကြဆဲဖြစ်**

သူ့အသက်အရွယ်နှင့်ဦးနှောက်ထဲဝင်သွားသော ကျည်ဆန်အပါအဝင် ကျည်ဆန်ငါးချက် ထိမှန်ရရှိသည့်တိုင် ထိုနေ့နေ့လယ်ပိုင်းအထိ ရန်ကုန်ဆေးရုံကြီးတွင် အသက်ရှင် ကုသခံယူနေဆဲဖြစ်သည်။

(၃)သခင်မြ (၄၉ နှစ်)၊ လူငယ်ခေါင်းဆောင်များကြားတွင် အသက်အရွယ်ကြီးရင့်သော နိုင်ငံ့ခေါင်းဆောင်၊ ဘဏ္ဍာရေးဝန်ကြီး။ အဆုတ်ကို ဖောက်ထွင်းထားသော ဒဏ်ရာဖြင့် နေရာတွင်ပင် ကျဆုံးသည်။

(၄)ဦးအဗ္ဗဒူရာဇတ်(၄၉ နှစ်)၊ မန္တလေးမြို့အမျိုးသား ပညာရေးခေါင်းဆောင်၊ ပညာရေးနှင့် အမျိုးသားစီမံကိန်းဝန်ကြီး။ ဒဏ်ရာခြောက်ချက်ရရှိပြီး နေရာတွင်ပင် ကျဆုံးသည်။

(၅)ဦးဘဝင်း (၄၆နှစ်)၊ဗိုလ်ချုပ်ဆောင်ဆန်း၏ အစ်ကို၊ ကူးသန်းရောင်းဝယ်ရေးနှင့် ထောက်ပံ့ရေးဌာနဝန်ကြီး။ ကျည်ဆန်ဒဏ်ရာ ရှစ်ချက်ဖြင့် နေရာတွင်ပင် ကျဆုံးသည်။

(၆)မန်းဘခိုင် (၄၃ နှစ်)၊ ဟသ်ာတမှ ကရင်အမျိုးသားများ ခေါင်းဆောင်တစ်ဦးဖြစ်ပြီး ဖက်ဆစ်ဂျပန်တော်လှန်ရေးတွင် ရှုပ်ရှုပ်ချွံချွံပါဝင်ခဲ့သည်။ စက်မှုလက်မှုဌာနနှင့် အလုပ်သမားဌာနဝန်ကြီး။ ကျည်ဆန် ၁၅ ချက် ထိမှန်ခဲ့သည်။ နေရာတွင်ပင် ကျဆုံးသည်။

(၇) စဝ်စံထွန်း (၄၀ နှစ်)၊ ရှမ်းပြည်နယ်မှ မိုင်းပွန်စော်ဘွားကြီး၊ နယ်ခြားဒေသဆိုင်ရာ အတိုင်ပင်ခံဝန်ကြီး၊ ဦးခေါင်းတွင် ဒဏ်ရာနှစ်ချက်ရရှိပြီး ရန်ကုန်ဆေးရုံကြီး၌ ကုသမှုခံယူနေစဉ် အခင်းဖြစ်ပြီး နောက်တစ်နေ့ ဇူလိုင် ၂၀ ရက် မွန်းတည့်ချိန်တွင် ကွယ်လွန်သည်။

(၈) ဦးအုန်းမောင် (I.C.S) (၃၄ နှစ်)၊ သယ်ယူပို့ဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယအတွင်းဝန် စီမံကိန်း အစီရင်ခံစာ လာရောက်တင်ပြနေစဉ် နေရာတွင်ပင် ကျဆုံးသည်။

(၉) ကိုထွေး(၁၈ နှစ်)၊ ဝန်ကြီးဦးရာဇတ်၏ သက်တော်စောင့်၊ မန္တလေးတောင်ပြင်၊ သိပ္ပံရပ်မှ လူငယ်တစ်ဦးဖြစ်သည်။ အစည်းအဝေးခန်းမှ သေနတ်ပစ်ခတ်သံများ ကြားရသဖြင့် အနီးရှိ ရုံးခန်းအတွင်းမှ ထွက်ပြေးလာစဉ် ရုံးအပေါ်ထပ် Corridor စင်္ကြံတွင် လူသတ်သမားများ၏ ပစ်ခတ်ခြင်းခံရသည်။ ဒဏ်ရာ လေးချက်ရရှိပြီး ဆေးရုံရောက်မှ သေဆုံးသည်။

ကမ္ဘာတစ်ဝန်းတွင် တုန်လှုပ်သွားသောနေ့

ထိုနေ့က မြန်မာနိုင်ငံဒေသအနှံ့သာမက ကမ္ဘာ့နိုင်ငံအသီးသီးတွင်လည်း တုန်လှုပ်ချောက်ချားသွားကြလေသည်။ ရန်ကုန်မြို့အနှံ့ လူအုပ် လူစုလူဝေးကြီးများ မည်သည့်အလုပ်မျှ မလုပ်နိုင်ကြဘဲ အုန်းအုန်းကျွက်ကျွက် ဆူပွက်ငိုကြွေးကြလျက် ပျားပန်းခပ်လှုပ်ရှားနေကြလေ၏။ ထိုအဖြစ်အပျက်ဆိုးကြီးကို မြန်မာသာမက ကမ္ဘာကပါ ယနေ့ ၆၉ နှစ်ထိတိုင်အောင် သတိတရအမှတ်ပြုနေကြဆဲ ဖြစ်သည်။

ယင်းအဖြစ်ဆိုးအတွက် အကြောင်းရင်းကိုစရလျှင် ဂဠုန်ဦးစောကဖြစ်သည်။ ဦးစော၏ လုပ်ရပ်မှာ ထိုစဉ်က မြန်မာပြည်ကို အုပ်ချုပ်နေကြသော ဗြိတိသျှအရာရှိကြီးများပါ တုန်လှုပ်ချောက်ချားသွားခဲ့ကြသည်။ ပြီးခဲ့သည့် ဇွန်လ ၂၄ ရက်က ဗိုလ်တထောင် B.O.D ခေါ် British Army Ordinance Deport ဗြိတိသျှစစ်လက်နက်ပစ္စည်း သိုလှောင်ရေးတပ်မှ ဘရင်းဂန်းအလက် ၂၀၀၊ ပြောင်းပို ၂၀၀၊ ဘရင်းဂန်းမဂ္ဂဇင်းကျည်ကတ် ၈၀၀၊ ရိုင်ဖယ်သေနတ်များ၊ ဒသမ ၃၀၁ ကျည်ဆန်အမြောက်အမြား၊ ပစ္စတိုသေနတ်၊ ခြောက်လုံးပြူး သေနတ်များ၊ လက်ပစ်ဗုံးများကို ထုတ်ယူသွားကြကြောင်း၊ ဇူလိုင်လ ၁၅ ရက်နေ့ထုတ် သတင်းစာအချို့တွင် ဖော်ပြပါရှိခဲ့သည်။ ထုတ်ယူသွားသော လက်နက်များမှာ လော်လီကား သုံးစီးတိုက်စာမျှ ဖြစ်သည်။

ဦးစောကိုယ်တိုင်ပါဝင်ခဲ့ပုံ

ဂဠုန်ဦးစောသည် ထိုလက်နက်များ ထုတ်ယူသွားရာ၌ ရှမ်းဘောင်းဘီ၊ နေကာမျက်မှန်အနက်၊ ဆွယ်တာလက်ပြတ်ဝတ်စားထားပြီး ထုတ်ယူသွားသော ကားတစ်စီး၏ရှေ့ခန်း၊ မောင်းသူ၏ ဘေးဘက်ခုံတွင် ထိုင်လျက်လိုက်ပါသွားကြောင်းဖြင့် ဦးစောတို့လူစု Coup De' tat လက်နက်ဖြင့် အာဏာသိမ်းရန် ကြံစည်လျက်ရှိနေပြီဖြစ်ကြောင်းဖြင့် ဗမာ့ခေတ်သတင်းစာက ဖော်ပြခဲ့သည်။

ထိုသတင်းကို ဖဆပလအဖွဲ့ချုပ်ခေါင်းဆောင် ဦးဗဆွေနှင့် ဝန်ကြီး ဦးဗဂျမ်းတို့က ဗိုလ်ချုပ်ကို ပထမဆုံးပြောပြကြသည်။ ဗိုလ်ချုပ်က ခါးခါးသီးသီးငြင်းပယ်ခဲ့သည်။

"ကိုဗဆွေ၊ ခင်ဗျားသတင်းမှားနေပြီထင်တယ်။ မဟုတ်နိုင်လောက်ပါဘူးဗျာ..."ဟု ဗိုလ်ချုပ်က ငြင်းဆိုသည်။ ဗိုလ်ချုပ်၏ခေါင်းမာမှုကြောင့် ဆက်လက်မငြင်းကြတော့ဘဲနေကြသည်။ မိမိတို့ သတင်းစာဆရာများ၊ သတင်းထောက်များကလည်း ဗိုလ်ချုပ်အား အကြောင်းတိုက်ဆိုင်သလို ပြောပြကာ သတိပေးခဲ့ကြသည်။ ဗိုလ်ချုပ်သည် မိမိကိုယ်တိုင်ပြောပြသည့်အခါတိုင်းလည်း "မဖြစ်နိုင်ပါဘူး။ မဖြစ်လောက်ပါဘူး။ ကျုပ်ကိုယ်ကို တိုင်းပြည်ကို အပ်ထားပြီးသား၊ တိုင်းပြည်က မကျေနပ်လို့ သတ်ချင်သပဆိုလည်း သတ်ကြပါစေဗျာ" စသဖြင့် ပြန်ကြားပြောဆိုသည်။

ဗေဒင်ဆရာအခါကောင်းအချိန်

ထိုမှ တဖြည်းဖြည်းနှင့် ဇူလိုင်လဆန်းရောက်လာသည်။ ဂဠုန်ဦးစောသည် အင်္ဂလိပ်အရာရှိကြီးအချို့နှင့်ဆက်သွယ်၍ အကြံအစည်ကြီး တစ်ခုလုပ်ဆောင်နေပြီဖြစ်ကြောင်း သေချာသလောက်သိရှိနေကြသည်။ တစ်နေ့တွင် ဦးစောသည် ထိုအချိန်က နာမည်ကြီး ဗေဒင်ဆရာတစ်ယောက်ကိုခေါ်ပြီး ဗေဒင်ကိန်းခန်းအရ သူ့အကြံအောင်မြင်စေရန် အခါကောင်းကို တောင်းဆိုသည်။ ထိုဗေဒင်ဆရာက တွက်ချက်ပြီး ဇူလိုင်လ ၁၉ ရက် နံနက်ပိုင်း တနင်္ဂနွေအချိန်ဖြစ်သော နံနက် ၁၀ နာရီမှ ၁၀ နာရီ မိနစ် ၃၀ အတွင်း အခါကောင်းသည်ဟု ရွေးပေးလိုက်ကြောင်းကို သတင်းထောက်များက သတင်းကြားသိကြရ၍ ဗိုလ်ချုပ်ကို ပြောကြသည်။ ဗိုလ်ချုပ်က လုံးဝအယုံအကြည်မရှိ လက်မခံပေ။

ဗိုလ်ချုပ်၏ယုံကြည်ချက်သဘောထား

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့သတင်းထောက်လှမ်းရေးကလည်း ထိုသတင်းကို ရရှိကြသဖြင့် ထိုနေ့ထိုအချိန်တွင် ဝန်ကြီးအဖွဲ့အစည်းအဝေးရှိသည်ကို လုပ်ကြံကြလိမ့်မည်ဟု ယူဆပြီး ဗိုလ်ချုပ်ထံ အမြန်တင်ပြခဲ့ကြသည်။

"ဒီလောက်ကြီး ပြောင်ကျကျ အတင့်ရဲတဲ့အကြံမျိုး ဒီအချိန်မှာ မကြံရဲကြပါဘူးဗျာ"ဟု ပြောဆိုလိုက်သည်ဟု ကြားကြရသည်။ ဗိုလ်ချုပ်သည် ဘာကြောင့်များ ဒီလောက်ငြင်းဆန်နေသည်ကို မည်သူမျှ မသိရှိနိုင်ကြပေ။ ဗိုလ်ချုပ်သည် ဂဠုန်ဦးစောကို ယုံကြည်နေပုံရသည်။ ဦးစောသည် ၎င်းကဲ့သို့ တိုင်းပြည်ကို ချစ်မြတ်နိုးပြီး တိုင်းပြည်လွတ်လပ်ရေးရအောင် ပါဝင်ကူညီလိမ့်မည်ဟု ထင်မှတ်ထားပုံရသည်။

ဗိုလ်ချုပ်ကိုယ်တိုင် ဦးစောထံသို့သွားကြည့်ခြင်း

၁၉၄၆ ခုနှစ် စက်တင်ဘာလ ၂၁ ရက်နေ့က မြေနီကုန်းအဝိုင်းတွင် ဦးစော သေနတ်ပစ်လုပ်ကြံခံရသည်။ ပစ်လိုက်သော ကျည်ဆန်မှာ ကားမှန်ကိုထိပြီး မှန်စစည် ထိမှန်သဖြင့် ဦးစောမျက်စိကန်းမလိုဖြစ်သွားသည်။ အခင်းဖြစ်ပြီး နှစ်ရက်သုံးရက်လောက်အကြာတွင် ဗိုလ်ချုပ်သည် သခင်နုကိုခေါ်၍ ဦးစောအိမ်သို့ သွားသတင်းမေးခဲ့သေးသည်။ ဗိုလ်ချုပ်က ဦးစောအပေါ် ဤမျှအထိ ယုံကြည်ခင်မင်သည်။

လုပ်ကြံမှုကြီးမဖြစ်မီ တစ်ရက်အလို ဇူလိုင်လ ၁၈ ရက်နေ့တွင် တာဝါလိန်းရှိ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်တွင် ဖဆပလအဖွဲ့ချုပ် အလုပ်အမှုဆောင် အရေးပေါ်အစည်းအဝေး ကျင်းပသည်။ ဘိလပ်မှ ပြန်လာသော သခင်နုက ဘိလပ်ဆွေးနွေးပွဲနှင့်ပတ်သက်၍ တင်ပြသည်။ ထို့နောက် ဝန်ကြီးများက ဦးစော၏ လုပ်ကြံရန်ကြံစည်နေပုံသတင်းများကို တင်ပြပြီး နောက်နေ့တွင် ကျင်းပမည့် အစည်းအဝေးကို ရွှေ့ဆိုင်းရန် သို့မဟုတ် ဗိုလ်ချုပ်အိမ်သို့ ပြောင်း၍ကျင်းပရန် အကြံပြုတင်ပြကြသည်။

"ခင်ဗျားတို့က ဒီလူတွေကို ဒီလောက်တောင်ပဲ အထင်ကြီးနေကြသလား။ ဒီလောက်အတင့်ရဲပြောင်ကျတဲ့အလုပ်မျိုးကို မလုပ်ရဲကြပါဘူး။ ကျုပ်က ခင်ဗျားတို့အကြံပေးသလို လုပ်လိုက်ရင် ကျုပ်သူတို့ကို ကြောက်ရာကျမှာပေါ့ဗျာ" ဟု ပြောသည်။

လုံခြုံရေးအစီအစဉ်သုံးရပ်

ဗိုလ်ချုပ်အောင်ဆန်းသည် အားလုံးဝိုင်းဝန်းတင်ပြအကြံပြုကြသည်ကိုလည်း လက်မခံဘဲဖြစ်နေ၍ ဝန်ကြီးများက အစီအစဉ်တစ်ခု ထပ်မံပြုလုပ်ကြပြန်သည်။ ခေတ္တပြည်ထဲရေးဝန်ကြီးတာဝန်ကို ယူထားရသော ဝန်ကြီး ပျော်ဘွယ်ဦးမြက အတွင်းဝန်များရုံးလုံခြုံရေးအတွက် ရဲဝိုင်ယာလက်ကားစီစဉ်ချထားပေးရန်၊ ပြည်သူ့ရဲဘော်ဌာနချုပ်မှ လက်ရွေးစင် အသေခံရဲဘော်နှစ်ဦးကို ဗိုလ်ချုပ်အောင်ဆန်းအပါးတွင် လိုက်ပါချထားပေးရန်၊ ဝန်ကြီးအဖွဲ့စည်းဝေးနေစဉ် အတွင်းဝန်ရုံးတစ်ဝိုက်တွင် အရပ်ဝတ်ဖြင့် ရဲဘော်များကို စောင့်ကြပ်ချထားပေးရန် စီစဉ်ကြသည်။

ထိုစဉ်အခါက ရန်ကုန်အတွင်းဝန်များရုံးမှာ အဆီးအတားမရှိ လူတိုင်းလွတ်လပ်စွာ ဝင်ချင်တိုင်းဝင်၊ ထွက်ချင်တိုင်းထွက်နိုင်ကြသည်။ ဝန်ကြီးများတွင်လည်း လက်နက်ကိုင်အစောင့် (သက်တော်စောင့်)မထားကြ။ အပါးတော်မြဲလောက်သာထားရှိကြပြီး သွားလာနေကြသည်။ ဗိုလ်ချုပ်အောင်ဆန်းတွင် ကိုယ်ရံတော်အစောင့်ရှိသော်လည်း ဘယ်တော့မှ သွားလေရာခေါ်သွားလေ့မရှိ။ အပါးတော်မြဲ ဗိုလ်ထွန်းလှ တစ်ဦးတည်းသာ လိုက်ပါရသည်။

အစောင့်အရှောက်များကို နှင်ထုတ်ခြင်း

ထိုနေ့က နံနက် ၉ နာရီကျော်ကျော်လောက်တွင် ဗိုလ်ချုပ်အောင်ဆန်းသည် အစည်းအဝေးရှိရာ အတွင်းဝန်များရုံးသို့ ထွက်ခွာရန် အိမ်ပေါ်မှဆင်းလာသည်။ ကားပေါ်တွင် ပြည်သူ့ရဲဘော်ဌာနချုပ်မှ တာဝန်ချထားသည့် အသက်စွန့်ရဲဘော်နှစ်ယောက်ကို တွေ့လိုက်သည်။

"ဟေ့- မင်းတို့က ဘာကောင်တွေလဲ။ ဘာလာရှုပ်တာလဲ" ဟု ဗိုလ်ချုပ်က မြင်မြင်ချင်း မေးမြန်းကြိမ်းမောင်းတော့သည်။ ဗိုလ်ထွန်းလှနှင့် ထိုရဲဘော်များက ရှင်းပြကြသည်။

ဗိုလ်ချုပ်က လက်မခံ။

"မလိုချင်ဘူး။ အခုဆင်းခဲ့ကြ..."

ရဲဘော်နှစ်ယောက် ဆင်းနေရစ်ကြရသည်။

အတွင်းဝန်များရုံးသို့ ရောက်သောအခါတွင်လည်း အဆင်းအတက်လှေကားရှိရာ ဆင်ဝင်အောက်တွင် ရဲဝိုင်ယာလက်ကား ရပ်ထားသည်ကို တွေ့ရသည်။

"ဟေ့ ဒီမှာ မင်းတို့အလုပ်မရှိဘူး ... သွားကြ" ဟု နှင်ထုတ်လိုက်ပြန်သည်။

ဗိုလ်ချုပ်အလှပဆုံး ဝတ်ဆင်လာသောနေ့

ထိုနေ့က ဗိုလ်ချုပ်အောင်ဆန်းမှာ ခါတိုင်းလိုဝတ်နေကျ စစ်ယူနီဖောင်း အင်္ကျီဘောင်းဘီများ ဝတ်ဆင်မထားဘဲ အရပ်ဝတ်ဖြင့် ဝတ်ဆင်ထားသည်။ ရွှေဖလားရောင် ဘန်ကောက်လုံချည်၊ ပိုးတိုက်ပုံအင်္ကျီ၊ ကော်လံလည်ကတုံးနှင့် ဆံပင်မှာလည်း ခါတိုင်းလိုစုတ်ဖွားဖွားမဟုတ်၊ ညှပ်ပြီးစ သပ်ရပ်နေသည်။

ရုံးခန်းဝတွင် ဝန်ကြီးဦးဗဂျမ်းက အံ့အားတသင့်ဖြင့် တစ်ခွန်းပြောလိုက်သည်။

"ဗိုလ်ချုပ်က ဒီလိုတော့လည်း အချောကြီးပဲ"

"နိုင်ငံရေးသမားတွေဆိုတာ လွတ်လပ်ရေးရပြီးပြီဆိုရင် စစ်သားစိတ်ပျောက်ပြီး အရပ်သားစိတ်မွေးမြူကြဖို့ အရေးကြီးတယ်။ အခုကတည်းက ကြိုတင်လေ့ကျင့်ထားရမယ်" ဟု ပြန်ကြားပြောဆိုပြီး ဗိုလ်ချုပ်တို့နှစ်ဦး အခန်းတွင်းသို့ ဝင်သွားကြသည်။

စာမျက်နှာ ၇ သို့

မမီလိုက်ပေမယ့် သိခဲ့ရသည့် အာဇာနည်ခေါင်းဆောင်ကြီး ဒီးဒုတ်ဦးဘချို၏မြေး ပြောပြသည့် အာဇာနည်အဘိုးအကြောင်း

သတင်းဆောင်းပါး - မင်းသစ်(သတင်းစဉ်)၊ ဇော်ကြီး(ပဏ္ဍိတ)

ဓာတ်ပုံ - ဇော်မင်းလတ်

ရန်ကုန် ဇူလိုင် ၁၁

"ချင်းတောင်ကို အဘိုး ချစ်ကြည်ရေးသွားတုန်းက လက်ဆောင်ရခဲ့တဲ့ ချင်းစောနဲ့ ချင်းပလိုင်းကို ငါးနှစ်သားအရွယ်ကစပြီး သတိထားမိတာပေါ့၊ ကလေးဆိုတော့ စိတ်ဝင်စားပြီးမေးတော့ အဘွားနဲ့အမေက အဘိုးအကြောင်း ပြောပြတယ်။ အဲဒီမှာ စွဲစွဲ

ဒီးဒုတ်ဦးဘချို၏ ဇနီး ဒေါ်လှမေနှင့်သမီးများ မှတ်တမ်းပုံ

ထင်ထင် အဘိုးအကြောင်း သိရတယ်။ နောက်ပြီး အဘွားက ကျွန်တော်တို့ မောင်နှမတွေကို ငယ်ငယ်ကတည်းက အာဇာနည်နေ့ရောက်တိုင်း အာဇာနည်ကုန်းကို အမြဲခေါ်သွားတယ်"ဟု ဒီးဒုတ်ဦးဘချို၏ မြေးဖြစ်သူ ဦးသန့်စင်ချိုက ပြောသည်။

"အဘိုးက ဖြောင့်တယ်၊မှန်တယ်၊ နိုင်ငံရေးကိုလည်း တိုင်းပြည်လွတ်လပ်ရေးအတွက် လုပ်နေတာ။ တိုင်းပြည်လွတ်လပ်ရေးရပြီးသွားရင် နိုင်ငံရေးမလုပ်တော့ဘူး။ ဝါသနာပါတဲ့ သတင်းစာအလုပ်ကိုလုပ်ပြီး အသက်မွေးတော့မယ်လို့ အဘွားက ပြောပြတယ်"ဟု ဦးသန့်စင်ချိုက ဆိုသည်။

ဒီးဒုတ်ဦးဘချိုကွယ်လွန်ချိန်တွင် ဇနီးဒေါ်လှမေနှင့် သမီးခြောက်ယောက်ကျန်ရစ်ခဲ့ပြီး လွတ်လပ်ရေးရရှိချိန်တွင် သမီးနှစ်ယောက်သာကျန်ရှိကြောင်း၊ ယခုအခါ အားလုံးကွယ်လွန်သွားခဲ့ပြီဖြစ်ကြောင်း ဒီးဒုတ်ဦးဘချို၏ သမီးအငယ်ဆုံးမှ မွေးဖွားသည့် မြေးဖြစ်သူ ဦးသန့်စင်ချိုက ပြောသည်။

"အဘိုးက အကျင့်စာရိတ္တပိုင်းကို အစွန်းအထင်းမခံဘူး၊ အကျင့်စာရိတ္တက အရေးကြီးတယ်လို့ ပြောတယ်။ အဘိုးက စကောလားရှစ် ရခဲ့တာ။ သမီးတွေ မြေးတွေကို အဘိုးလိုကြိုးစားဖို့ အဘွားက အမြဲတမ်းဆုံးမတယ်"ဟု အဘိုးဖြစ်သူ ဒီးဒုတ် ဦးဘချိုနှင့်စပ်လျဉ်းပြီး ဦးသန့်စင်ချိုက ဆိုသည်။

အာဇာနည်ခေါင်းဆောင်
ဒီးဒုတ်ဦးဘချို၏ ဇနီး ဒေါ်လှမေ

အာဇာနည်ခေါင်းဆောင်
ဒီးဒုတ်ဦးဘချို၏မြေး ဦးသန့်စင်ချို

ဒီးဒုတ်ဦးဘချို ကွယ်လွန်သွားပြီးနောက်ပိုင်း ဖဆပလ ခေတ်တွင် ကျန်ရစ်သူမိသားစုများအား ဒီးဒုတ်ဦးဘချိုနှင့်လုပ်ဖော်ကိုင်ဖက်များဖြစ်သည့် ဝန်ကြီးချုပ် ဦးနု၊ ဦးကျော်ငြိမ်းတို့က ဂရုတစိုက်စောင့်ရှောက်ခဲ့ကြောင်း၊ ခံစားခွင့်များလည်း ရရှိခဲ့ကြောင်း သိရသည်။ ဒီးဒုတ်ဦးဘချိုသည် အမျိုးသားလွတ်လပ်ရေးတိုက်ပွဲ၊ အမျိုးသားပညာရေး၊ အမျိုးသားယဉ်ကျေးမှုထိန်းသိမ်းရေးတို့အတွက် ၁၉၂၅ ခုနှစ်တွင် ကိုယ်ပိုင် ဒီးဒုတ်ဂျာနယ်ကို ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ဗိုလ်ချုပ်လမ်းပေါ်ရှိ အမှတ် ၆၄ နေအိမ်တွင် ထုတ်ဝေခဲ့ပြီး တစ်ဖက်တွင်လည်း စာပေများရေးသားခဲ့သည်။

"အဘိုးရေးခဲ့တဲ့ စာအုပ်ထဲမှာတော့ ဘွေသီဟာဝတ္ထုစာအုပ်ကို အကြိုက်ဆုံးပဲ၊ ငယ်ငယ်တုန်းကလည်း ဖတ်တယ်။ အခုထိ စွဲလမ်းတုန်းပဲ၊ အရေးအသား၊ အဖွဲ့အနွဲ့ကအစ ကောင်းတယ်"ဟု ဦးသန့်စင်ချိုက ပြောပြသည်။

ထို့ပြင် ဒီးဒုတ်ဦးဘချို တီးခတ်ခဲ့သည့် စောင်း၊ ရေးသားခဲ့သည် စာအုပ်စာပေများကို မြေးဖြစ်သူ ဒေါက်တာ ဒေါ်ခင်လှချို၏နေအိမ်၌ သမိုင်းမှတ်တမ်းအဖြစ် သိမ်းဆည်းထားရာ ယနေ့ထိတိုင် ရှိနေသေးသည်။

"အင်္ဂလိပ်ခေတ်မှာ သခင်တွေက အဘိုးတို့အိမ်မှာ စားအိမ်၊သောက်အိမ်ပေါ့။ တစ်ခါတလေ မိုးချုပ်မှလာရင် အဘွားကမရှိ ရှိတာရှာကြံ ချက်ကျွေးရတယ်။ တစ်ခါတလေ သခင်တွေ ထမင်းဆိုင်မှာ ထမင်းစားပြီး ရှင်းစရာငွေမရှိရင် အဘလုပ်ပါဦးလို့ စာရေးပြီး အဘိုးဆီကိုလွှတ်တယ်။ အဘိုးက အိမ်က တူ၊ တူမလေးတွေလွှတ်ပြီး ဒီကောင်တွေ လုပ်ပြန်ပြီကွာဆိုပြီး ပါးစပ်ကပြောလည်းပြော သတင်းစာဖိုးထဲက ပိုက်ဆံကို ထုတ်ပေးတယ်"ဟု လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်နေသည့် သခင်လူငယ်များအပေါ် ဒီးဒုတ်ဦးဘချိုထားသည့် စိတ်နေစိတ်ထားကို အဘွားဖြစ်သူ၏ ပြောပြချက်အရ သိရကြောင်း ဦးသန့်စင်ချိုက ပြောသည်။

"အဘိုးဆုံးပြီး အဘိုးမိတ်ဆွေအပေါင်းအသင်းတွေက သတင်းစာလုပ်ငန်းကို ဝိုင်းလုပ်ပေးကြတယ်။ အထူးသဖြင့် ရန်ကုန်သတင်းစာက ဦးအောင်မြင့်ပေါ့၊ ဆရာဇဝနလည်း ဝိုင်းကူပါတယ်။ နောက်ပိုင်းစိုက်ထားတဲ့ ငွေတွေပြန်မရတော့ သတင်းစာကို ရပ်လိုက်ပြီး အဘွားက ဆက်မလုပ်တော့ဘူး"ဟု ပြောသည်။

အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးပြီးနောက်ပိုင်း မိသားစုဝင်များအား အဆင်ပြေစွာ လုပ်ကိုင်စားသောက်နိုင်ရန် BOC ကုမ္ပဏီက ဓာတ်ဆီဆိုင်ပါမစ်များကို ချပေးရာတွင် ဒီးဒုတ်ဦးဘချို၏ ဇနီးဖြစ်သူလည်း ဆီဆိုင်ပါမစ်ရရှိခဲ့ကြောင်း၊ ပြည်သူပိုင်မသိမ်းခင် ဆီဆိုင်ပါမစ်ကို ကုမ္ပဏီသို့ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

"ဆီဆိုင်ပါမစ်ကို အဘွားကမလုပ်နိုင်တော့လို့ ကုမ္ပဏီပြန်အပ်လိုက်တယ်။ ပြည်သူပိုင်သိမ်းတော့ ဆိုင်ပါမသွားဘူး၊ တချို့ပြည်သူပိုင်သိမ်းတဲ့အထဲ အဆောက်အအုံတွေပါသွားတယ်။ အဘိုးကို ဝန်ကြီးတာဝန်ပေးအပ်ခံရစဉ် စီးဖို့ပေးထားတဲ့ ဝစ္စလီကားတစ်စီးရှိတယ်။ အဲဒီကားကို နိုင်ငံခြားသားတစ်ယောက်ပိုင်တဲ့ ဂိုဒေါင်မှာသွားထားတာ၊ ပြည်သူပိုင်သိမ်းတော့ အဲဒီကားပါသွားတယ်။ တော်တော်ကြာမှ ကားထဲအပင်တွေ ပေါက်နေပြီး ပျက်စီးနေတော့မှ ပြန်ရတယ်"ဟု ဦးသန့်စင်ချိုက ပြောသည်။

"အာဇာနည်နေ့နဲ့ပတ်သက်ပြီး မေးမိုန်လာတော့ အာဇာနည်မိသားစုဝင်တွေအနေနဲ့ သတိထားမိကြတယ်။ ဒါပေမယ့် ခေတ်အခြေအနေအရဖြစ်လာတာ ဘာတတ်နိုင်မှာလဲ၊ စိတ်ထဲကတော့ ခံစားမှုရှိတာပေါ့၊ ဒီမိုကရေစီခေတ်မှာ အာဇာနည်နေ့နဲ့ပတ်သက်ပြီး အလေးထားပြီး လုပ်လာတာတွေ့ရတော့ မိသားစုအနေနဲ့ ဝမ်းသာတာပေါ့"ဟု ဦးသန့်စင်ချိုက ပြောသည်။

အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ရသည့် ဇူလိုင် ၁၉ ရက်နေ့ ရောက်တိုင်း ဒီးဒုတ်ဦးဘချိုအတွက် ကောင်းမှုကုသိုလ်အဖြစ် ဗိုလ်ချုပ်လမ်းနေအိမ် ဒီးဒုတ်တိုက်၌ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ရာမှ နောက်ပိုင်း နှင်းဆီကုန်းဘိုးဘွားရိပ်သာ၌သာ အလှူပြုလုပ်ခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း အဘိုးဖြစ်သူ ဒီးဒုတ်ဦးဘချိုအတွက် မြေးများက နှင်းဆီကုန်းဘိုးဘွားရိပ်သာ၌ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ဒီးဒုတ်ဦးဘချို၏ စောင်းကောက်နှင့်မှတ်တမ်းမှတ်ရာစာအုပ်များ

စာမျက်နှာ ၆ မှ

အစည်းအဝေးခန်းအတွင်း နေရာယူကြပုံ

အစည်းအဝေးခန်းမှာ အတော်ကျယ်၍ မျက်နှာစာတွင် ဝင်ပေါက်တံခါးမကြီး သုံးပေါက်ရှိသည်။ အစည်းအဝေး စားပွဲသည် ထိပ်တွင် "ဂ" ပုံ ထောင့်ချိုးပိတ်၊ တစ်ဖက်တစ်ချက်ရှိ ခုံရှည်များဖြင့် ဆက်ထားသည်။ ထိုစားပွဲခုံ၏ အလယ်ထိပ်တွင် ဗိုလ်ချုပ်အောင်ဆန်းထိုင်၍ လက်ယာဘက်ခြမ်းတွင် ဝန်ကြီးအဖွဲ့အတွင်းဝန် ဦးရွှေဘော်၊ သခင်မြ၊ ဦးဘချို၊ ဦးရာဇတ်၊ ဦးဘဝင်း၊ မန်းဘခိုင်တို့ ထိုင်ကြသည်။ လက်ဝဲဘက်တွင် ဦးဗဂျမ်း၊ ဦးအောင်ဇံဝေ၊ ပျော်ဘွယ်ဦးမြ၊ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်းတို့ထိုင်ကြသည်။

လူသတ်သမားတို့ရောက်လာချိန်

အစည်းအဝေး ချိန်းဆိုထားသည့်အတိုင်း ၁၀ နာရီမှ စသည်။ စပြီးမကြာမီ ဒုတိယအတွင်းဝန် ဦးအုန်းမောင် ရောက်လာသည်။ အတွင်းဝန် ဦးအုန်းမောင် ရောက်လာပြီး မရှေးမနှောင်းမှာပင် အစည်းအဝေးခန်းမကြီး၏ မျက်နှာစာရှိ တံခါးသုံးပေါက် အနောက်မြောက်ဘက် တံခါးပေါက်ကိုတွန်းဖွင့်၍ စစ်ဝတ်စုံဝတ် လူငယ် ငါးယောက်၊ တော်မီဂန်း၊ စတင်းဂန်းစသည့် သေနတ်များကို ကိုင်ဆောင်လျက် အစည်းအဝေးခန်းမအတွင်း ဝင်ရောက်လာကြသည်။

ဗိုလ်ချုပ်ကို မဲပြီး ပစ်ခတ်ခြင်း

ထိုလက်နက်ကိုင်လူစုတို့သည် စားပွဲထိပ်သို့ မျက်နှာမူလျက် တန်းစီရပ်ကာ ရှေ့ဆုံးမှဝင်လာသူက "ဟိတ်" ဟု အသံကျယ်ကျယ်ဖြင့် အော်ဟစ်လိုက်ချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းသည် ရုတ်တရက်မတ်တတ်ရပ်ပြီး လက်ကာပြကာ တစ်စုံတစ်ရာပြောလိုက်စဉ် ရှေ့ဆုံးမှ တော်မီဂန်း ကိုင်ဆောင်ထားသူက စတင်၍ "ပစ်-ပစ်-ပစ်" ဟု အမိန့်ပေးလျက် ဗိုလ်ချုပ်အောင်ဆန်းကို မဲပြီး ပစ်ခတ်လိုက်လေသည်။

သေနတ်သံများနှင့်အတူ မီးခိုးများဖုံးလွှမ်းသွားသည်။ ပျော်ဘွယ် ဦးမြနှင့် ဦးရွှေဘော်တို့သည် ထိုင်ခုံကိုအသာလှဲချလိုက်ပြီးနောက် ဘေးပြတင်းပေါက်မှ ကျော်ထွက်ပြေးကြသည်။ ဦးဗဂျမ်းမှာ ထိပ်ဆုံးစားပွဲနှင့်ယှဉ်ကာ ကြမ်းပြင်ပေါ်တွင် မှောက်၍ အိပ်ချလိုက်သည်။

သေနတ်သမားတို့သည် မတ်တတ်ရပ် ပစ်ခတ်နေရာမှ မကျေနပ်နိုင်ကြသေးဘဲ ဒူးထောက်ထိုင်ကာ ပစ်ခတ်ကြသေးသည်။ မီးခိုးများ ဖုံးလွှမ်းလျက်ရှိသောအခန်းထဲမှ သေနတ်သမားတို့ ထွက်သွားကြလေပြီ။ ဦးဗဂျမ်းတို့ ထပြီးကြည့်ရာ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်မြ၊ ဦးဘချို၊ ဦးရာဇတ်၊ ဦးဘဝင်း၊ မန်းဘခိုင်၊ ဦးအုန်းမောင်တို့မှာ အတုံးအရုံး သေဆုံးနေကြလေပြီ။ မိုင်းပွန်စော်ဘွားကြီးကား မသေသေး။ ထပြီးလမ်းလျှောက်နိုင်သေးသည်။ ဒဏ်ရာရရှိထားသော မိုင်းပွန်စော်ဘွားကြီးအား အမြန်ဆုံးကုသပြုစုနိုင်ရန် ဦးဗဂျမ်းတို့သည် ရောက်လာသော ရဲချုပ်ဦးထွန်းလှအောင်တို့နှင့်အတူ ခေါ်ဆောင်ကြလေသည်။ မည်သို့ပင်ကြိုးစားကြပေမယ့် ရရှိထားသော ဒဏ်ရာပြင်းထန်လွန်းမှုကြောင့် မိုင်းပွန်စော်ဘွားကြီးမှာ ဆေးရုံတွင် ကွယ်လွန်သွားရရှာသည်။

အသက်မသေ ကျန်နေကြသူများ

ထိုနေ့က လုပ်ကြံသတ်ဖြတ်မှုကြီးတွင် ကံကောင်းထောက်မ အသက်ဘေးမှ သီသီကလေးလွတ်ခဲ့ကြသော ခေါင်းဆောင်ကြီးများမှာ ဝန်ကြီးဦးဗဂျမ်း၊ ဝန်ကြီးပျော်ဘွယ် ဦးမြ၊ ဝန်ကြီး ဦးအောင်ဇံဝေ၊ အတွင်းဝန် ဦးရွှေဘော်တို့ ဖြစ်ကြသည်။

ထိုဖြစ်ရပ်ဆိုးကြီးမှာ မြန်မာတစ်နိုင်ငံလုံး ဝမ်းနည်းပူဆွေးငိုကြွေးကုန်ကြသည်။ အသည်းဆတ်ဆတ်နာ လက်စားချေလိုနေကြသည်။ ရန်ကုန်တစ်မြို့လုံး ဆူပွက်နေကြလေပြီ။

ဗိုလ်ချုပ်၏အလောင်းကို သေသပ်စွာခွဲစိတ်ကုသပြီးသည့်နောက် ဗိုလ်ချုပ်နေအိမ် တာဝါလိန်းအိမ်သို့ ဦးစွာပို့ဆောင်ကြလေသည်။ မသမာသူ လူသတ်သမားတစ်စုတို့၏ လက်ချက်ဖြင့် ကျဆုံးသွားရရှာခြင်းဖြစ်သော ဗိုလ်ချုပ်အောင်ဆန်း၏အလောင်း တာဝါလိန်းနေအိမ်သို့ အရောက်တွင် ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်သည် အလောင်းအနီးတွင် ပုဆစ်ဒူးတုပ်ထိုင်ပြီး ဦးသုံးကြိမ်ချ၍ ကန်တော့လေသည်။

သောကမီးအထွတ်အထိပ်သို့ တောက်လောင်ဆုံးအချိန်ဖြစ်သော်လည်း ဒေါ်ခင်ကြည်သည် နိုင်ငံတော်မျိုးချစ်ခေါင်းဆောင်ကြီး၏ ဇနီးပီသစွာ စိတ်ကိုတင်းလျက် ကိုယ်ကိုလည်း ချုပ်တည်းနိုင်သမျှ ချုပ်တည်းလျက်၊ သွေးဆူနေကြကုန်သော ပြည်သူလူထုကြီးအား အောက်ပါအတိုင်း ပြောဆိုနှစ်သိမ့်လိုက်လေသည်။

သောကမီးတောက်လောင်နေချိန် ဗိုလ်ချုပ်ကတော် ဒေါ်ခင်ကြည်၏စကား

"ကျွန်မ၏ခင်ပွန်း ဗိုလ်ချုပ်အောင်ဆန်းဟာ တိုင်းပြည်နဲ့လူမျိုးအတွက် ကြိုးပမ်းရင်း လမ်းခုလပ်မှာ ကျဆုံးခဲ့ရပါပြီ"

"လူထုကို ကျွန်မပြောလိုတာကတော့ မိမိတို့အားကိုးယုံကြည်လေးစားသော ခေါင်းဆောင်ကြီးကို ရက်ရက်စက်စက်လုပ်ကြံလိုက်ကြတဲ့အတွက်ကြောင့် ဒေါသထွက်ပြီး စိတ်လိုက်မာန်ပါမလုပ်ကြဖို့ ပြောချင်ပါတယ်။ သူချခဲ့တဲ့လမ်းစဉ်အတိုင်း တစ်သဝေမတိမ်းလိုက်နာကျင့်ဆောင်ပြီး သူရည်မှန်းခဲ့တဲ့ လွတ်လပ်ရေးကို မရမနေကြိုးပမ်းကြပါလို့ ကျွန်မပြောလိုပါတယ်"

ဗိုလ်ချုပ်မိခင်ကြီး ဒေါ်စု၏ပြောစကား

ထိုစကားများသည် သမိုင်းတင်စကားများဖြစ်၍ တစ်ဆက်တည်း ပြောပြလိုသည်။ ဗိုလ်ချုပ်နှင့်အတူ ဗိုလ်ချုပ်၏ အစ်ကိုအရင်း ဦးဘဝင်းတို့ လုပ်ကြံခံလိုက်ရသဖြင့် သားနှစ်ဦး အဆုံးရှုံးခံလိုက်ရသော မိခင်တစ်ဦးအဖို့ အဘယ်မျှ ရင်ကွဲဝမ်းနည်းရမည်ကို စာနာမိခဲ့ပါသည်။

ထိုနေ့က အမေစုသည် သားနှစ်ယောက်၏အဖြစ်ဆိုးသတင်းကို ကြားလိုက်ရသည်နှင့် အလွန်အမင်း အံ့သြသွားသည်။တစ်နိုင်ငံလုံး တစ်မျိုးသားလုံးက လေးစား ချစ်ခင်မေတ္တာထားကြသော ပုဂ္ဂိုလ်တို့ကို ရက်ရက်စက်စက်လုပ်ရက်ကြလေခြင်းဟုလည်း ရင်ထုမနာဖြစ်သွားရှာသည်။ အမေစုနှုတ်မှ ထွက်ပေါ်လာသော ရင်တွင်းခံစားချက် စကားသံမှာ ဤသို့ဖြစ်ပါသည်။

"ကျုပ်သားဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းဟာ ဒီလိုသတ္တိကြောင်တဲ့အမှုမျိုးကို ငယ်ငယ်ရွယ်ရွယ် ကလေးဘဝကစလို့ ရှုတ်ချခဲ့တဲ့လူ ဖြစ်ပါတယ်။ လွန်ခဲ့တဲ့နှစ်က မျိုးချစ်ခေါင်းဆောင်ကြီး ဦးစောကို မသမာသူတို့ ချောင်းမြောင်းပြီး သေနတ်နဲ့ပစ်စဉ်က ဗိုလ်ချုပ်ကိုယ်တိုင် အများကြီး ကဲ့ရဲ့ပြစ်တင်ရှုတ်ချတဲ့စကားတွေ ပြောခဲ့ပါတယ်"

"ဟိုတုန်းက ဗိုလ်ချုပ်က နယ်လှည့်ရင်း ကျုပ်ထံဝင်ပြီး ကန်တော့သွားတယ်။ အဲဒီတုန်းက ကျုပ်က စိုးရိမ်လွန်းလို့ သားရယ် လူဆိုတာ အထက်ရောက်နေရင် သူတစ်ပါးက မနာလိုလို့ မကောင်းကြံစည်တာမျိုး ခံရတတ်တယ်။ အစစ အရာရာ သတိထားပါကွယ်လို့ ပြောမိတယ်"

"ဒီတော့ ကျုပ်သားက "ဗျာ.... ဒါကတော့ ဘုရားတောင်မှ အတိုက်အခံ ရှိသေးတာပဲ၊ ကိုယ်ကသာ လမ်းမှန်ကနေပြီး၊ မှန်တဲ့အလုပ်ကို လုပ်ကိုင်ထားရင် ဘာမှကြောက်စရာမရှိပါဘူး အမေရယ်။ မစိုးရိမ်ပါနဲ့။ စစ်တိုက်နေတုန်းကတောင် မသေခဲ့သေးတာ။ အခု တိုင်းပြည်နဲ့ လူထုဟာ အရင်လိုမဟုတ်တော့ပါဘူး။ အကောင်းအဆိုး ဝေဖန်တတ်ပါပြီ" လို့ အားရပါးရ ရယ်ရယ်မောမောနဲ့ ပြောသွားခဲ့ပါတယ်"

"အခုတော့ ကျုပ်သားအောင်ဆန်းဟာ သူအလွန်မုန်းတီးရှံ့ရှာတဲ့ လုပ်ကြံနည်းကြောင့် ကွယ်လွန်သွားရရှာပြီ။ ကျုပ်မှာချင်တာကတော့ သူ့ကိုလေးစားကြသလို၊ ခေါင်းဆောင်များရဲ့ ညွှန်ကြားချက်ကို ပြည်သူလူထုက ယုံယုံကြည်ကြည် လေးလေးစားစားနဲ့ လိုက်နာပြီး မိမိတို့လိုလားတဲ့ ခရီးကို ရောက်အောင် ဆောင်ရွက်ကြဖို့ပါပဲ။ ဒီလိုဆောင်ရွက်လို့ ရည်ရွယ်ချက်ကို ရောက်ကြပြီဆိုရင် အဒေါ်မှာ ခံစားရတဲ့ သားနှစ်ယောက်ဆုံးရတဲ့အပူမီးဟာ ငြိမ်းတန်သလောက် ငြိမ်းပါလိမ့်မယ်" ဟူ၍ ဝမ်းနည်းပက်လက် ပြောဆိုခဲ့ပေသည်။

"ဗိုလ်ချုပ်အောင်ဆန်း၊ ပြည်သူ့ပန်းတို့
သွေးလွှမ်းပေးဆပ်၊ သက်နှင်းအပ်လျက်
မြေမြတ်မြန်ပြေ၊ လွတ်လပ်စေခဲ့
ဒို့တွေခံစား၊ ကျေးဇူးတရားကို
မေ့ငြားမရှိ၊ အစဉ်သိလျက်
နေ့ရှိသမျှ၊ သတိရသည်
အာဇာနည်နေ့၊ ဒို့မမေ့...."

(၆၉) နှစ်မြောက် အာဇာနည်နေ့တွင် ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းအမှူးရှိ အာဇာနည်ခေါင်းဆောင်ကြီးများအား ထာဝရ သတိတရ အလေးပြုလျက် . . . .။

ဗိုလ်ချုပ်မြင်းစီးကြေးရုပ် မွမ်းမံသန့်ရှင်းရေးဆောင်ရွက်

ကော့သောင်း ဇူလိုင် ၁၁

ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးခဲ့သည့် အထိမ်းအမှတ်အဖြစ် (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားအား တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဇူလိုင် ၁၉ ရက်တွင် အမြို့မြို့အနယ်နယ်၌ ကျင်းပမည်ဖြစ်ရာ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့တွင်လည်း အများနည်းတူ ကျင်းပမည်ဖြစ်သည်။

ကော့သောင်းမြို့တွင် နိုင်ငံ့လွတ်လပ်ရေးဖခင် အာဇာနည်ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းနှင့်ပတ်သက်၍ အထိမ်းအမှတ်အဖြစ် ဗိုလ်ချုပ်လမ်းနှင့် စုပေါင်းရုံးလမ်းဆုံတွင် တည်ဆောက်ထားသည့် တစ်ခုတည်းသော ဗိုလ်ချုပ်မြင်းစီးကြေးရုပ်အား ဇူလိုင် ၁၀ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြသည်။ **(ယာပုံ)**

လာမည့် ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် အာဇာနည်နေ့အခမ်းအနားအား မြို့လုံးကျွတ် ပြည်သူများက ချီတက်ကာ လွမ်းသူပန်းခွေချ အလေးပြု ပါဝင်ဆင်နွှဲကြမည်ဖြစ်ရာ အဆိုပါဗိုလ်ချုပ်ရုပ်တုကို သန့်ရှင်းရေးပြုလုပ်ခြင်း၊ လိုအပ်သည့် အသေးစားပြင်ဆင်မွမ်းမံမှုများ ဆောင်ရွက်ခြင်းနှင့် ဆေးသုတ်ခြင်းလုပ်ငန်းများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း)

ဗိုလ်မှူးကြီးဗထူး၏ နှစ် ၁၀၀ ပြည့်အခမ်းအနား စည်ကားစွာကျင်းပမည်

လောင်းလုံး ဇူလိုင် ၁၁

ထားဝယ်တိုင်းရင်းသား ဗိုလ်မှူးကြီးဗထူး၏ ရာပြည့်အခမ်းအနားကို လောင်းလုံးမြို့နယ် ကမြောကင်းကျေးရွာ ရေဆိပ်ဘုန်းကြီးကျောင်းအတွင်း ဇူလိုင် ၁၂ ရက်တွင် နံနက် ၆ နာရီမှ စတင်ကာ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ဗိုလ်မှူးကြီးဗထူး နှစ် ၁၀၀ ပြည့်ကော်မတီက ပြောကြားသည်။

သံဃာတော် အပါး ၁၀၀ ကို ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ပရိတ်တရားတော်များ နာယူကြခြင်း၊ ဗိုလ်မှူးကြီး ဗထူးအား အလေးပြုခြင်းများ ပြုလုပ်မည်ဖြစ်ပြီး အခမ်းအနားတွင် ထားဝယ်တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုပြခန်းများကိုပါ ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ထားဝယ်တိုင်းရင်းသား ရိုးရာအကများဖြင့် အခမ်းအနားတက်ရောက်ကြသူများအား ဖျော်ဖြေရေး အစီအစဉ်များ ပြုလုပ်ထားပြီး ထားဝယ်တိုင်းရင်းသား ရိုးရာ အစားအသောက်များဖြင့် ဧည့်ခံကျွေးမွေးမည်ဖြစ်ကာ မည်သူမဆို လာရောက်ပူးပေါင်းပါဝင်နိုင်ကြောင်း သိရသည်။

ဗိုလ်မှူးကြီး ဗထူးကို ၁၉၁၆ ခုနှစ်တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် လေးသွန်စံကျေးရွာတွင် မွေးဖွားခဲ့ပြီး ၁၉၄၅ ခုနှစ် ဇွန် ၂ ရက် ည ၈ နာရီ မိနစ် ၂၀ တွင် ရှမ်းပြည်နယ် တောင်ပိုင်း အောင်ပန်းမြို့နယ် မြင်းကြာဒိုး ကျေးရွာအနီးရှိ တဲလု(တယ်လူး)စခန်းတွင် တိုင်းပြည်တာဝန် ထမ်းဆောင်ရင်း ကွယ်လွန်ခဲ့ခြင်းဖြစ်သည်။

သွန်းဝသန်

ရှာငံ၌ ဗိုလ်မှူးကြီးဗထူး အထိမ်းအမှတ်ကျောက်တိုင်ဖွင့်ပွဲကျင်းပ

ရှာငံ ဇူလိုင် ၁၁

ဗိုလ်မှူးကြီးဗထူး နှစ် ၁၀၀ ပြည့်အထိမ်းအမှတ်ကျောက်တိုင်ဖွင့်ပွဲနှင့် ကျဆုံးစစ်သည်တော်များအတွက် ရည်စူးဆွမ်းကပ်၊ အမျှဝေခြင်းအခမ်းအနားကို ဗိုလ်မှူးကြီးဗထူး အရိုးအိုးတည်ရှိရာ ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှာငံမြို့နယ် တဲလုကျေးရွာ ဘုန်းကြီးကျောင်း၌ ဇူလိုင် ၁၁ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အထိမ်းအမှတ်ကျောက်တိုင်အား နှစ် ၁၀၀ ပြည့် ပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်တင့်၊ ဦးစီးကော်မတီနာယက ဦးကျော်စွာထွန်း၊ ဗိုလ်မှူးကြီးဗထူး၏ မြေးဦး ဒေါ်ချယ်ရီထူးနှင့် အောင်မြင့်မိုရ်ကုမ္ပဏီမှ ဦးရန်ရှန်ကြူတို့က ဖဲကြိုးဖြတ်ပြီး အထိမ်းအမှတ်ကျောက်တိုင်အား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းကြသည်။

ထို့နောက် ဗိုလ်မှူးကြီးဗထူးနှင့် ကျဆုံးစစ်သည်တော်များအတွက် ရည်စူးဆွမ်းကပ်၊ အမျှဝေအခမ်းအနား ဆက်လက်ကျင်းပရာ ကြွရောက်လာသော ပင့်သံဃာတော်များထံမှ ငါးပါးသီလခံယူပြီး မြို့နယ်သံဃမဟာနာယက ဥက္ကဋ္ဌထံမှ ဗိုလ်မှူးကြီးဗထူး အသက် ၁၀၀ ပြည့် မွေးနေ့အထိမ်းအမှတ် အနုမောဒနာ တရားတော်များနာယူကာ ရေစက်သွန်းချအမျှပေးဝေခဲ့ကြောင်း သိရသည်။

ထွန်းထွန်းဝင်း(ရှာငံ)

နိုင်ငံတစ်ဝန်း ရုပ်ရှင်ရုံ ၁၀၀ စီမံကိန်းတွင် အသုံးပြုမည့် ဒစ်ဂျစ်တယ်ပရိုဂျက်တာများအတွက် သဘောတူလက်မှတ်ရေးထိုး

ရန်ကုန် ဇူလိုင် ၁၁

မြန်မာနိုင်ငံရုပ်ရှင်လောက ပြန်လည်ဦးမော့ ဖွံ့ဖြိုးနိုင်ရန်အတွက် နိုင်ငံတစ်ဝန်း ရုပ်ရှင်ရုံမရှိသေးသည့် ဒေသများ၌ အမေရိကန်ဒေါ်လာသန်း ၂၀ အကုန်အကျခံကာ ရုပ်ရှင်ရုံ ၁၀၀ ကို နှစ်နှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း အဆိုပါစီမံကိန်းပရောဂျက်ကို အကောင်အထည်ဖော်မည့် MAZE Co .Ltd. မှ အမှုဆောင်အရာရှိချုပ် ဦးတင်မောင်ဝင်းက ပြောသည်။

"ကျွန်တော်တို့အနေနဲ့ မြန်မာ့ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်ဖို့ အကောင်အထည်ဖော်မယ့် ရုပ်ရှင်ရုံ ၁၀၀ကို နှစ်နှစ်အတွင်း အပြီးတည်ဆောက်သွားမှာပါ။ ခုတော့ ပိုင်းလော့ပရောဂျက် အနေနဲ့ လုပ်ငန်းတွေကို စတင်အကောင်အထည်ဖော်နေပါပြီ" ဟု အဆိုပါ ရုပ်ရှင်ရုံ ၁၀၀ စီမံကိန်းတွင် အသုံးပြုရန် ဒစ်ဂျစ်တယ် ပရိုဂျက်တာများအတွက် Barco နှင့် Maze တို့ ယနေ့နံနက် ၁၀ နာရီတွင် နိုဗိုတယ်ဟိုတယ်၌ နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးပြီးတွင် အမှုဆောင်အရာရှိချုပ်က ပြောကြားခဲ့ခြင်း ဖြစ်သည်။

ယခုအခါတွင် ရုပ်ရှင်ရုံ ၁၀၀ စီမံကိန်းပရောဂျက်အနေဖြင့် ရှမ်းပြည်နယ် အောင်ပန်းနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မှော်ဘီနှင့် တိုက်ကြီးတို့တွင် ပိုင်းလော့ပရောဂျက်များ စတင်နေပြီဖြစ်ကာ ယင်းနေရာနှစ်ခု ပြီးပြည့်စုံပါက နိုင်ငံတစ်ဝန်း ကျန်ရှိသည့် ၉၈ ရုံနေရာများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဦးတင်မောင်ဝင်း

ဦးလွင်မိုး

ဦးလူမင်း

"ဒီနေ့ကတော့ အမေရိကားအပါအဝင် ကမ္ဘာမှာ အကောင်းဆုံးဖြစ်တဲ့ အသံပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာကအစ နည်းပညာအလွန်မြင့်မားတဲ့ Barco နဲ့ နှစ်ဖက်သဘောတူ လက်မှတ်ရေးထိုးတာပါ။ ဒီကနေ့ ရုပ်ရှင်သမားတွေက ရုပ်ရှင်ရုံ မရှိလို့ ဒုက္ခရောက်ကြရတယ်။ ရုပ်ရှင်ရုံရှိဖို့ အဓိကလိုအပ်ပါတယ်။ အခုလို ရုပ်ရှင်ရုံ ၁၀၀ စီမံကိန်းပရောဂျက်လုပ်ဖြစ်တာကလည်း ကမ္ဘောဇဘဏ်ရဲ့အကူအညီနဲ့ လုပ်ဖြစ်ခဲ့တာဖြစ်တယ်" ဟု MAZE Co. Ltd. မှ ဥက္ကဋ္ဌ ဦးလွင်မိုးက ပြောသည်။

နိုင်ငံတစ်ဝန်း ရုပ်ရှင်ရုံ ၁၀၀ တည်ဆောက်မည့်စီမံကိန်းကို အနုပညာရှင်များဦးဆောင်သည့် MAZE Co. Ltd. မှ ဦးဆောင်ခြင်းဖြစ်ပြီး အဆိုပါအရင်းအနှီးအတွက် လိုအပ်သည့် ငွေပမာဏကို ကမ္ဘောဇဘဏ်က အရစ်ကျစိုက်ထုတ် ကူညီထောက်ပံ့ပေးမည်ဖြစ်ကာ ယင်းဘတ်ဂျက်ငွေအတွက် စုစုပေါင်း အမေရိကန် ဒေါ်လာသန်း ၂၀ လျာထားကြောင်း သိရသည်။ နိုင်ငံတစ်ဝန်း အဆိုပါရုပ်ရှင်ရုံ ၁၀၀ စီမံကိန်းအတွက် မြေငှားရမ်းတည်ဆောက်သွားမည်ဖြစ်ပြီး ငှားရမ်းရာတွင်လည်း ပထမ ငါးနှစ်နှင့် ဒုတိယငါးနှစ် စုစုပေါင်း ၁၀ နှစ် စာချုပ်ဖြင့် ငှားရမ်းမည်ဖြစ်သည်။ ရုံတည်ဆောက်ရာတွင်လည်း အကျယ်အဝန်းအားဖြင့် ပေ (၈၀ × ၆၀)ကျယ်ဝန်းမည်ဖြစ်ပြီး ရုံတစ်ရုံတွင် အဆင့်မြင့်ထိုင်ခုံ ၃၁၆ ခုံပါရှိကာ ရုံဝင်ကြေးသတ်မှတ်ချများကို ငွေကျပ် ၁၀၀၀၊ ၁၅၀၀၊ ၂၀၀၀ နှင့် ၂၅၀၀ ဟူ၍ တစ်ပြေးညီ သတ်မှတ်ကောက်ခံမည်ဖြစ်ကြောင်း သိရသည်။

ရုပ်ရှင်ရုံ ၁၀၀ စီမံကိန်းပရောဂျက်နှင့်ပတ်သက်၍ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးလူမင်းက "ရုပ်ရှင်ဇာတ်ကားတွေ ထုတ်လုပ်ဖို့ ဈေးကွက်ကျယ်ပြန့်လာတာနဲ့အမျှ ပြည်သူတွေ လိုလားတဲ့ ဇာတ်ကားအရည်အသွေးပိုင်းဆိုင်ရာတွေလည်း မြင့်တက်လာမှာပါ။ အားလုံးဟာ ရင်းနှီးမြှုပ်နှံမှုပေါ်မူတည်တယ်။ ဈေးကွက်ဆိုက်ပေါ် မူတည်ပြီးတော့ ရင်းနှီးမြှုပ်နှံရတာဖြစ်တဲ့အတွက် ဒီဈေးကွက်ကြီးမားလို့ ပိုပြီး ရင်းနှီးမြှုပ်နှံလာပြီဆိုရင် ကားတစ်ကားကို ပိုကောင်းအောင်ရိုက်နိုင်မှာဖြစ်တယ်"ဟု သုံးသပ်ပြောကြားသည်။

နိုင်ငံတစ်ဝန်း ယခုပြသလျက်ရှိသော ရုပ်ရှင်ရုံမှာ စုစုပေါင်း ရုံ ၄၀ သာရှိပြီး ထိုင်ခုံအားဖြင့်ဆိုလျှင် ထိုင်ခုံ ၈၀၀၀ ကျော်သာရှိကာ ယခု ရုံ ၁၀၀ တည်ဆောက်ရာတွင် တစ်ရုံ ၃၁၆ ခုံ ဝင်ဆံ့မည်ဖြစ်သည့်အတွက် ပရိသတ် သုံးသောင်းကျော် ပိုမိုဝင်ဆံ့လာမည်ဖြစ်သောကြောင့် မြန်မာ့ရုပ်ရုပ်ဖွံ့ဖြိုးတိုးတက်မှုအပိုင်းတွင် အထောက်အကူဖြစ်လာမည်ဖြစ်ကြောင်း ရုပ်ရှင်အသိုင်းအဝန်း အနုပညာရှင်များက သုံးသပ်ကြသည်။

သတင်း - မောင်စိန်လွင်(မြန်မာ့အလင်း)

ဓာတ်ပုံ - မင်းထက်

တရုတ်ဘက်မှ ဝယ်လိုအားနည်းခြင်းကြောင့် မန်း ဆန်ကြမ်းဈေးနှုန်းကျဆင်း

မန္တလေး ဇူလိုင် ၁၁

တရုတ်နိုင်ငံမှ ဆန်ဝယ်လိုအားနှင့် တရုတ်ယွမ်ငွေဈေး ကျဆင်းမှုကြောင့် ယင်းနိုင်ငံသို့ တင်ပို့သည့် မန္တလေး ဆန်ကြမ်းဈေးနှုန်းများ ယခုရက်ပိုင်းအတွင်း ကျဆင်းနေကြောင်း မန္တလေး ဆန်ကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးသိန်းဇော်က ပြောသည်။ မြန်မာဆန်ကြမ်း ဈေးကွက်သည် တရုတ်ပြည်ဝယ်လိုအား လျော့နည်းခြင်း၊ ယွမ်ဈေးနှုန်းကျဆင်းခြင်းနှင့် ပြည်တွင်းဝယ်လိုအား မရှိသလောက်နည်းပါးခြင်းကြောင့်လည်း ဖြစ်သည်ဟု ဆိုသည်။

"တရုတ်ပြည်ဘက်မှာ အဖမ်းအဆီးများတော့ တရုတ်ဝယ်လက်ကြီးတွေက အင်နဲ့အားနဲ့ ဆန်မဝယ်ကြဘူး။ ပြည်တွင်း ဆန်ကုန်သည်တွေကလည်း သကြားဘက်ကို လုပ်ငန်းပြောင်းကြတော့ ဆန်ဝယ်လိုအား နည်းသွားတယ်။ ဆန်ဟောင်းဈေးက ပုံမှန်အတိုင်း ငြိမ်နေဆဲပဲ"ဟု ၎င်းက ပြောသည်။

တရုတ်ဘက်သို့ တင်ပို့ရသည့် ဆန်ကြမ်းဈေးကွက်တွင် တစ်အိတ်လျှင် ငွေကျပ် ၅၀၀ မှ ၇၀၀ ထိကျဆင်းနေပြီး တရုတ် ယွမ်ငွေဈေးနှုန်းမှာ ဇွန် ၁၈ ရက်မှ ၅ ဒသမ ၅၉ ယွမ်ဖြင့် စတင်ကျဆင်းလာရာ ဇူလိုင် ၄ ရက်ထိ ၅ ဒသမ ၆၈ ယွမ်၊ ၉ ရက်၌ ၅ ဒသမ ၈၀ အထိ တဖြည်းဖြည်းကျဆင်းလာသည်။

ထို့ပြင် မြစ်ကြီးနား၊ ဖားကန့်၊ လောက်ကိုင် စသည့် အထက်ပိုင်းဒေသများတွင် မိုးများခြင်းကြောင့် အလုပ်အကိုင်များ ရပ်နားထားသဖြင့် ဆန်ဝယ်လိုအား ကျဆင်းနေခြင်းဖြစ်သည်။

"မိုးရာသီမှာ ကချင်ပြည်နယ်ဘက်က လမ်းပန်းဆက်သွယ်ရေး ခက်ခဲတော့ ပုံမှန်ထက် လမ်းမှာ ကြာတယ်။ အဲဒီဒေသက ဆန်ဆိုင်တွေလည်း ပိတ်ထားတော့ ဆန်တွေ ဒီအတိုင်းပြန်သယ်လာရတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

အစိုးရက တောင်သူများအား စိုက်ပျိုးစရိတ် ချေးငွေချထားပေးခြင်းထက် မြေသြဇာကောင်းသုံးစွဲနိုင်ရေး၊ ထုတ်လုပ်မှုစရိတ်သက်သာရန် စက်ကိရိယာများ ထောက်ပံ့နိုင်ရေးနှင့် မျိုးကောင်း မျိုးသန့်များ ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးနိုင်ရေးက အဓိက လိုအပ်နေကြောင်း ဆန်ကုန်သည်များက သုံးသပ်သည်။

"ပြည်တွင်းမှာ သုံးနေတာက အဆင့်မမီတဲ့ တရုတ်ထုတ်မြေဩဇာတွေပါ။ တရုတ်နယ်စပ်ပေါက်ကို ပိတ်လိုက်တော့ မိုးစပါးပေါ်လာရင် ပြဿနာဖြစ်လာ နိုင်တယ်။ အခြားနိုင်ငံထွက်ပေါက်တွေ ရှာဖို့လည်း လိုလာပြီ"ဟု ဆန်ကုန်သည် ကိုစိုင်းကျော်က ပြောသည်။

ဇူလိုင်လ ပထမပတ်အတွင်း မန္တလေးဆန်ဈေးကွက်တွင် မဂျမ်းတော တစ်အိတ်လျှင် ငွေကျပ် ၄၂၀၀၀ နှင့် ၄၃၀၀၀ ကြား၊ ရွှေဘိုပေါ်ဆန်း ငွေကျပ် ၄၁၀၀၀ နှင့် ၄၁၅၀၀ ကြား၊ ရန်ကုန်ပေါ်ဆန်း ငွေကျပ် ၃၅၀၀၀ နှင့် ၃၆၀၀၀ ကြား၊ ရေမင်း(မုံရွာ) ငွေကျပ် ၃၈၀၀၀ နှင့် ၃၉၀၀၀ ကြား၊ ရေမင်း (ရွှေဘို) ငွေကျပ် ၃၇၀၀၀ နှင့် ၃၈၀၀၀ ကြား၊ ပုသိမ်(ဇီယာသွယ်) ငွေကျပ် ၃၃၀၀၀ နှင့် ၃၄၀၀၀ ကြား၊ မြီးကောက် ငွေကျပ် ၃၂၀၀၀ နှင့် ၃၃၀၀၀ ကြား၊ မနောသုခ ငွေကျပ် ၂၆၀၀၀ နှင့် ၂၇၀၀၀ ကြား၊ ပေါ်ဆန်း(ဆလပ်) ငွေကျပ် ၂၂၀၀၀ နှင့် ၂၃၀၀၀ ကြား၊ ကောက်ညှင်း ငွေကျပ် ၃၁၀၀၀ နှင့် ၃၃၀၀၀ ကြားရှိကြောင်း သိရသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သူ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်

နေပြည်တော် ဇူလိုင် ၁၁

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရှိ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်း သားသမီးများမှ ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သူ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းနှင့် ၂၀၁၆-၂၀၁၇ ခုနှစ် ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ငွေပေးအပ်ခြင်းအခမ်းအနားကို ဇူလိုင် ၁၀ ရက်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဇော်ဝင်းက တက်ရောက်ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်ရှိ တပ်ဖွဲ့ဝင်နှင့် ဝန်ထမ်းသားသမီးများမှ ၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးခြောက်ဘာသာ နှစ်ဦး၊ ဂုဏ်ထူးငါးဘာသာ နှစ်ဦး၊ ဂုဏ်ထူးလေးဘာသာ နှစ်ဦး၊ ဂုဏ်ထူးသုံးဘာသာ တစ်ဦး၊ ဂုဏ်ထူးတစ်ဘာသာ နှစ်ဦး စုစုပေါင်း ကိုးဦးတို့အား ဂုဏ်ထူးတစ်ဘာသာလျှင် ငွေကျပ် ၅၀၀၀၀နှုန်းဖြင့် ငွေကျပ် ၁၇၅၀၀၀၀ နှင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ငွေကျပ် ၁၄၀၀၈၀၀၀ကို ပေးအပ်ခဲ့သည်။

ထို့အပြင် တိုင်းဒေသကြီး၊ ပြည်နယ်၊ လုံခြုံရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့၊ ကျောင်းများမှ ဂုဏ်ထူးခြောက်ဘာသာ ကိုးဦး၊ ငါးဘာသာ ၂၈ ဦး၊ လေးဘာသာ ၂၆ ဦး စုစုပေါင်း ၆၃ ဦးတို့အား ဂုဏ်ထူးတစ်ဘာသာလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၁၄၉၀၀၀၀၀ပေးအပ်ချီးမြှင့်ခဲ့သဖြင့် စုစုပေါင်းငွေကျပ် ၁၆၆၅၀၀၀၀ အား ပေးအပ်ချီးမြှင့်ခဲ့သည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှလည်း ၂၀၁၆-၂၀၁၇ ခုနှစ် ပညာသင်နှစ် တက္ကသိုလ်၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ ခဲတံ၊ ဘောပင်၊ မိုးကာ၊ ထီး စုစုပေါင်းတန်ဖိုးငွေကျပ် ၄၇၆၉၂၁၀အား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာဆေးဘက်ဆိုင်ရာ နည်းပညာဖွံ့ဖြိုးတိုးတက်ရေး GE Healthcare မှ ကူညီ

ရန်ကုန် ဇူလိုင် ၁၁

မြန်မာနိုင်ငံဆေးဘက်ဆိုင်ရာ နည်းပညာဖွံ့ဖြိုးတိုးတက်ရေး အမေရိကန်အခြေစိုက် GE Healthcare မှ ဆေးဘက်ဆိုင်ရာ နည်းပညာအသုံးပြုမှုများနှင့် အသုံးပြုနည်းပညာများ ဖလှယ်မှုကို ဇူလိုင် ၉ ရက်တွင် ရန်ကုန်မြို့ Park-Royal Hotel ၌ မြန်မာနိုင်ငံဆေးဘက်ဆိုင်ရာ ကိုင်တွယ်အသုံးပြုသူများအား နည်းပညာများ မျှဝေဖလှယ်ခဲ့ကြသည်။

"မြန်မာနိုင်ငံ ဆေးဘက်ဆိုင်ရာ ဖွံ့ဖြိုးမှုအတွက် ဒီက ဆေးဘက်ဆိုင်ရာ ပါမောက္ခတွေ၊ ဌာနမှူးတွေ၊ ဆရာဝန်ကြီးတွေ၊ ဆရာဝန်တွေ၊ ဆေးရုံပိုင်ရှင်တွေကို နည်းပညာတွေ မျှဝေဖလှယ်တာဖြစ်တယ်။ GE Healthcare အနေနဲ့ အခုလိုမျိုး မကြာခဏလုပ်သွားဖို့ရှိပါတယ်။ နောက်ဆုံးပေါ်အဆင့်မြင့်နည်းပညာတွေကို အသုံးပြုနေတဲ့ ပြည်သူတွေရဲ့ ကျန်းမာရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုပေးနေတဲ့ ဆရာဝန်တွေကို ခေတ်သစ်မော်ဒယ်သစ်တွေရဲ့ အသုံးပြုနည်း၊ အသုံးပြုပုံကအစ အသေးစိတ် Sharing လုပ်ပေးတာပါ"ဟု အမေရိကန်အခြေစိုက် GE Global Growth Organization Chief Country Representative မှ Andrew Lee (ခ) ကိုဇော်ဝင်းက ပြောသည်။

အဆိုပါပြည်တွင်းဆေးဘက်ဆိုင်ရာ ဆရာဝန်ကြီးများ၊ ဆရာဝန်များနှင့် ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူများအား ဆေးဘက်ဆိုင်ရာနည်းပညာမျှဝေမှုတွင် ခေတ်သစ်မော်ဒယ် မေ့ဆေးစက်များ၊ ECC စက်များ၊ ကလေးအနွေးပေးစက်များ၊ ကလေးအသားဝါလျှင် အသုံးပြုသည့် နောက်ဆုံးပေါ် မီးပြစက်များ၊ ခေတ်မီအသက်ရှူစက်များ စသည်ဖြင့် ကျန်းမာရေးပိုင်းဆိုင်ရာ အဆင့်မြင့်စက်ပစ္စည်းများအသုံးပြုပုံတို့ကို မျှဝေပေးခဲ့သည်။ ထို့အပြင် GE မှ နောက်ဆုံးပေါ် ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ် မော်ဒယ်သစ်များအသုံးပြုမှုကိုလည်း မျှဝေပေးခဲ့ကြောင်း သိရသည်။

"ကျွန်မတို့ ပြည်တွင်းဆရာဝန်တွေကို GE အနေနဲ့ အခုလိုပွဲလေးကျင်းပပြီးတော့ နည်းပညာပိုင်းဆိုင်ရာ အသုံးပြုနည်းလေးတွေကို Sharing လုပ်ပေးတာ ကောင်းပါတယ်။ ပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်မတို့ ပြည်တွင်းဆေးရုံတွေမှာ တချို့သုံးနေတဲ့ပစ္စည်းတွေက တော်တော်လေး ဒိတ်အောက်နေပါပြီ။ ယနေ့ နည်းပညာပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုမှာ ကျွန်မတို့အနေနဲ့ နိုင်ငံတကာကို အမီလိုက်ဖို့လိုပါတယ်။ အခု ဆွေးနွေးမှုအပိုင်းလေးတွေကို ကဏ္ဍအလိုက် ခွဲပေးထားတာကိုတွေ့ရပါတယ်။ ပြောရရင် ဒီလိုပွဲမျိုးလေးတွေ ခဏခဏလုပ်ပေးရင် ပိုကောင်းမယ်လို့ မြင်ပါတယ်"ဟု ဆေးဘက်ဆိုင်ရာနည်းပညာ ဖလှယ်မှုနှင့်ပတ်သက်၍ တက်ရောက် လာသည့် ပြည်တွင်းဆရာဝန်တစ်ဦးက ပြောသည်။

GE Healthcare က ကူညီဝေမျှသည့် ဆေးဘက်ဆိုင်ရာ နည်းပညာအသုံးပြုမှုပိုင်းဆိုင်ရာ ဆွေးနွေးပွဲသို့ ပြည်တွင်းဆေးရုံများမှ မေ့ဆေးဆရာဝန်ကြီးများ၊ အရေးပေါ်ဌာနမှ ဆရာဝန်များ၊ ကလေးအထူးကုဆရာဝန်များ၊ နှလုံးအထူးကုဆရာဝန်များနှင့် ပုဂ္ဂလိကဆေးရုံပိုင်ရှင်များနှင့် ဆေးဝါးဘက်ဆိုင်ရာ တာဝန်ရှိသူ ၁၀၀ ဝန်းကျင်တက်ရောက်ခဲ့ပြီး GE Healthcare မှ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်လေးဦး လာရောက် ဆွေးနွေးဖလှယ်ခဲ့သည်။

GE သည် အမေရိကန်အခြေစိုက်ဖြစ်ပြီး မြန်မာနိုင်ငံသို့ ၂၀၁၂ ခုနှစ်က စတင်ဝင်ရောက်လာခြင်းဖြစ်ပြီး မြန်မာနိုင်ငံဖွံ့ဖြိုးရေးအတွက် လူမှုအကျိုးပြုလုပ်ငန်းများကိုလည်း အမေရိကန် ဒေါ်လာ ၇ သန်းအကုန်အကျခံ လုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

မောင်စိန်လွင်(မြန်မာ့အလင်း)

ပုသိမ်ကြီးမြို့နယ်၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ရုပ်စုံကာတွန်းများဖြင့် ပညာပေးဟောပြော

ပုသိမ်ကြီး ဇူလိုင် ၁၁

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အောင်ဇမ္ဗူခန်းမဆောင် ကွင်းပြင်၌ ဇူလိုင် ၁၁ ရက်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ရုပ်စုံကာတွန်းများဖြင့် ပညာပေးဟောပြောပွဲ အခမ်းအနား ကျင်းပရာ အမှတ်(၁၄) ယာဉ်ထိန်းရဲ ဒုတိယ တပ်ဖွဲ့ခွဲ(မန္တလေး)၊ အမှတ်(၈၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စု(ပုသိမ်ကြီးမြို့နယ်)မှ ဒုတိယရဲမှူး ဝင်းကိုကို၊ ရဲအုပ်အောင်ကျော်မိုး၊ ပုသိမ်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှူး ဦးတင့်ဆွေ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်လှနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီးက အမှာစကားပြောကြားပြီး ရဲအုပ်အောင်ကျော်မိုးက ကျောင်းသား ကျောင်းသူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ သိရှိစေရန်နှင့် လိုက်နာကြစေရန် ရုပ်စုံကာတွန်းများဖြင့် ပညာပေးဟောပြောခဲ့သည်။

အဆိုပါ အမှတ်(၈၆)ယာဉ်ထိန်းရဲတပ်ဖွဲ့စု(ပုသိမ်ကြီးမြို့နယ်)အဖွဲ့သည် ကျောင်းတက်ချိန်နှင့် ကျောင်းဆင်းချိန်များတွင် ယာဉ်အန္တရာယ်ကင်းရှင်းစေရန် အလှည့်ကျဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောင်ကျော်ထွန်း(ပုသိမ်ကြီး)

ယာယီဓာတ်အားပြတ်တောက်မည်ဖြစ်ကြောင်း အများပြည်သူသို့ အသိပေးပန်ကြား

ရန်ကုန် ဇူလိုင် ၁၁

ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များသို့ လျှပ်စစ်ဓာတ်အား ပြည့်ဝစွာဖြန့်ဖြူးပေးနိုင်ရေးအတွက် 230 KV အရှေ့ဒဂုံဓာတ်အားခွဲရုံ၏ 66 KV ဓာတ်အားလိုင်းတည်ဆောက်ခြင်းလုပ်ငန်းကို လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းဆောင်ရွက်မည့် ဇူလိုင် ၁၂ ရက် နံနက် ၈ နာရီမှ ညနေ ၆ နာရီအတွင်း ဒဂုံအရှေ့ ဒဂုံတောင်မြို့နယ်အတွင်းရှိ သီတဂူကျောင်းတိုက်၊ ဘဲခြံရပ်ကွက်နေရာ ဇူလိုင် ၁၆ ရက် နံနက် ၈ နာရီ မှ ညနေ ၄ နာရီအတွင်း ဒဂုံအရှေ့ ဒဂုံဆိပ်ကမ်း၊ ဒဂုံတောင်မြို့နယ်များ၏ ရပ်ကွက်နေရာအချို့ ယာယီဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်ပါကြောင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းမှ အများပြည်သူသို့ အသိပေးပန်ကြားထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

လျှပ်စစ်မီးပြတ်တောက်ခြင်းကြောင့် မှုခင်းများဖြစ်ပေါ်နိုင်သဖြင့် လျှပ်စစ်မီးပုံမှန်ရရေး လှိုင်သာယာဒေသခံများလိုလား

ရန်ကုန် ဇူလိုင် ၁၁

ရန်ကုန်တိုင်းဒေသကြီး၏ ရွှေ့ပြောင်းစီမံချက်(၄) မြို့နယ်တွင် ပါဝင်သော လှိုင်သာယာမြို့နယ်တွင် နေ့စဉ်နီးပါး လျှပ်စစ်မီး အနည်းဆုံး သုံးကြိမ် ပြတ်တောက်နေသည့်အတွက် ညပိုင်းတွင် လုယက်မှုဖြစ်ပွားရန် တွန်းအားပေးနေသကဲ့သို့ ဖြစ်နေကြောင်း၊ နေ့ပိုင်းထက် ညပိုင်း လျှပ်စစ်မီးပြတ်တောက်မှုသည် တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေးကို ထိခိုက်နိုင်ကြောင်း အမှတ်(၁၅)ရပ်ကွက်မှ ညပိုင်းလုံခြုံရေး ကူညီဆောင်ရွက်ပေးသည့် ရပ်မိရပ်ဖတို့က ပြောဆိုလျက်ရှိသည်။

"ကျွန်တော်တို့တွေက ရဲတပ်ဖွဲ့နဲ့ လက်တွဲပြီး ညပိုင်းရပ်ကွက်လုံခြုံရေးဆောင်ရွက်နေပေမယ့် ကျန်စစ်သားလမ်းမကြီးတစ်လျှောက်နဲ့ တပင်ရွှေထီးလမ်းမကြီးမှာလည်း မီးမရှိဘူး၊ ရပ်ကွက်လမ်းမနဲ့ လမ်းသွယ်တွေမှာလည်း မီးတိုင်မရှိဘူး၊ ပြီးတော့ ရွှေလင်ပန်းစက်မှုဇုန်က ည ၁၁ နာရီခွဲထိ စက်ရုံဆင်းမိန်းကလေးတွေ သွားလာနေကြတာ၊ ဆိုင်ကယ်နဲ့ လုယက်တာ၊ အုပ်စုနဲ့ လုယက်တာတွေဆိုရင် အမှောင်ထဲမပြောနဲ့ အလင်းထဲမှာတောင် ချက်ချင်းမကပ်ရဲကြဘူး။ လုယက်သူမှန်သမျှ ဓားပါတာများတယ်။ မိုးရွာတာကို အခွင့်ကောင်းယူပြီး လုယက်ခဲ့ရင် မီးရှိတော့ တစ်ယောက်မဟုတ် တစ်ယောက်မြင်ပြီး ကူညီနိုင်တယ်။ တိုင်းရဲမှူးကြီး ညပိုင်း လာစစ်တုန်းက လျှပ်စစ်မီးတွေမရှိတဲ့အတွက် မှုခင်းဖြစ်ပွားမှုကို ဖိတ်ခေါ်နေသလိုပဲလို့ သတိပေးပြောသွားသေးတယ်။ ဒါကြောင့် လှိုင်သာယာမှာ နေ့ပိုင်းထက် ညပိုင်း မီးမပျက်စေချင်ဘူး"ဟု အမှတ်(၁၅)ရပ်ကွက် အုပ်ချုပ်ရေးပိုင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လှိုင်သာယာမြို့နယ်တွင် ညပိုင်းလျှပ်စစ်မီးပြတ်တောက်သည့်အတွက် ဒေသခံများ ခက်ခဲစွာသွားလာနေရစဉ်

ဇူလိုင် ၉ ရက်က နံနက် ၈ နာရီခွဲမှ ညနေ ၄ နာရီခွဲထိ လှိုင်သာယာ၌ လျှပ်စစ်မီးပျက်၍ လျှပ်စစ်မီးကြိုးများ စနေနေ့ ပြင်ဆင်လေ့ရှိကြောင်း မြို့ခံတို့ နားလည်သော်လည်း ကျန်ရက်များနည်းတူ ဇူလိုင် ၁၀ ရက်၌လည်း နံနက်၊ မွန်းလွဲပိုင်းနှင့် ညနေပိုင်းတို့တွင် ပုံမှန်မီးပျက်နေခြင်းကြောင့် လူမှုစီးပွားဘဝများထိခိုက်စေသည့်အပြင် ည ၁၁ နာရီနှင့် နံနက် ၂ နာရီခွဲ၌ လျှပ်မီးပျက်ခြင်းသည် ညနှောင်းပိုင်း စက်ရုံဆင်း အမျိုးသမီးများနှင့် နံနက်ခင်း ကုန်စိမ်းနှင့် သားငါးဈေး ကြိုသူတို့အတွက် လုယက်မှုကိုဖိတ်ခေါ်နေသကဲ့သို့ ဖြစ်ပေါ်နေသောကြောင့် မှုခင်းဖြစ်ပွားမှုများသော မြို့နယ် လေးမြို့နယ်တွင် ပါဝင်သော လှိုင်သာယာမြို့နယ်အား ရပ်ကွက်/ကျေးရွာ တို့ရှိ အိမ်များသို့ သွယ်တန်းထားသော လျှပ်စစ်ကြိုးများ ပြန်လည်ပြုပြင်ခြင်းနှင့် လျှပ်စစ်မီးပြတ်တောက်မှု နည်းနိုင်သမျှ နည်းမှသာ မှုခင်းကျဆင်းမှုကို အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း မြို့ခံတို့က ပြောဆိုလျက်ရှိသည်။

(၁၆၄)

ကျေးရွာမြေငှားဂရန် ထုတ်ပေးနိုင်ရေး မြေတိုင်းတာခြင်းများ ကွင်းဆင်းဆောင်ရွက်

ဆိပ်ဖြူ ဇူလိုင် ၁၁

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ကိုးတောင့်ကျေးရွာအုပ်စု ရေလယ်ကျွန်းကျေးရွာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ရက်(၁၀၀)စီမံချက် ကျေးရွာမြေငှားဂရန် ထုတ်ပေးနိုင်ရေးအတွက် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနမှ ဝန်ထမ်းများက ကျေးရွာမြေတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ကျေးရွာမြေငှားဂရန် ထုတ်ပေးနိုင်ရေး ကျေးရွာမြေတိုင်းတာခြင်းလုပ်ငန်းများကို ဇူလိုင် ၁၀ ရက် မွန်းလွဲပိုင်းက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်အေးနှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူး ဦးဇော်ဝင်းလတ်၊ ကိုးတောင့်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးအောင်မင်းစိန်တို့သည် ကျေးရွာမြေငှားဂရန် ထုတ်ပေးနိုင်ရေး လုပ်ငန်းများဆောင်ရွက်မှုအပေါ် ကွင်းဆင်းစစ်ဆေးခဲ့သည်။

ကျေးရွာမြေငှားဂရန် ထုတ်ပေးနိုင်ရေးနှင့်ပတ်သက်၍ မြို့နယ်အုပ်ချုပ်ရေးမှူးက သတ်မှတ်စည်းကမ်းများနှင့်အညီ ဆောင်ရွက်ရေးမှာကြားပြီး ရေလယ်ကျွန်းကျေးရွာတွင် အိမ်ထောင်စု ၂၂၃ စုရှိပြီး ကျေးရွာမြေငှားဂရန်ရရှိပါက မိမိပိုင်ဆိုင်သည့် နေအိမ်အထောက်အထား ခိုင်မာစွာရရှိမည်ဖြစ်၍ မိမိတို့ စီးပွားရေးဆိုင်ရာကိစ္စရပ်များအတွက် ခိုင်မာသော အထောက်အထားများ ရှိမည်ဖြစ်ကြောင်း သိရသည်။

စိုးလင်းနိုင်(မြန်/ဆက်)

ဒါးလက်စ်ရဲ ငါးဦးအား သေနတ်ချောင်းမြောင်း ပစ်ခတ်မှုတွင် နောက်ခံအကြောင်းတစ်ခုရှိနေ

နယူးယောက် ဇူလိုင် ၁၁

ပြီးခဲ့သည့် ရက်သတ္တပတ်က ဒါးလက်စ်ရဲအရာရှိ ငါးဦးအား အမေရိကန်စစ်မှုထမ်းဟောင်းတစ်ဦးက သေနတ်ဖြင့် ပစ်သတ်ခဲ့မှုတွင် ကြီးမားသည့် နောက်ခံအကြောင်းရင်းရှိနေကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။ ၎င်းသည် မသေဆုံးမီ ညှိနှိုင်းဆွေးနွေးသူများကို မည်မျှမုန်းတီးကြောင်း ဖော်ပြခဲ့ပြီး နံရံပေါ်တွင် သွေးဖြင့် စာရေးခဲ့သည်ဟု သိရသည်။

အမေရိကန်ရဲအရာရှိများကို ဆန့်ကျင်သည့် ဆန္ဒပြထုတ်ဖော်မှုများသည် တနင်္ဂနွေနေ့က သုံးရက်တိုင်ခဲ့ပြီး လူမည်းနှစ်ဦး သေနတ်ပစ်ခံရပြီး သေဆုံးရမှုအတွက် လမ်းများပေါ် စုဝေးဆန္ဒပြနေစဉ်အတွင်း အာဏာပိုင်များက ဆူပူအုံကြွမှုများ မဖြစ်စေရန် သတိပေးခဲ့သည့်နောက် လူဝီစီယားနားပြည်နယ် ဘာတွန်ရောက့်တွင် လူအမြောက်အမြားကို ဖမ်းဆီးထိန်းသိမ်းခဲ့ရသည်။

ဒါးလက်စ်ရဲအရာရှိချုပ် ဒေးဗစ်ဘရောင်းက မီခါအိတ်စ် ဂျွန်ဆန်သည် ကြာသပတေးနေ့က ဖြစ်ပွားခဲ့သည့် ဆန္ဒပြထုတ်ဖော်မှု၌ ရဲအရာရှိများအား သေနတ်ဖြင့် ပစ်ရန် ရွေ့လျားသေနတ်ပစ်ခတ်သော နည်းကို အသုံးပြုခဲ့သည်ဟု တနင်္ဂနွေနေ့က စီအင်န်အင်န်သတင်းဌာနသို့ ပြောကြားခဲ့သည်။

(ရိုက်တာ)

အားကစားသမား ၉၆ ဦးနှင့် အရန်ကစားသမား ခုနစ်ဦးကို ရီယိုအိုလံပစ်ပွဲတော်သို့ ရိုမေးနီးယားစေလွှတ်မည်

ဘူခါရက်စ် ဇူလိုင် ၁၁

ရိုမေးနီးယား အိုလံပစ်ကော်မတီ၏ စီမံခန့် ခွဲရေးဆိုင်ရာ ဌာနခွဲကော်မတီအဖွဲ့သည် ရီယိုဒီဂျနေရိုးသို့ စေလွှတ်မည့် ရိုမေးနီးယား အိုလံပစ်အားကစားအဖွဲ့ အမည်စာရင်းကို ကြေညာခဲ့သည်။

ဥရောပအရှေ့ပိုင်း နိုင်ငံဖြစ်သည့် ရိုမေးနီးယားသည် ပြိုင်ပွဲဝင်အားကစားသမား ၉၆ ဦးနှင့် အရန်ကစားသမား ခုနစ်ဦးကို ဘရားဇီးနိုင်ငံမြို့တော် ရီယိုဒီဂျနေရိုးသို့ အားကစားပြိုင်ပွဲ ၁၆ မျိုးအတွက် စေလွှတ်သွားမည်ဟု သိရသည်။ ၎င်းတို့ အထဲတွင် ၁၈ ဦးမှာ ကနူးလှေလှော် အားကစားသမားများနှင့် ပြင်ပကွင်းပြင် အားကစားသမားများ ဖြစ်ကြသည်။

စေလွှတ်မည့်သူများတွင် မယ်လဒိုနီယမ်တားမြစ်ဆေးသုံးစွဲသည်ဟု စစ်ဆေးတွေ့ရှိခဲ့သည့် ၂၀ ကီလိုမီတာ လမ်းလျှောက်ပြိုင်ပွဲဝင်ကလော်ဒီယာ စတက်ဖ်လည်း ပါဝင်ခဲ့သဖြင့် သတိထားဖွယ်ရာ ဖြစ်ခဲ့သည်။

သို့သော် ရိုမေးနီးယား အိုလံပစ်ကော်မတီအဖွဲ့က အဆိုပါစစ်ဆေးတွေ့ရှိမှုကို မပြောပလောက်သော ပမာဏအဖြစ် သတ်မှတ်ကာ ၎င်းအားထည့်သွင်း စေလွှတ်ရန် ဆုံးဖြတ်ချက်ချခဲ့သည်။

ရိုမေးနီးယားအမျိုးသမီးအားကစားသမားများသည် ၁၉၈၄ ခုနှစ်၊ ၂၀၀၀ ပြည့်နှစ်၊ ၂၀၀၄ ခုနှစ်တို့တွင် ရွှေတံဆိပ်ဆု အပါအဝင် အိုလံပစ်အားကစားပွဲများစွာတို့တွင် ထူးချွန်ဆုများ ဆွတ်ခူးခဲ့သည်။

(ဆင်ဟွာ)

ဖခင်၏လုပ်ကြံခံရမှုအတွက် လက်တုံ့ပြန်မည်ဟု ဘင်လာဒင်၏သားဖြစ်သူက ခြိမ်းခြောက်လာ

ဝါရှင်တန် ဇူလိုင် ၁၁

အယ်လ်ခိုင်ဒါ အကြမ်းဖက်အဖွဲ့၏ခေါင်းဆောင်အိုစမာဘင်လာဒင်၏ သားဖြစ်သူက ၎င်း၏ဖခင်လုပ်ကြံသတ်ဖြတ်ခံခဲ့ရသည့်အတွက် အမေရိကန်ကို တုံ့ပြန်လက်စားချေမည်ဟု ခြိမ်းခြောက်ခဲ့ကြောင်း အွန်လိုင်းပေါ်သို့ တင်ထားခဲ့သည့် အသံဖိုင်တစ်ခုမှ သိရှိရသည်။

ဟမ်ဇာဘင်လာဒင်၏ ၂၁ မိနစ်ကြာမြင့်သည့် အသံဖိုင်တွင် “ကျွန်ုပ်တို့အားလုံးသည် အိုစမာဖြစ်သည်။ ကျွန်ုပ်တို့အဖွဲ့သည် ပါလက်စတိုင်း၊ အာဖဂန်နစ္စတန်၊ ဆီးရီးယား၊ အီရတ်၊ ယီမင်၊ ဆိုမာလီယာနှင့် ကျန်သည့် အစ္စလာမ်နိုင်ငံများရှိ ပြည်သူများအပေါ် ဖိနှိပ်ရက်စက်ခဲ့မှုများအတွက် သင့်အား ပြည်တွင်းရော ပြည်ပပါ မကျန်ပစ်မှတ်ထားတိုက်ခိုက်ချေမှုန်း၍ တုံ့ပြန်လက်စားချေသွားမည်” ဟု ၎င်းက ပြောဆိုခဲ့သည်။

အိုစမာဘင်လာဒင်သည် အမေရိကန် ကွန်မန်ဒိုအဖွဲ့၏ စစ်ဆင်ရေးကြောင့် ၂၀၁၁ ခုနှစ်တွင် ၎င်းပုန်းခိုရာ နေရာ၌ သေဆုံးခဲ့သည်။

(ရိုက်တာ)

ကုလလုံခြုံရေးကောင်စီက သတိပေးနေသည့်ကြားမှ တောင်ဆူဒန်၌တိုက်ပွဲများပြန်ဖြစ်

ဂျူဘား ဇူလိုင် ၁၁

ကုလသမဂ္ဂ လုံခြုံရေးကောင်စီသည် ပြိုင်ဘက်များဖြစ်သည့် သမ္မတ ဆယ်လ်ဗာကီရာနှင့် ဒုတိယသမ္မတ ရိခ်မာချာတို့အား ၎င်းတို့၏တပ်ဖွဲ့ဝင်အင်အားစုများကို ထိန်းချုပ်ဟန့်တားပြီး အကြမ်းဖက်ဆူပူမှုများကိုအဆုံးသတ်ရန် ပြောကြားခဲ့ပြီးနောက် တစ်ရက်အကြာ တနင်္လာနေ့တွင် တောင်ဆူဒန်မြို့တော် ဂျူဘား၌ တိုက်ခိုက်မှုများနှင့် သေနတ်ပစ်ခတ်မှုများဖြစ်ပွားခဲ့သည်။

ကြာသပတေးနေ့က မာချာကို ထောက်ခံသူများနှင့် ကီရာသစ္စာတော်ခံတပ်ဖွဲ့များအကြား ဦးစွာဖြစ်ပွားခဲ့သည့် တိုက်ပွဲများကြောင့် လူများစွာသေဆုံးခဲ့ရသည်။

မာချာသည် နှစ်နှစ်ကြာ ပြည်တွင်းစစ်အတွင်း တော်လှန်ပုန်ကန်မှုကို ဦးဆောင်ခဲ့သူဖြစ်သည်။ ပြန်လည်

စတင်လာသည့် တိုက်ပွဲများက ပဋိပက္ခများ ပြန်လည်ကြီးထွားလာမည့် စိုးရိမ်မှုများ မြင့်တက်လာစေခဲ့သည်။
(ရိုက်တာ)

ဆီးရီးယားတွင် ရုရှားလေယာဉ်ပစ်ချခံရ လေယာဉ်မှူးနှစ်ဦးသေဆုံး

ဒမတ်စကတ် ဇူလိုင် ၁၁

ဆီးရီးယား ပါမိုင်ရာအနီးတွင် အကြမ်းဖက်စစ်သွေးကြွများက စစ်ရဟတ်ယာဉ်တစ်စင်းကို ပစ်ချခဲ့သောကြောင့် ရုရှား လေယာဉ်မှူး နှစ်ဦးသေဆုံးခဲ့ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ထုတ်ပြန်ကြေညာချက်ကို အင်တာဖက်သတင်းအေဂျင်စီက ကိုးကားဖော်ပြခဲ့သည်။

တနင်္ဂနွေနေ့၌ ဟွန်းဒေသတွင် အိုင်အက်စ်အဖွဲ့မှ အကြမ်းဖက်သမားများက လေယာဉ်မှူးနှစ်ဦးကို တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ အမ်အိုင် ၂၅ ရဟတ်ယာဉ်သည် ကျည်ဆန်ကုန်သွားစဉ် တိုက်ခိုက်ခံရခြင်းဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ ပြောကြားချက်ကို ကိုးကား၍ အင်တာဖက်သတင်းအေဂျင်စီက ဖော်ပြ ခဲ့သည်။

လမ်းကြောင်းပေါ်တွင် ကွေ့ပတ်မောင်းနေသော ရဟတ်ယာဉ်သည် စစ်သွေးကြွများ၏ မြေပြင်မှ ပစ်ခတ်တိုက်ခိုက်သော လက်နက်ထိမှန်ပြီး ဆီးရီးယားအစိုးရထိန်းချုပ်ဒေသသို့ ပျက်ကျသွားခဲ့ပြီး လေယာဉ်အမှုထမ်းများ သေဆုံးသွားခဲ့ကြောင်း ယင်းသတင်းတွင် ဆက်လက်ဖော်ပြထားသည်။

လွန်ခဲ့သောနှစ်ကုန်ပိုင်းမှစပြီး ရုရှားတပ်ဖွဲ့များသည် ဆီးရီးယား သမ္မတ ဘတ်ရှာအယ်လ်အာဆတ်ကို ထောက်ပံ့ပေးရန် ဆီးရီးယားပဋိပက္ခထဲသို့ ဝင်ရောက်လာခဲ့သည်။

(ရိုက်တာ)

အမေရိကန်နိုင်ငံမှာရှိတဲ့ ခေါင်းဆောင်တော်တော်များများဟာ ဆော်ဒီအာရေဗျနိုင်ငံကို တိမ်းညွှတ်လေ့ရှိပြီး အဲဒီအထဲမှာသမ္မတအိုဘားမားလည်း ခြွင်းချက်မရှိပါဝင်ခဲ့ပါတယ်။ မကြာသေးမီက ဝါရှင်တန်မှာပြုလုပ်ခဲ့တဲ့ အိုဘားမားနဲ့ ဆော်ဒီအာရေဗျနိုင်ငံရဲ့ ကိုယ်စားလှယ်အိမ်ရှေ့စံမင်းသား မိုဟာမက်ဘင်ဆယ်လ်မန်တို့တွေ့ဆုံပွဲမှာ သမ္မတအိုဘားမားဟာအမေရိကန်နဲ့ဆော်ဒီအာရေဗျနိုင်ငံအကြား မဟာဗျူဟာမြောက်တဲ့ လုပ်ဖော်ကိုင်ဖက်များအဖြစ် ထပ်မံခိုင်မာစေခဲ့ပါတယ်။

ပါရှန်းပင်လယ်ကွေ့ဒေသအပေါ် အမေရိကန်၏ ကတိကဝတ်ထားရှိမှု အဆုံးသတ်တော့မည်လား

အမေရိကန်၏ ၃၉ ဦးမြောက် သမ္မတ ဂျင်မီကာတာ

ကလျာမိုးမြင့်

ဝါရှင်တန်အနေနဲ့ ဘာကြောင့် ဆော်ဒီနဲ့ ပါရှန်းပင်လယ်ကွေ့ ဒေသတွေအပေါ်မှာ ဒီလောက်တောင် ယုံကြည်အားကိုးနေရသလဲဆိုတဲ့မေးခွန်းဟာ မေးသင့်မေးထိုက်တဲ့ မေးခွန်းတစ်ခုပါ။ အဆိုပါနိုင်ငံတွေရဲ့ သက်ဦးဆံပိုင်အုပ်ချုပ်မှုစနစ်များနဲ့ အမျိုးသမီးတွေအပေါ်ထားရှိတဲ့ သဘောထားကနေအစွန်းရောက်အစ္စလာမ္မစ်ဝါဒပျံ့နှံ့မှုတွေမှာ ပါဝင်ပတ်သက်လာမှုတွေအထိ အမေရိကန်ရဲ့စံနှုန်းသတ်မှတ်မှုတွေနဲ့ ဘယ်လိုမှဟပ်စပ်မှုမရှိတဲ့ အုပ်ချုပ်မှုစနစ်တွေနဲ့ သဟဇာတဖြစ်အောင် တန်းညှိဖို့ဝါရှင်တန်က ကြိုးပမ်းနေပါတယ်။

ဒီမေးခွန်းရဲ့အဖြေဟာ သမ္မတဂျင်မီကာတာ ဦးစွာဖွဲ့စည်းချမှတ်ခဲ့တဲ့ ၃၆နှစ် သက်တမ်းရှိတဲ့မူဝါဒအပေါ်မှာတည်မှီနေပါတယ်။

၎င်းသမ္မတဖြစ်ခဲ့တဲ့ ၁၉၈၀ ပြည့်နှစ်အတွင်း ပြည်ထောင်စုမိန့်ခွန်းပြောကြားခဲ့စဉ်မှာ ကာတာဟာ ပါရှန်းပင်လယ်ကွေ့ဒေသရဲ့ လွတ်လပ်စွာရေနံစီးဆင်းမှုကိုကာကွယ်မယ်လို့ ကတိသစ္စာဆိုခဲ့ပါတယ်။ အာဖဂန်နစ္စတန်နိုင်ငံအတွင်းသို့ ဆိုဗီယက်ရဲ့ ကျူးကျော်ဝင်ရောက်မှုဟာ ဆိုဗီယက်အင်အားစုများကို ကမ္ဘာ့ရေနံအများစုမဖြစ်မနေစီးဆင်းရာဖြစ်တဲ့ ဟော်မုဇ်ရေလက်ကြားနဲ့ နီးကပ်စေခဲ့ပါတယ်။ ဒါဟာ အရှေ့အလယ်ပိုင်းဒေသရဲ့ လွတ်လပ်တဲ့ရေနံစီးဆင်းမှုအတွက် ကြောက်မက်ဖွယ်ရာ ခြိမ်းခြောက်မှုဖြစ်ပါတယ်။

ကာတာဟာရေနံကြွယ်ဝတဲ့ ပါရှန်းပင်လယ်ကွေ့ကို အမေရိကန်ရဲ့အသက်တမျှအရေးကြီး လုတဲ့နေရာအဖြစ်သတ်မှတ်လိုက်ပြီး စစ်ရေးအင်အားစုအပါအဝင်ဘယ်နည်းနဲ့မဆို ကာကွယ်စောင့်ရှောက်သွားမယ်လို့ သစ္စာပြုခဲ့ပါတယ်။ ကာတာရဲ့အဆိုအမိန့်ဖြစ်တဲ့ အဆိုပါမူဝါဒကို ပြတ်ပြတ်သားသား ဖော်ပြခဲ့တဲ့အချိန်ကစပြီး အမေရိကန်သမ္မတ အဆက်ဆက်တိုင်းဟာ ပါရှန်းပင်လယ်ကွေ့ဒေသကို ဝါရှင်တန်ရဲ့အသက်တမျှအရေးကြီးတဲ့ အာရုံစိုက်မှုအဖြစ် သဘောထားပြုမူခဲ့ကြပါတယ်။ သမ္မတအိုဘားမားသည်ပင်လျှင် အမေရိကန်ကို အီရတ်နဲ့အာဖဂန်စစ်ပွဲတွေကနေ လွတ်မြောက်စေချင်တဲ့ဆန္ဒတွေရှိခဲ့ပါတယ်။ ပါရှန်းပင်လယ်ကွေ့ဒေသရဲ့ရေနံစီးဆင်းမှုကို အမေရိကန်တပ်မတော်က ကာကွယ်ရမယ်ဆိုတဲ့ လိုအပ်ချက်အတွက် ရှိသေလေးစားစွာဆက်ခံခဲ့ခြင်းဖြစ်ပါတယ်။

သို့သော်လည်း ပါရှန်းပင်လယ်ကွေ့ကို အမေရိကန်က ကာကွယ်စောင့်ရှောက်ပါမယ်လို့ ဂျင်မီကာတာ ပထမဆုံးအကြိမ် ကတိပေးအပ်ခဲ့ပြီးတဲ့အချိန်ကစပြီး ဆယ်စုနှစ်အနည်းငယ်အတွင်းမှာပဲ ကမ္ဘာကြီးဟာ ပြောင်းလဲသွားခဲ့ပါတယ်။ နောက်ထပ်တက်လာတဲ့ သမ္မတက ကာတာရဲ့အဆိုအမိန့်ကိုပယ်ချပြီး ပါရှန်းပင်လယ်ကွေ့မှာ အမေရိကန်ရဲ့တပ်ဖြန့်ထားမှုကို ရုပ်သိမ်းဖို့ ဖြစ်လာခဲ့ပါတယ်။ ဘာကြောင့်လဲ။

ပထမဆုံးအချက်က ကုန်ကျစရိတ်ပဲဖြစ်ပါတယ်။ အမေရိကန်မှာရှိတဲ့ အခွန်ပေးဆောင်သူတွေဟာ ပင်လယ်ကွေ့အတွင်းမှာ အခြေစိုက်ထားတဲ့ မြောက်မြားလှစွာသော သင်္ဘောတွေ၊ ရဟတ်ယာဉ်နဲ့ အမေရိကန်တပ်ဖွဲ့ဝင် ၃၀၀၀၀ နီးပါးကို ဆက်လက်ထားရှိနိုင်ဖို့အတွက် အခွန်ငွေပေးဆောင်နေကြရပါတယ်။ ပင်လယ်ကွေ့မှာ အမေရိကန်တပ်တွေကို ချထားရတဲ့ကုန်ကျစရိတ်ဟာ ခန့်မှန်းခြေအားဖြင့် တစ်နှစ်မှာ အမေရိကန်ဒေါ်လာ ဘီလီယံ ၅၀ ကနေ ဘီလီယံ ၉၀ အထိ နှစ်စဉ်ကုန်ကျနေပါတယ်။

ပါရှန်းပင်လယ်ကွေ့ ရေနံတင်ပို့မှုများဟာ တစ်ရှိန်ထိုးကျဆင်းခဲ့ပြီး လာမယ့် ၂၀၂၅ ခုနှစ်မှာ တစ်ရက်လျှင် ရေနံစည်ပေါင်းသုံးသိန်း တင်ပို့ရာကနေ ၈၀ ရာခိုင်နှုန်းလောက်အထိ ကျဆင်းကာ နောက်ပိုင်းမှာ ဈေးကွက်ကနေ လုံးဝပျောက်ကွယ်သွားလိမ့်မယ်လို့ ခန့်မှန်းတွက်ချက်ထားကြ

အမေရိကန်ဟာ ပါရှန်းပင်လယ်ကွေ့ ရေနံစီးဆင်းမှုကိုထိန်းသိမ်းဖို့အတွက် ၁၉၈၀ ပြည့်နှစ်နဲ့ ၂၀၀၇ ခုနှစ်အတွင်းမှာ အမေရိကန်ဒေါ်လာ ၆ ဒသမ ၈ ထရီလီယံလောက်အထိ သုံးစွဲခဲ့တယ်လို့ ပညာရှင်တစ်ဦးက ခန့်မှန်းတွက်ချက်ပြလိုက်ပါတယ်။

ဒီလိုငွေကြေးထည့်ဝင်မှုမျိုး အခြားနေရာတွေမှာလည်း ဆိုးဆိုးရွားရွားလိုအပ်နေပါတယ်။ အမေရိကန်ရဲ့ စုစုပေါင်းအကြွေးတင်ရှိမှုဟာ အခုဆိုရင် အမေရိကန်ဒေါ်လာ ၁၉ ထရီလီယံကျော်ရှိနေပြီး အမေရိကန်ရဲ့တိုးပွားလာတဲ့ လူဦးရေအခြေအနေက လူမှုဘဝဖူလုံရေးနဲ့ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွေမှာ ကျခံနေတဲ့ ကုန်ကျစရိတ်တွေကို ရေရှည်ထိန်းမထားနိုင်တော့ဘူးဆိုတဲ့အနေအထားမျိုး ဖော်ပြလာချိန်မှာ ဂျီဒီပီရဲ့ ၁၀၀ ရာခိုင်နှုန်းမက အကြွေးတင်ကျန်ရှိနေပါတယ်။

၂၀၂၀ ပြည့်နှစ်အတွက် ငွေကြေးအသုံးစရိတ် ၃ ဒသမ ၆ ထရီလီယံသုံးစွဲမှုအပါအဝင် အမေရိကန်ရဲ့အခြေခံအဆောက်အအုံ အဆင့်သတ်မှတ်မှုကို အမေရိကန်ပြည်တွင်းအင်ဂျင်နီယာအဖွဲ့က ဒီပလပ်စ်အဆင့်ပေးခဲ့ပါတယ်။ ပါရှန်းပင်လယ်ကွေ့အတွင်းမှာ အမေရိကန်ရဲ့တည်ရှိမှုကို လျော့ကျလာစေမယ့် တခြားသော ငွေကြေးပြဿနာပေါင်းများစွာ ရှိနေပါတယ်။

ကံကောင်းထောက်မစွာနဲ့ ကမ္ဘာ့ရေနံဈေးကွက်အပြောင်းအလဲတွေက ဒါတွေကို ပြေလည်အောင်လုပ်ဆောင်ပေးခဲ့ပါတယ်။ Fracking boom ရေနံထုတ်ယူမှုစနစ်ရဲ့ ကျေးဇူးကြောင့် အမေရိကန်က ရေနံတူးဖော်သူများဟာ ပြည်တွင်းရေနံကို လွယ်ကူစွာရရှိနိုင်ပြီဖြစ်ပါတယ်။

ပြီးခဲ့တဲ့ နှစ်နှစ်ကျော်က အမေရိကန်ဟာ ကမ္ဘာ့ရေနံထုတ်လုပ်မှု အများဆုံးနိုင်ငံအဖြစ်နဲ့ ဆော်ဒီအာရေဗျနိုင်ငံကို ကျော်တက်သွားခဲ့ပြီးခါမှ ၂၀၁၅ ခုနှစ်အရောက်မှာတော့ ပြည်တွင်းရေနံသုံးစွဲမှုရဲ့ ၂၄ ရာခိုင်နှုန်းကိုသာ ပြည်ပသို့တင်ပို့နိုင်ခဲ့ပါတယ်။ အဲဒီပမာဏဟာ ၁၉၇၀ ပြည့်နှစ်ကစပြီး အနိမ့်ဆုံးသော ရေနံတင်ပို့ရောင်းချမှုပမာဏဖြစ်ပါတယ်။

အမေရိကန်ရေနံတင်ပို့မှုများရဲ့ မူလရင်းမြစ်ကိုလည်း မကြာသေးတဲ့ ဆယ်စုနှစ်ကျော်ကာလအတွင်းမှာ တွေ့ရှိဖော်ထုတ်ခဲ့တာဖြစ်ပါတယ်။

ပါရှန်းပင်လယ်ကွေ့ ရေနံတင်ပို့မှုများဟာ တစ်ရှိန်ထိုးကျဆင်းခဲ့ပြီး လာမယ့် ၂၀၂၅ ခုနှစ်မှာ တစ်ရက်လျှင် ရေနံစည်ပေါင်းသုံးသိန်း တင်ပို့ရာကနေ ၈၀ ရာခိုင်နှုန်းလောက်အထိ ကျဆင်းကာ နောက်ပိုင်းမှာ ဈေးကွက်ကနေ လုံးဝပျောက်ကွယ်သွားလိမ့်မယ်လို့ ခန့်မှန်းတွက်ချက်ထားကြပါတယ်။

မကြာသေးမီက အိမ်ဖြူတော်ရဲ့လေ့လာမှုတစ်ရပ်မှာ အမေရိကန်ရဲ့ စီးပွားရေးအင်အားဟာ ၅၀ ရာခိုင်နှုန်းလောက် ကြီးထွားလာပေမယ့် အမေရိကန်ရဲ့ ရေနံသုံးစွဲမှုကတော့ ၁၉၉၇ ခုနှစ် ကနဲ့ စာလျှင် ၂၀၁၄ ခုနှစ်မှာ လျော့ကျသွားခဲ့ပါတယ်လို့ ဖော်ပြထားပါတယ်။ ပညာရှင်တော်တော်များများကတော့ အမေရိကန်ဟာ ၂၀၃၀ ပြည့်နှစ်မှာ လုံလောက်တဲ့ရေနံပမာဏကို ရရှိနိုင်မယ်လို့ခန့်မှန်းကြပါတယ်။

ဂျင်မီကာတာချမှတ်ခဲ့တဲ့မူဝါဒဟာ အမေရိကန်ကို ဒေသတွင်းစစ်ပွဲသုံးခုကနေ ဆွဲခေါ်ယူ တဲ့နေရာမှာ အထိုက်အလျောက်အရေးပါခဲ့ပါတယ်။ အရှင်းဆုံးပြောရရင် ရေနံဟာ အမေရိကန်ရဲ့ ကြားဝင်ဆောင်ရွက်မှုတွေမှာ ပါဝင်ပတ်သက်ဖို့ အဓိကကျတဲ့ တစ်ခုတည်းသော အကြောင်းကိစ္စဖြစ်ပါတယ်။ ပြီးတော့ ပါရှန်းပင်လယ်ကွေ့မှာ ဝါရှင်တန်ရဲ့စစ်ရေးလေ့ကျင့်မှုတွေကို "ရေနံစစ်ပွဲ"ဆိုပြီး ဖော်ပြနေတာဟာလည်း သိပ်ကိုပုံကြီးချဲ့လွန်းရာကျပါတယ်။

မည်သို့ပင်ဆိုစေကာမူ အမေရိကန်အနေနဲ့ ပါရှန်းပင်လယ်ကွေ့ဒေသအတွင်းမှာ အသက်သွေးချွေးနဲ့ရင်းနှီးပြီး ကာကွယ်စောင့်ရှောက်နေရခြင်းဟာ အမေရိကန်ရဲ့ ရေနံတင်ပို့မှုသမိုင်းအစဉ်အလာကို မြတ်နိုးတန်ဖိုးထားလိုခြင်းနဲ့ ဂျင်မီကာတာရဲ့နိုင်ငံရေးမူဝါဒကြောင့် ဟုတ်မဟုတ်ဆိုတာကို သိရှိလိုတဲ့မေးခွန်းဟာ မေးသင့်မေးထိုက်တဲ့ မေးခွန်းတစ်ရပ်ဖြစ်လာခဲ့ပါတယ်။

ကိုးကား-ရိုက်တာ

(၉-၇-၂၀၁၆)

ချင်းတွင်းမြစ်ရေ မုံရွာမြို့တွင် စိုးရိမ်ရေမှတ်အထက်ရောက်ရှိ၊ ပြည်သူများ ရေဘေးအန္တရာယ်ကင်းဝေးရေး အသင့်စောင့်ကြည့်လျက်ရှိ

မုံရွာ ဇူလိုင် ၁၁

ချင်းတွင်းမြစ်ရေသည် မြစ်ကြောင်းတစ်လျှောက် မြို့ရွာများ၏ စိုးရိမ်ရေအမှတ်အထက်သို့ လတ်တလော ရောက်ရှိလျက်ရှိရာ ဇူလိုင် ၁၁ ရက် နံနက် ၉ နာရီအထိ တိုင်းထွာချက်အရ မုံရွာမြို့၏ စိုးရိမ်ရေအမှတ် ၁၀၀၀ စင်တီမီတာကို ကျော်လွန်ပြီး ၁၀၀၃ စင်တာမီတာကို ရောက်ရှိနေကြောင်း မုံရွာမြို့ရှိ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

"မြစ်ရေက မုံရွာမြို့မှာ စိုးရိမ်ရေမှတ်အထက်ကို ကျော်လာပြီဆိုတော့ ရေဘေးကာကွယ်ရေးအတွက် ရေကင်းတွေချထားပြီး ကာကွယ်ရေးလုပ်ငန်းတွေ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ဖို့ အားလုံးအသင့်အနေအထားဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် မုံရွာမြို့ ကမ်းနားလမ်းမှာ ရေဘေးကာကွယ်နိုင်ဖို့ ကျောက်သားစီပြီး တာပေါင်တွေကို ထပ်ပြီး မြှင့်တင်ထားပါတယ်။ မုံရွာခရိုင်အတွင်း ချင်းတွင်းမြစ်ကြောင်းအောက်ဘက်မှ မြစ်ရေဝင်ရောက်နိုင်တဲ့ ကျေးရွာတွေနဲ့ မြစ်ကမ်းအနီး မြေနိမ့်ပိုင်းနေထိုင်သူများ အထူးသတိပြုနေထိုင်ကြရန် သက်ဆိုင်ရာကနေပြီး သတိပေးချက်တွေ ထုတ်ပြန်ထားပြီးဖြစ်ပါတယ်" ဟု ရေဘေးကာကွယ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မုံရွာမြို့ပေါ်နှင့် ချင်းတွင်းမြစ်ရိုးတစ်လျှောက်ရှိ နေရာများတွင် ခရိုင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ အထောက်အကူပြုအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ နှင့် အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းကာ မုံရွာမြို့နယ် တောင်ပိုင်း သစ်ဆိမ့်ကျေးရွာမှ မုံရွာမြို့နယ် မြောက်ပိုင်း စစ်ပင်ကျေးရွာအထိ ရေကင်း ၂၄ ခုဖြင့် စောင့်ကြပ်လျက်ရှိကြောင်းနှင့် အကယ်၍ အရေးပေါ်အခြေအနေ ကြုံတွေ့လာပါက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ရေယာဉ်များ အသင့်စီစဉ်ထားကြောင်း သိရသည်။

ဖိုးချမ်း(မုံရွာ)

ချင်းတွင်းမြစ်ရေ ရေစကြိုမြို့၏ စိုးရိမ်ရေမှတ်ရောက်ရှိ အနိမ့်ပိုင်းရပ်ကွက်များသို့ ရေဝင်

ရေစကြို ဇူလိုင် ၁၁

ချင်းတွင်းမြစ်ရေမှာ ဇူလိုင် ၁၁ ရက် နံနက် တိုင်းထွာချက်အရ ရေစကြိုမြို့၏ စိုးရိမ်ရေမှတ် ၂၈ ဒသမ ၇ ပေသို့ ရောက်ရှိနေပြီး အနိမ့်ပိုင်းရပ်ကွက်များဖြစ်သည့် အမှတ်(၁) ထင်းတန်းရပ်ကွက်၊ အမှတ် (၃) ပန်တော်ပြင်အရှေ့ အမှတ်(၄) စပယ်ရုံရပ်ကွက်များအတွင်း မြစ်ရေဝင်ရောက်လျက်ရှိသည်။

အဆိုပါ မြစ်ရေများ ရပ်ကွက်အတွင်းဝင်ရောက်လာသဖြင့် သက်ဆိုင်ရာရပ်ကွက်များမှ ရပ်ကွက်အုပ်ချုပ် ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဖေထွဏ်းဇော်(ရေစကြို)

ကျောင်းတော်ရာတိုက်နယ်ဆေးရုံ ပြောင်းရွှေ့ဆောက်လုပ်ရန် အတည်ပြုခြင်းအား ကန့်ကွက်သည့်အနေဖြင့် မကွေး၌ ဆန္ဒဖော်ထုတ်

မကွေး ဇူလိုင် ၁၁

မကွေးမြို့ အိုးဘိုရပ်ကွက် ကမ်းနားလမ်း ရေဝတီတံတား(မကွေး)အနီးမှ စတင်၍ ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာကျေးရွာနေပြည်သူ စုစုပေါင်း ၅၀၀ ခန့်သည် ခွင့်ပြုချက်ဖြင့် ဇူလိုင် ၁၁ ရက် နံနက် ၉ နာရီခွဲမှ စတင်၍ ယခင်အစိုးရလက်ထက် ကျောင်းတော်ရာကျေးရွာတွင် ချပေးခဲ့သည့် တိုက်နယ်ဆေးရုံကို ယခုအစိုးရလက်ထက်တွင် ပွင့်ဖြူမြို့နယ်ရှိ သရက်တောကျေးရွာသို့ ပြောင်းရွှေ့ဆောက်လုပ်ရန် တိုင်းဒေသကြီးလွှတ်တော်က အတည်ပြုခဲ့ခြင်းအား ကန့်ကွက်သော အနေဖြင့် မကွေးမြို့တွင်း စီတန်းလှည့်လည်ကာ ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ **(အပေါ်ပုံ)**

ထိုသို့ဆန္ဒထုတ်ဖော်ရာတွင် တိုက်နယ်ဆေးရုံ ပြန်လည်ရရှိရန်နှင့် ခွင့်ပြုမိန့်ရရှိပြီး ကျောင်းတော်ရာတိုက်နယ်ဆေးရုံကို သရက်တောကျေးရွာသို့ ပြောင်းရွှေ့ဆောက်လုပ်ရန် တိုင်းဒေသကြီးလွှတ်တော်က အတည်ပြုခြင်းအား ကန့်ကွက်သည် စသည့်ဆိုင်းဘုတ်များကိုင်ဆောင်၍ ကြွေးကြော်ကာ မကွေးမြို့ မဲထီးလမ်း၊ ရွာသစ်(၁၇)လမ်း၊ ပြည်တော်သာလမ်း၊ သစ္စာလမ်း၊ မေတ္တာလမ်း၊ အထက(၁)လမ်းများသို့ ငြိမ်းချမ်းစွာ စီးတန်းလှည့်လည် ဆန္ဒထုတ်ဖော်ခဲ့ခြင်းဖြစ်သည်။

"ယခုလို ဆန္ဒထုတ်ဖော်လို့ တိုက်နယ်ဆေးရုံမဖြစ်မြောက်ခဲ့ရင်တော့ သမ္မတထံ ထပ်မံတင်ပြပြီး တိုက်နယ်ဆေးရုံရသည်အထိ ဆက်လက်ကြိုးစားသွားမယ်" ဟု တိုက်နယ်ဆေးရုံဖြစ်မြောက်ရေး ကော်မတီနာယက ဦးကံအေးက ပြောသည်။

ကျော်ဇေယျ

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန တည်ဆောက်ရေး(၁)၊ တံတားအထူးအဖွဲ့(၂)မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောင်ဇေယျ-ကက်သာ-ဟုမ္မလင်းလမ်းပေါ်ရှိ ချင်းတွင်းတံတား(ဟုမ္မလင်း)တည်ဆောက်ခြင်းလုပ်ငန်းနှင့် တိုင်းဒေသကြီး အထူးပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့်ဆောင်ရွက်မည့် အောင်ဇေယျ-ကက်သာ-ဟုမ္မလင်း လမ်းပေါ်ရှိ နမ့်ပင(တံတား)တည်ဆောက်ခြင်းလုပ်ငန်းအတွက် လိုအပ်သော သံချောင်း၊ ဘိလပ်မြေ၊ ဒီဇယ်ဆီ သယ်ပို့ဆောင်ခြင်းလုပ်ငန်းနှင့် ချင်းတွင်းတံတား(ဟုမ္မလင်း) တည်ဆောက်ခြင်းလုပ်ငန်းအတွက် အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများအား သတ်မှတ်လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအစား	ရေတွက်ပုံ	စဉ်	ပစ္စည်းအမျိုးအစား	ရေတွက်ပုံ
၁	J/Wood	Ton	၁၁	2.3 mm Thin Sheet(8'x4')	Sht
၂	5 Ply Wood	Sht	၁၂	Oxygen	No
၃	Wire Nail	Viss	၁၃	Propane	Viss
၄	Binding Wire	Viss	၁၄	Admixture	Lit
၅	Bentonite	Ton	၁၅	M.S Rod	Ton
၆	R/shingle	Sud	၁၆	H.S.D	gal
၇	R/Sand	Sud	၁၇	Cement	Ton
၈	Welding Rod	Pkt	၁၈	E/O	Drum
၉	28mm Steel Wire Rope	Rft	၁၉	H/O	Drum
၁၀	Stud Link Chain	Rft	၂၀	G/O	Drum

တင်ဒါလျှောက်လွှာပိတ်မည့်ရက် - ၂၉-၇-၂၀၁၆ ရက်
တင်ဒါဖွင့်ပွဲကျင်းပမည့်ရက် - ၁-၈-၂၀၁၆ ရက်
တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ - ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဦးစီးအရာရှိ (မြို့ပြ)ရုံး၊ ဟုမ္မလင်းမြို့

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဦးစီးအရာရှိ(မြို့ပြ)ရုံး၊ ဟုမ္မလင်းမြို့နှင့် တံတားအထူးအဖွဲ့ (၂)၊ ဒု-ညွှန်ကြားရေးမှူးရုံး၊ မုံရွာမြို့တွင် ၈-၇-၂၀၁၆ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၉-၂၆၃၆၈၀၆၉၆၊ ၀၉-၉၇၆၆၃၀၂၂၃၊ ၀၉-၆၄၇၂၆၅၂

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန တည်ဆောက်ရေး (၁)၊ တံတားအထူးအဖွဲ့ (၂)မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့်ဆောင်ရွက်မည့် အောင်ဇေယျ-ကက်သာ-ဟုမ္မလင်းလမ်းပေါ်ရှိ ချင်းတွင်းတံတား(ဟုမ္မလင်း) ဘိုးပိုင်တွင်းတူးခြင်းလုပ်ငန်းအတွက် အသုံးပြုရန် တန်(၈၀၀) Barge တွဲ (၃)စီးအား (မြန်မာကျပ်ငွေ)ဖြင့် ငှားရမ်းလိုပါသည်။

တင်ဒါလျှောက်လွှာပိတ်မည့်ရက် - ၂၉-၇-၂၀၁၆ ရက်
တင်ဒါဖွင့်ပွဲကျင်းပမည့်ရက် - ၁-၈-၂၀၁၆ ရက်
တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ - ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဦးစီးအရာရှိ(မြို့ပြ)ရုံး၊ ဟုမ္မလင်းမြို့

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဦးစီးအရာရှိ(မြို့ပြ)ရုံး၊ ဟုမ္မလင်းမြို့နှင့် တံတားအထူးအဖွဲ့(၂) ဒု-ညွှန်ကြားရေးမှူးရုံး၊ မုံရွာမြို့တွင် ၈-၇-၂၀၁၆ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ
ဖုန်း-၀၉-၂၆၃၆၈၀၆၉၆၊ ၀၉-၉၇၆၆၃၀၂၂၃၊ ၀၉-၆၄၇၂၆၅၂

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6G/1492 Lifan LF J3053F ယာဉ်လက်ဝယ်ရှိသူ ကောင်းပြည့်သာ Co; Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ နေပြည်တော်**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

လားရှိုးမြို့၊ ရပ်ကွက်(၁)အတွင်းရှိ အကွက်အမှတ်-နမ့်ခိုက်တိုးချဲ့ကွက်သစ်၊ ဦးပိုင်အမှတ် (၇၅၀)၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၉၆ ဧက၊ ဂရန်အမှတ်တွဲအမှတ်-၆၂-၅/၉၂-၉၃(စီ)၊ အမည်ပေါက် ဦးကျန်ရီ(ခ)ဦးတင်အောင် ၁၃/လရန(နိုင်)၀၆၉၈၈၆ လားရှိုးမြို့၏ မြေငှားဂရန်ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ရာ ကြော်ငြာပါသည့် ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဦးကျန်ရီ (ခ) ဦးတင်အောင် ၁၃/လရန(နိုင်)၀၆၉၈၈၆

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6G/1494 Lifan LF J3053F ယာဉ်လက်ဝယ်ရှိသူ ကောင်းပြည့်သာ Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန (နေပြည်တော်)**

မိခင်အမည်မှန်

ကရင်ပြည်နယ် ဘားအံမြို့ အထက(၁) နဝမတန်း(ခ)မှ မအေးမြမြဖွေး၏ မိခင်အမည်မှန်မှာ ဒေါ်နေကြည်ဝင်း ၃/ဘအန(နိုင်)၁၆၈၂၅၇ ဖြစ်ပါကြောင်း။

ဒေါ်နေကြည်ဝင်း

အမည်ပြောင်း

ဦးမောင်ဖိုးသိန်း၏သား ပုဏ္ဏားကျွန်းမြို့၊ ဦးရာဇ်ရွှေမြေ ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ မောင်နေစိုးလင်းအား မောင်အေးချမ်းမောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်အေးချမ်းမောင်**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၄၊ မြေကွက်အမှတ်-၁၈၊ မြေကွက်တည်နေရာအမှတ်-၁၈၄၊ ပဒ္မာမြားလမ်း၊(၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ နှစ်(၆၀)မြေငှားဂရန်(စီမံချက်ဂရန်)၊ အမည်ပေါက်ဒေါ်အုံးရင်၊ ဒေါ်ပုရင်မြေအားကမာရွတ်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်-၁/၂၀၁၆(၂၅-၂-၂၀၁၆)စီရင်ချက်နှင့်ဒီကရီအရဧရိယာ(၂၅'×၅၀')၏တရားဝင်မခွဲစိတ်ရသေးသည့်ဒေါ်အုံးရင်ပိုင်ဆိုင်သည့်(၁၂'½'×၅၀')အားဒေါ်သန်းအေးကအရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အမိန့်ရရှိပြီးတရားမဓာတ်မှုအမှတ်-၆/၂၀၁၆(၂၇-၄-၂၀၁၆)တို့ကိုတင်ပြ၍တရားရုံးမြစ်သောဒေါ်အုံးရင်ကိုယ်စားဘိလစ်ဒေါ်ခင်မော်(၁၂/ကမရ(နိုင်)၀၃၆၀၁၁)မှအရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရာတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၂၊ စက်မှု၊ မြေကွက်အမှတ် ၁၄၃/က၊ ဧရိယာ ၀ ဒသမ ၄၂၉ ဧက ၊ မြေကွက်တည်နေရာအမှတ် ၁၄၃/က၊ မဟော်ဂနီလမ်းနှင့်စက်မှု(၄)လမ်းထောင့်၊ ရွှေပြည်သာစက်မှုဇုန် ဦးကြည်သိန်း (CA.062023)၊ ဒေါ်ခင်မေကြည် (CD-009464)အမည်ပေါက် နှစ်၆၀မြေငှားဂရန်မြေအား အမည်ပေါက် (၂)ဦးအနက် တစ်ဦးဖြစ်သူ ဒေါ်ခင်မေကြည်ကွယ်လွန်သဖြင့် ကျန်အမည်ပေါက် တစ်ဦးဖြစ်သူ ဦးကြည်သိန်း (CA-062023) ၁၂/ဗတတ(နိုင်)၀၂၄၇၈၄ က ခင်ပွန်းတော်စပ်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဂန့်ဂေါတွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

ဂန့်ဂေါ ဇူလိုင် ၁၁

ဂန့်ဂေါ- ကလေးကားလမ်း ဂန့်ဂေါမြို့နှင့် ကန်ရွာကြား ကန်ရဲစခန်းနှင့် ခုနစ်မိုင်ခန့် အကွာ ထယ်လှော်ကျေးရွာအနီးတွင် မူးယစ်ဆေးဝါးရောင်းချသူ ငါးဦးတို့ကို ၎င်းတို့သယ်ဆောင်လာသည့် ပစ္စည်းများနှင့်အတူ ဇူလိုင် ၉ ရက် နံနက် ၁၁ နာရီခွဲခန့်က ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ဂန့်ဂေါမြို့ မှုခင်းနှိမ်နင်းရေးဌာနစိတ်မှ ရဲအုပ်လှအေး၊ မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်မျိုးမင်းဝင်းတို့အဖွဲ့သည် အဆိုပါနေရာမှ သတင်းအရစောင့်ဆိုင်းနေစဉ် မူးယစ်ဆေးဝါး လာရောက်ရောင်းချသော တင်ဇော်ထွေး ပါဝင်သည့် အဖွဲ့ဝင်ငါးဦး အားတွေ့၍ ရှာဖွေကြရာ ၎င်းတို့ သယ်ဆောင်လာသည့် မူးယစ်ဆေးဝါးနှင့်အတူ ဖမ်းဆီးစဉ် အဖွဲ့တွင်ပါဝင်သည့် သားစိုးမှာ ထွက်ပြေးလွတ်မြောက်သွားကြောင်း သိရသည်။

ထိုသို့ဖမ်းဆီးရမိရာတွင် မတီအဲအေထံမှ ဖြူဝါရောင်အမှုန့် စုစုပေါင်းမူးယစ်ဆေးဝါးအလေးချိန် ၃၉ ဂရမ်ခန့် ကာလတန်ဖိုးငွေကျပ် ၃၁၂၀၀၀၀၊ ဆင်းကတ်နှစ်ခုပါရှိသည့် ဖုန်းတစ်လုံး၊ ရွှေနားကပ်တစ်ရန်၊ ထွေးကိုထံမှ အရိုးအသွား ၁၀ လက်မရှည်ဓားတစ်ချောင်း၊ ဖုန်းတစ်လုံး၊ ဆိုင်ကယ်တစ်စီး၊ မင်းဇော်ထွေးထံမှ ရွှေနားကပ်တစ်ဖက်၊ စတီးဓားတစ်ချောင်း၊ ဆိုင်ကယ်တစ်စီး၊ တင်ဇော်ထွေးထံမှ ဆိုင်ကယ်တစ်စီး၊ လုစန္ဒာထံမှ ဆွဲကြိုးတစ်ကုံးနှင့် အသည်းပုံဆွဲပြားတစ်ခု၊ နားကပ်တစ်ရန်၊ ဖုန်းတစ်လုံး၊ ဆိုင်ကယ်တစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခြင်းဖြစ်သည်။

အဆိုပါဖမ်းဆီးရမှုမိနှင့် စပ်လျဉ်း၍ ဂန့်ဂေါမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(၁၀၁)

အောင်လံမြို့နယ် သမ္ဘူလအခြေစိုက်နယ်မြေအတွင်း သစ်လုံးနှင့်ခွဲသားများ သိမ်းဆည်းရမိ

အောင်လံ ဇူလိုင် ၁၁

အောင်လံမြို့နယ်တွင် သရက်ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ထွဋ်နှင့်အဖွဲ့၊ သမ္ဘူလ ရဲကင်းစခန်းမှ ဒုတပ်ကြပ်မင်းဇော်နှင့် တပ်ဖွဲ့ဝင်သုံးဦး ပါဝင်သော ပူးပေါင်းအဖွဲ့တို့သည် ဇူလိုင် ၁၀ ရက် မွန်းတည့် ၁၂ နာရီခန့်က သမ္ဘူလရဲကင်းစခန်းအပိုင် ငလောက်ကျေးရွာနယ်မြေအတွင်း ကွင်းဆင်းစစ်ဆေးခဲ့ရာ ယင်းကျေးရွာ၏ အရှေ့မြောက်ဘက် တစ်မိုင်ခွဲခန့်အကွာ တောထဲတွင် ကျွန်းသစ်နှစ်လုံး ၁ ဒသမ ၄၅ တန်၊ ပျဉ်းကတိုးခွဲသားတစ်ချောင်း ၀ ဒသမ ၁၀၀ တန်၊ နဘဲခွဲသားတစ်ချောင်း ၀ ဒသမ ၁၆၆၆ တန်၊ ကျွန်းဓားရှေနှစ် ချောင်း ၀ ဒသမ ၃၀၀၀ တန်၊ ပိတောက်ခွဲသား ခုနစ်ချောင်း ၀ ဒသမ ၆၄၈၆ တန်၊ စုစုပေါင်း တန်ဖိုးငွေကျပ် ၇၁၉၄၁၀ အား ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့သည် ။

ဆက်လက်၍ ယင်းနေ့ညနေပိုင်းတွင် သမ္ဘူလရဲကင်းစခန်းအပိုင် သံပုရာခုံကျေးရွာ၏ အရှေ့မြောက်ဘက် နှစ်ဖာလုံခန့်အကွာတွင် ကျွန်းသစ် လေးလုံး ၁ ဒသမ ၀၂၄၀တန်၊ ပျဉ်းကတိုးသစ်ခြောက်လုံး ၀ ဒသမ ၈၆၀တန်၊ ကာလတန်ဖိုးငွေကျပ် ၃၈၅၂၀၀တို့အား ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့သည်။ ယင်းသစ်များအား မြို့နယ်သစ်တောဦးစီးဌာနမှ သစ်တောအက်ဥပဒေအရ အရေးယူဆောင်ရွက်နိုင်ရန် သိမ်းဆည်းခဲ့ကြောင်း သိရသည်။

သိန်းလွင် (ပြန်/ဆက်)

ဝန်ထမ်းကြို/ပို့ယာဉ် တိမ်းမှောက်

နေပြည်တော် ဇူလိုင် ၁၁

ပြည်ထောင်စုတရားလွှတ်တော်ချုပ် ဝန်ထမ်းကြို/ပို့ယာဉ်သည် ယနေ့နံနက် ၉ နာရီခွဲခန့်က ဆောက်လုပ်ရေးဝန်ကြီးဌာနရုံးအနီး လမ်းကွေ့၌ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ဝန်ထမ်းအမျိုးသား၊ အမျိုးသမီး စုစုပေါင်း ၂၇ ဦး ဒဏ်ရာရရှိခဲ့ကာ တချို့ဝန်ထမ်းများမှာ ဒဏ်ရာပြင်းထန်ခဲ့ပြီး ဒဏ်ရာရရှိသော ဝန်ထမ်းများအား နေပြည်တော် ခုတင်(၁၀၀၀)ဆေးရုံသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

"ဒီဘက်ရုံးတွေ ဝန်ထမ်းကြို/ပို့ယာဉ်တွေက ခရေအိမ်ရာဘက် ဂေါက်ကွင်းရှေ့လမ်းအတိုင်း မောင်းနှင်တက်လာရတာလေ။ အခု ယာဉ်မတော်တဆဖြစ်တဲ့နေရာက ဆောက်လုပ်ရေးဝန်ကြီးဌာန ဆိုင်းဘုတ်အကျော်လေးမှာပါ။ ဒီနေရာက လမ်းခွဲလည်းဖြစ်တယ်။ အခုဖြစ်ရတာက အကွေ့ကိုအရှိန်နဲ့ ကွေ့ချလိုက်တော့ အရှိန်မထိန်းနိုင်ဘဲ ယာဉ်တုံးလုံးလဲသွားတာဖြစ်ပါတယ်"ဟု ဝန်ထမ်းတစ်ဦးက ပြောကြားသည်။

အေးသန်း(သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် တမာတန်းတွင် မန္တလေးမြို့နှင့် မြစ်သားမြို့သို့ ပြေးဆွဲနေသော မြင့်မြတ်သူလိုင်းကားတစ်စီး ဇူလိုင် ၁၁ ရက်က အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်နေမှုကို တွေ့ရစဉ်

မောင်မောင်စိုး(မြစ်ငယ်)

ခရီးသွားမယ်ဆို, စိတ်ချလုံခြုံဆုံးဖြစ်စေမယ့် ရှစ်ဘီးကား (3 Axles Bus) ကိုရွေးစီးပါ။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉ယ/၈၃၁၀၄ Hensim 125 ယာဉ်လက်ဝယ်ရှိသူ ဦးတင်ထွန်းဦး ၈/စလန(နိုင်)၀၁၁၈၄၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(ပြည်)၊ ပြည်မြို့**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၆ယ/၅၀၉၈၃ Kenbo 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဇော် ၁၄/အမန(နိုင်)၀၉၈၃၁၃ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊တိုင်းရုံး၊ (ပုသိမ်မြို့)**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၇၅၄၁၂ Honda Clicle 1 25 M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းနိုင် ၅/မမန(နိုင်)၀၅၅၇၇၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေးဦးစီးဌာန သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွက် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်တွင် အောက်ပါအကြီးစားမွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

ဆောင်ရွက်မည့်လုပ်ငန်းများ

၁။ လျှို့မြေဖို့ခြင်းလုပ်ငန်း
ရေထိန်းအုတ်နံရံကာခြင်း
အုတ်ရေမြောင်းပြုလုပ်ခြင်း
၂။ ကျောင်းရှေ့မျက်နှာစာ ကွန်ကရစ်လမ်းခင်းခြင်း
၃။ Lecture Theature (၂)လုံး အတွင်း/အပြင် ဆေးသုတ်ခြင်း
၄။ အုတ်တံတိုင်းကာရံခြင်း

အိတ်ဖွင့်တင်ဒါ ပုံစံများကို ၁၃-၇-၂၀၁၆ရက်မှစ၍ ရုံးချိန်အတွင်း သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၂-၈-၂၀၁၆ရက် ညနေ ၄း၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၁-၅၇၁၂၇၁၊ ၀၁-၅၇၁၂၇၃ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀၊ မြေကွက်အမှတ် ၅၀၆၊ မြေကွက်တည်နေရာအမှတ် ၅၀၆၊ ဗိုလ်လရောင်လမ်း၊ (၃၀)ရပ်ကွက်၊ ဒဂုံမြောက်(ဦးခင်မောင်စန်း) အမည်ပေါက် နှစ်၆၀ဂရန် မြေအား MBU-076522 အမည်ပေါက် ဦးခင်မောင်စန်းအပေါ် တရားပြိုင်ထားကာ ဦးဇမိုန်းလျှံနှာ(ခ)ဦးဝင်းအောင်က တရားလိုပြု၍ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် တရားရုံးတွင် အရောင်းအဝယ် မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီ ရရှိခဲ့သဖြင့် တရားရှုံး အမည်ပေါက် ကိုယ်စားဘီလစ်ဒေါ်နီလာခင် ၁၂/မဂဒ(နိုင်)၀၉၈၉၀၁ မှတရားမကြီးမှုအမှတ် (၂၀/၂၀၁၆) ၁၀-၃-၂၀၁၆ရက်စွဲပါ စီရင်ချက် တရားမ ဇာရီမှုအမှတ်(၂၉/၂၀၁၆)၏ နေ့စဉ်မှတ်တမ်းနှင့် ဘီလစ်ခန့်အပ်ကြောင်းအကြောင်းကြားစာတို့ တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဆေးဘက်ဆိုင်ရာလူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(ရန်ကုန်) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေးဦးစီးဌာန၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(ရန်ကုန်)တွင် အောက်ပါဖြည့်စွက်လုပ်ငန်းစီမံကိန်းများအတွက် အစိုးရ အသိအမှတ်ပြုမြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

(က) ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာဌာန CTစက်ထားရန် (RC တစ်ထပ်)အဆောက်အအုံ ဆောက်လုပ်ခြင်း(၄၅'×၃၅')၊ CTစက်အသုံးပြုရသည်အထိ အတွင်းအပြင် မီးကြိုးသွယ်တန်းခြင်း။

(ခ) ၂၄ ခန်းတွဲ အရာထမ်းဆောင် လျှပ်စစ်မီးကြိုးသွယ်တန်းခြင်းနှင့် ကွန်ကရစ်လမ်းခင်းခြင်း(၃၄၀'×၁၂'×၆")၊ မီးရရှိရေးအတွက် ပြင်ပမီးကြိုးသွယ်တန်းခြင်း၊ 3 Phase မီတာ တစ်လုံး၊ Sub Meter ၂၄လုံး၊ ဓာတ်တိုင်သုံးတိုင် သွယ်တန်းခြင်း။

(ဂ) ပထမနှစ် သုံးထပ်စာသင်ဆောင် ကွန်ကရစ်လမ်းခင်းခြင်း၊ (၆၁'×၁၀'×၆") ပင်မဆောင်အဟောင်းနှင့် ဆက်သွယ်သည့် အမိုးအကာသံပန်းခေါက်တံခါးတပ်ဆင်ခြင်း၊ ဘိုထိုင်အိမ်သာ သုံးလုံးတပ်ဆင်ခြင်း၊ ဓာတ်ခွဲခန်းသုံးကြွေဘေစင်အလုံး ၂၀ တပ်ဆင်ခြင်း၊ ရေပိုက်လိုင်းသွယ်တန်းခြင်း။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁၃-၇-၂၀၁၆ရက်တွင် စတင်၍ ရောင်းချမည်ဖြစ်ပြီး အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂-၈-၂၀၁၆ရက် ညနေ ၄း၃၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံရောင်းချခြင်းနှင့်တင်ဒါတင်သွင်းရမည့်လိပ်စာမှာ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(ရန်ကုန်)ဖြစ်ပါသည်။

၄။ တင်ဒါနှင့်ပတ်သက်သော အသေးစိတ်အချက်အလက်များ သိရှိလိုပါက တင်ဒါရွေးချယ်ရေးအဖွဲ့ ဖုန်း-၆၄၅၇၄၃၊ ၆၄၅၇၅၃၊ ၆၄၅၇၄၆ တို့သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပစ္စည်းဝယ်ယူရေးကော်မတီ
ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်(ရန်ကုန်)

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ကျောက်ဆောက်(အထက) တက္ကသိုလ်ဝင်တန်း(B)မှ မအိရတနာလွင်၊ ဆဋ္ဌမတန်း(A)မှ မနှင်းဆီချိုနှင့် စဘောကျေးရွာ(အမက)(KG)တန်းနေ မောင်ကြယ်စင်မိုးတို့၏ ဖခင်အမည်မှန်မှာ ဦးသိန်းလွင် ၈/မမန(နိုင်)၀၇၇၂၄၂ ဖြစ်ပါကြောင်း။ **ဦးသိန်းလွင်**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမသဘာဝဓာတ်ငွေ့စက်ရုံတွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ၃၃ ကေဗွီ ရွာမ-ဒညင်းကုန်းလိုင်းပေါ်ရှိ ၃၃/၆ဒသမ၆ကေဗွီ ခေတ္တရာဓာတ်အားခွဲရုံမှ ၃၃ကေဗွီ ဓာတ်အားလိုင်း ဆက်သွယ်၍ ၂ဒသမ၅ အမ်ဗွီအေ ၃၃/၃ဒသမ၃ကေဗွီ ဓာတ်အားခွဲရုံတစ်ခုတည်ဆောက်ခြင်းလုပ်ငန်းအား Turn Key စနစ် ဆောင်ရွက်ခြင်းကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၁၂-၇-၂၀၁၆ရက်
တင်ဒါပိတ်မည့်ရက် - ၁၂-၈-၂၀၁၆ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀နာရီ

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရုံးအမှတ်(၄၄)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၁၂၇၂

အမည်မှန်

ရွှေတောင်မြို့နယ်၊ အိုးထိမ်းကုန်းအုပ်စု၊ ရှင်ငယ်ရွာဟောင်း (အမက)၊ ပထမတန်းမှ မောင်ရဲမင်းထွန်း၏ အမည်မှန်မှာ မောင်လင်းသုခပိုင် ဖြစ်ပါကြောင်း။

မောင်လင်းသုခပိုင်

အမည်ပြောင်း

ဦးဆော်ရယ်-ဒေါ်စီစီးလျာတို့၏ သား ဒီမောဆိုမြို့နယ် (အမက) သေးဆူလဲရွာသစ် ဒုတိယတန်းမှ ခူးဂျက်စမင်းမောင်အား ခူးဂျက်စမင်းသိန်းစိုးဟု ပြောင်းလဲခေါ်ပါရန်။

ခူးဂျက်စမင်းသိန်းစိုး

အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲတွင် မြန်မာအမျိုးသမီးကလပ် WF.C သရေကျ

စကော့တလန်နိုင်ငံ၌ကျင်းပမည့် **The Junior Open Championship 2016**ပြိုင်ပွဲကို ဇူလိုင် ၁၁ ရက်မှ ၁၃ ရက်အထိကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေး ခေါင်းဆောင်သော မြန်မာဂေါက်သီးအားကစားသမားများ ဇူလိုင် ၈ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှထွက်ခွာရာ ပို့ဆောင်နှုတ်ဆက်သူများနှင့်အတူတွေ့ရစဉ်
ဖိုးသော်ဇင်

နေပြည်တော် ဇူလိုင် ၁၁

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် ၂၀၁၆ အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်များကို ယနေ့နံနက် ၁၁ နာရီကစတင်ကာ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဖူဆယ်အားကစားရုံ၌ ကျင်းပသည်။

ဒုတိယနေ့ အမျိုးသမီးပြိုင်ပွဲတွင် ဗီယက်နမ်ကလပ် ထိုင်ဆွန်နမ်အသင်း အနိုင်ရခဲ့ပြီး မြန်မာကလပ် WF.C အသင်း သရေပွဲကြုံတွေ့ခဲ့သည်။ အဖွင့်ပွဲ၌ ရှုံးပွဲကြုံတွေ့ခဲ့သည့် WF.C အသင်းသည် နိုင်ပွဲပြန်လည်ရရှိရန် ကြိုးပမ်းခဲ့သော်လည်း သရေအဖြစ်သာ ကျေနပ်ခဲ့ရသည်။ WF.C အသင်းသည် ဒုတိယပိုင်းအစတွင် ဇန်ကောက်အသင်း၏ ဦးဆောင်ဂိုးသွင်းယူမှုကို ခွင့်ပြုခဲ့ရသော်လည်း ၃၇ မိနစ်တွင် တင့်တင့်ထွန်းက ချေပဂိုး ပြန်သွင်းခဲ့သည်။ အခြားပွဲစဉ်တွင် လက်ရှိချန်ပီယံ ထိုင်ဆွန်နမ်(ဗီယက်နမ်)က ဂျာရာကန်ဆီနာ(အင်ဒိုနီးရှား)ကို သုံးဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အမျိုးသားပြိုင်ပွဲတွင် ထိုင်းဆိပ်ကမ်းအသင်းက ဗီယက်နမ်ကလပ် ထိုင်ဆွန်နမ်အသင်းကို လေးဂိုးပြတ်အနိုင်ရရှိခဲ့သည်။ လက်ရှိချန်ပီယံ ထိုင်းဆိပ်ကမ်းအသင်းသည် ပထမဆုံးပွဲတွင် ဂိုးပြတ်အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ထိုင်ဆွန်နမ်အသင်းသည် ပွဲဦးထွက်ပွဲ၌ အနိုင်ရရှိခဲ့သော်လည်း ဒုတိယပွဲတွင် ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ ည ၇ နာရီတွင် ယှဉ်ပြိုင်သည့် မြန်မာကလပ် MIC အသင်းနှင့် လာအိုကလပ် Lanexang ပွဲတွင် MIC အသင်းက ကိုးဂိုး-ငါးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

တတိယနေ့ပွဲစဉ်များကို ဇူလိုင် ၁၂ ရက် **(ယနေ့)**တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး နံနက် ၁၁ နာရီခွဲတွင် အမျိုးသမီးပွဲစဉ်အဖြစ် ထိုင်ဆွန်နမ်(ဗီယက်နမ်)နှင့် WF.C (မြန်မာ)၊ မွန်းလွဲ ၂ နာရီတွင် အမျိုးသားပွဲစဉ်အဖြစ် ထိုင်းဆိပ်ကမ်း(ထိုင်း)နှင့် Lanexang (လာအို)၊ ညနေ ၄ နာရီတွင် အမျိုးသမီးပွဲစဉ်အဖြစ် နာခွန်ဆာဝမ် (ထိုင်း) နှင့် ဂျာရာကန်ဆီနာ (အင်ဒိုနီးရှား)၊ ည ၇ နာရီတွင် အမျိုးသားပွဲစဉ်အဖြစ် Black steel (အင်ဒိုနီးရှား)နှင့်ထိုင်ဆွန်နမ်(ဗီယက်နမ်)တို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-ကိုကိုစိုးညွန့်**

"ဂုဏ်ယူဝမ်းမြောက်ခြင်း"

ကမ္ဘောဇဘဏ်လီမိတက် ၏ ဘဏ်ခွဲ "၄၀၀" မြောက်

ကို ၂၇ . ၆. ၂၀၁၆ ရက်နေ့တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်း၊ ၂၀၁၆ ခုနှစ်၊ မေလနှင့် ဇွန်လအတွင်း ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့၌ နိုင်ငံတကာဘဏ်ကိုယ်စားလှယ်ရုံး ဖွင့်လှစ်ခွင့်လိုင်စင်များ ရရှိခဲ့ခြင်းနှင့် နိုင်ငံခြားဘဏ်ခွဲများ တိုးချဲ့ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခြင်းများအတွက် **ကမ္ဘောဇဘဏ်လီမိတက်** နှင့် ထပ်တူ အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း ဖော်ပြအပ်ပါသည်။

AUNG THAMARDI GOLD & JEWELLERY

ဦးအောင်ဆန်းဝင်း+ဒေါ်အေးမော်စီ
အောင်သမာဓိစိန်ရွှေရတနာဆိုင်
၂၂လမ်း၊ ၈၈× ၈၉လမ်းကြား၊ မန္တလေးမြို့

ပျဉ်းမနားမြို့ ဗိုလ်ချုပ်ကြေးရုပ်ပန်းခြံမွမ်းမံအဆင့်မြှင့်တင် ပြင်ဆင်

နေပြည်တော် ဇူလိုင် ၁၁

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ ဗိုလ်တောက်ထိန်လမ်း မင်္ဂလာရှမ်းကန်အတွင်းရှိ ဗိုလ်ချုပ်ကြေးရုပ်ပန်းခြံ ပြန်လည်မွမ်းမံအဆင့်မြှင့်တင်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို ပျဉ်းမနားမြို့နယ်အုပ်ချုပ်ရေးမှူးအဖွဲ့၊ မြို့နယ်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့မိမြို့ဖများ ပူးပေါင်းကာ ဇူလိုင် ၁၉ ရက်တွင် ကျရောက်မည့် (၆၉) နှစ်မြောက် အာဇာနည်နေ့အပြီး တည်ဆောက်ပြုပြင်မည်ဖြစ်ကြောင်း သိရသည်။

အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ အထိမ်းအမှတ် ပျဉ်းမနားမြို့ ဗိုလ်ချုပ်ကြေးရုပ်ပန်းခြံနေရာကို အများပြည်သူ အလေးထားလေးစားရာ နေရာတစ်နေရာဖြစ်အောင် ပြန်လည်မွမ်းမံအဆင့်မြှင့်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းနိုင်ရန် သက်ဆိုင်ရာအဖွဲ့အစည်းများက ဇူလိုင် ၁ ရက်တွင် အစည်းအဝေး ပြုလုပ်ဆွေးနွေးပြီးဖြစ်ကြောင်း ဗိုလ်ချုပ်ကြေးရုပ်ပန်းခြံပြန်လည်မွမ်းမံဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးတင့်ထံမှ သိရသည်။

ပျဉ်းမနားမြို့ ဗိုလ်ချုပ်ကြေးရုပ်ပန်းခြံသည် ပေ ၆၀၊ ပေ ၄၀၊ ပေ ၅၀ ပတ်လည် စတုဂံပုံစံ အကျယ်အဝန်းရှိကာ ပန်းခြံပတ်လည်တွင် စတီးတိုင်ငယ်လေးများ ကာရံထားမည်ဖြစ်ပြီး လျှပ်စစ်မီးများ ထွန်းညှိထားကြောင်း သိရသည်။

ပျဉ်းမနားမြို့၌ စိုက်ထူထားသည့် ဗိုလ်ချုပ်ကြေးရုပ်ကို မန္တလေးမြို့ တမ္ဗဝတီရုပ်ကွက်မှ ပန်းတဉ်းပညာရှင် ဦးထွေး-ဒေါ်နု မိသားစုတို့က ၁၉၄၈-၁၉၄၉ ခုနှစ်က သွန်းလုပ်လှူဒါန်းခဲ့ပြီး ၁၉၆၉ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ (လွတ်လပ်ရေးနေ့)တွင် ဗိုလ်ချုပ်ကြေးရုပ်ပန်းခြံ ဖွင့်ပွဲအခမ်းအနား ပြုလုပ်ခဲ့ကြောင်း ပျဉ်းမနားမြို့ ဗိုလ်ချုပ်ကြေးရုပ်မှတ်တမ်းအရ သိရသည်။

ကိုကြီးကျော်(ပျဉ်းမနား)

ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲကျင်းပ

ညောင်လေးပင် ဇူလိုင် ၁၁

ညောင်လေးပင်မြို့နယ်၌ ဒေသခံပြည်သူများနှင့် အလှူရှင်များ စုပေါင်း၍ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲအခမ်းအနားကို ဇူလိုင် ၇ ရက်က ထိန်တပင်ကျေးရွာ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ထိန်တပင်ကျေးရွာနေ ရပ်မိရပ်ဖ ဦးကုလားက အမှာစကားပြောကြားပြီး ထိန်တပင်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးဘိုကေတို့မှ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲနှင့် ပတ်သက်၍ ရည်ရွယ်ချက် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားကာ အလှူရှင်မိသားစုဝင် ဦးကျော်စိန်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

ဆက်လက်၍ တာဝန်ရှိသူများက အလှူရှင်များဖြစ်ကြသော ထရန်စဖော်မာအလှူရှင် ညောင်လေးပင်မြို့နေ ဦးအောင်ကျော်မိသားစု (သမာဓိကုန်မျိုးစုံရောင်းဝယ်ရေး)၊ ပိန်းဇလုပ်မြို့နေ ဦးအေးမင်းသန်း-ဒေါ်ခင်သူဇာ၊ ထိန်တပင်ကျောင်းဆရာတော် ဘဒ္ဒန္တတေဇနိယ၊ ရန်ကုန်မြို့နေ လျှပ်စစ်အင်ဂျင်နီယာ ဦးဝင်းလှိုင်နှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြသည်။

ထို့နောက် လျှပ်စစ်မီးလင်းရေးဆိုင်းဘုတ်အား ထိန်တပင်ကျောင်းဆရာတော် ဘဒ္ဒန္တတေဇနိယ၊ ပိန်းဇလုပ်မြို့အုပ်ချုပ်ရေးမှူး ဦးစတီးဘိုဘို၊ ထရန်စဖော်မာအလှူရှင် ဦးအောင်ကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

မိတ္ထီလာခရိုင်အတွင်းရှိ ဒေသခံအမျိုးသမီးများ သားအိမ်ခေါင်းကင်ဆာဖြစ်ပွားမှုလျော့ချနိုင်ရေး မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး)မှ အခမဲ့ကွင်းဆင်းကုသ

မိတ္ထီလာ ဇူလိုင် ၁၁

မိတ္ထီလာခရိုင်အတွင်းရှိ ဒေသခံအမျိုးသမီးများ သားအိမ်ခေါင်းကင်ဆာဖြစ်ပွားမှုလျော့ချနိုင်ရေးအတွက် မြန်မာနိုင်ငံ ဆရာဝန်အသင်း(မန္တလေးမြို့)မှ ဇူလိုင် ၁၀ ရက်က ခရိုင်အထွေထွေရောဂါကုဆေးရုံကြီး၌ (ပထမအကြိမ်) အခမဲ့ကွင်းဆင်းကုသပေးခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ ဆရာဝန်အသင်း (မန္တလေးမြို့)မှ သားဖွားနှင့်မီးယပ်ပညာဌာနပါမောက္ခဒေါ်သက်သက်မြင့် ဦးဆောင်၍ ခွဲစိတ်ဌာန၊ သားဖွားနှင့်မီးယပ်ပညာဌာန၊ သွေးဘက်ဆိုင်ရာဌာနနှင့် အထွေထွေရောဂါကုဌာနတို့မှ ပါမောက္ခများနှင့် မိတ္ထီလာခရိုင် ပြည်သူ့ဆေးရုံကြီးမှ ဆရာဝန်များ၊ သူနာပြုများ စုပေါင်း၍ မိတ္ထီလာခရိုင်အတွင်းရှိ ဒေသခံ အမျိုးသမီးများ သားအိမ်ခေါင်းကင်ဆာဖြစ်ပွားမှု လျော့ချနိုင်ရေးအတွက် သားအိမ်ခေါင်းကင်ဆာဖြစ်နိုင်မည့် အရွယ်မတိုင်မီ အိမ်ထောင်ပြုသူများ၊ အိမ်ထောင်နှစ်ဆက်ပြုသူများနှင့် သားသမီးငါးဦးနှင့်အထက်ရှိသူများအား သားအိမ်ခေါင်းကင်ဆာ စောစီးစွာ ရှာဖွေနည်းဖြင့် စစ်ဆေးပေးရာ ရောဂါလက္ခဏာရှိသူများအား သေနတ်ပစ်ကုထုံးနည်းဖြင့် ကုသပေးခဲ့ပြီး ရောဂါလက္ခဏာ ရှာဖွေမတွေ့ရှိသူများကိုလည်း နောင်ငါးနှစ်တာကာလတွင် ပြန်လည်စစ်ဆေးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ သားအိမ်ခေါင်းကင်ဆာဖြစ်ပွားမှုလျော့ချနိုင်ရေးအတွက် သားအိမ်ခေါင်းကင်ဆာ စစ်ဆေးရာဌာန ဖြစ်သည့် ဆေးရုံကြီးသို့ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်း၊ ပျော်ဘွယ်မြို့နယ်နှင့် နတ်မောက်မြို့နယ်များမှ လာရောက်ပြသကြသည့် သားအိမ်ခေါင်းကင်ဆာ ရောဂါစစ်ဆေးသူ ၉၀ ကျော်အား စစ်ဆေးပေးနိုင်ခဲ့ပြီး မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေးမြို့)ခွဲစိတ်ပညာဌာနမှ ပါမောက္ခများ ဖြစ်ကြသည့် ဦးရှိန်မြင့်၊ ဦးထွန်းထွန်းဦးနှင့် ဦးခင်မောင်လွင်တို့က ဆေးပညာဆိုင်ရာ ခွဲစိတ်ပညာနှင့်ပတ်သက်၍ မိတ္ထီလာခရိုင် အထွေထွေရောဂါကု ဆေးရုံကြီးမှ ဆရာဝန်များ၊ သူနာပြုများအား ပရိုဂျက်တာဖြင့် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

ကျေးရွာမြေငှားဂရန်များပေးအပ်

ဇန်းမော် ဇူလိုင် ၁၁

ဇန်းမော်ခရိုင် ရွှေကူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရက် ၁၀၀ စီမံချက်လုပ်ငန်းဖြင့် ဆောင်ရွက်ခဲ့သည့် မံဝန်းကျေးရွာအုပ်စု ငှက်တံတားကျေးရွာအတွက် မြေငှားဂရန်ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၉ ရက်က အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပရာ ကျေးရွာမြေငှားဂရန်ထုတ်ပေးရေးအဖွဲ့ဥက္ကဋ္ဌကိုယ်စား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်ကျော်က အမှာစကားပြောကြားပြီး ဆက်လက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇာနည်မင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ကိုကို၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်ဦးယု၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျေးရွာနေ ရွာသူ ရွာသားများအား ကျေးရွာမြေငှားဂရန်များထုတ်ပေးပြီး ကျေးရွာနေ ပြည်သူများကိုယ်စား ဦးမျိုးအောင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ကရင်ပြည်နယ်တရားလွှတ်တော်မှ ပညာရည်ချွန်ဆုနှင့် ပညာသင်စာရေးကိရိယာများ ချီးမြှင့်

ဘားအံ ဇူလိုင် ၁၁

ကရင်ပြည်နယ် ဘားအံမြို့ ပြည်နယ်တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြသည့် တရားရေးဝန်ထမ်းများ၏ သားသမီးများကို ပညာရည်ချွန်ဆုချီးမြှင့်ခြင်းနှင့် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ပညာသင်စာရေးကိရိယာများ ပေးအပ်ခြင်းအခမ်းအနားကို ဇူလိုင် ၁၁ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးစောစံလင်းက ဂုဏ်ပြုအမှာစကားပြောကြားပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးရှင်တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင်တစ်ဦးနှင့် ရိုးရိုးအောင်မြင်သူ သုံးဦးတို့ကို ဂုဏ်ပြုဆုချီးမြှင့်ခဲ့သည်။

ထို့နောက် ပြည်နယ်တရားလွှတ်တော်တရားသူကြီး ဦးသိန်းကိုကို၏သား ခြောက်ဘာသာဂုဏ်ထူးရှင် မောင်သန့်စင်ကိုက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

သိမ့်သိမ့်မိုး

စပါးရိတ်သိမ်းခြွေလှေ့စက်ဖြင့် သရုပ်ပြ

လယ်ဝေး ဇူလိုင် ၁၁

ပြည်ထောင်စုနယ်မြေ ဒက္ခိဏခရိုင် လယ်ဝေးမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ်(၄၇) စက်မှုလယ်ယာစခန်းမှဒက္ခိဏသီရိမြို့နယ် ကျွန်းတက်ပဲ့ကျေးရွာအုပ်စုရှိ ကေ ၃၀၀၀ ကွင်း အမှတ် ၁၀၁၆ တောင်သူ ဦးဝင်းဦး၏ နွေစပါးစိုက်ကေလယ်မြေတွင် Dc.70 Gkubota စပါးရိတ်သိမ်းခြွေလှေ့စက်သရုပ်ပြပွဲကို ဇူလိုင် ၉ ရက်ကကျင်းပခဲ့သည်။

သရုပ်ပြပွဲသို့ နေပြည်တော် စက်မှုလယ်ယာ တိုင်းတာဝန်ခံညွှန်ကြားရေးမှူး ဦးခွန်အေးနိုင် တက်ရောက်၍ ဌာနလုပ်ငန်းများရှင်းလင်းပြောကြားကာ ဒေသခံတောင်သူများအား ရိတ်သိမ်းခြွေလှေ့စက်နှစ်စီးဖြင့်မောင်းနှင်၍ ရိတ်သိမ်းခြွေလှေ့မှုသရုပ်ပြခဲ့ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

ချောင်းဆုံမြို့နယ်၌ ကျေးရွာမြေငှားဂရန်ပေးအပ်

ချောင်းဆုံ ဇူလိုင် ၁၁

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်း ကျေးလက်နေပြည်သူများအား ခိုင်မာသည့် မြေယာပိုင်ဆိုင်မှုအထောက်အထား(မြေငှားဂရန်)များရရှိရန် မုရစ်ကြီးကျေးရွာအတွက် ကျေးရွာမြေငှားဂရန်ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၉ ရက်ကမြို့နယ်အုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်စိုးက မြေငှားဂရန်ထုတ်ပေးနိုင်ရေးအတွက် ကျေးရွာအစီအစဉ်များအလိုက် ကွင်းဆင်းတိုင်းတာဆောင်ရွက်မှုများကို လုပ်ဆောင်ခဲ့သည်။ မုရစ်ကြီး ကျေးရွာအတွင်း ကျေးရွာမြေ ၂ ဒသမ ၆၈ ဧကတွင် မြေယာအမှုတွဲပေါင်း ၃၅ တွဲစိစစ်ကာ မြေယာဥပဒေ၊ နည်းဥပဒေနှင့် ညီညွတ်သည့် မြေယာများကို ယခုနှစ်အတွင်း မြေငှားဂရန် ၃၅ ခုကို ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။ ထို့နောက်တာဝန်ရှိသူများက ကျေးရွာပြည်သူများအား မြေငှားဂရန်များ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

ကိုယ်ပွား(မော်လမြိုင်)

သိမ်းဆည်းမြေများအတွက် လျော်ကြေးပေးအပ်

အောင်လံ ဇူလိုင် ၁၁

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ ပြည်-အောင်လံ-ဆတ်သွားရထားလမ်းစီမံကိန်း(မိုးကောင်း-ဇောင်းလျားကျင်းမီးရထားလမ်း) သိမ်းဆည်းမြေများအတွက် သီးနှံပျက်စီးဆုံးရှုံးမှုနှင့် မြေယာလျော်ကြေးငွေပေးအပ်ပွဲအခမ်းအနားအား ဇူလိုင် ၉ ရက်က အောင်လံမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါမီးရထားလမ်းသည် ၁၉၉၆ ခုနှစ် ဇွန်လပိုင်းမှ စတင်ဖောက်လုပ်ခဲ့ခြင်းဖြစ်ပြီး မိုးကောင်းကျေးရွာတောင်ဘက် တစ်မိုင်ခန့်အကွာမှ မြောက်ဘက်သုံးမိုင်ခန့်အတွင်းရှိ မိုးကောင်းကျေးရွာမှ တောင်သူ ၄၂ ဦးနှင့် ဝွေးကုန်းကျေးရွာတောင်သူသုံးဦးစုစုပေါင်း ၄၅ ဦးအား လယ်မြေတစ်ဧကလျှင် ငွေကျပ် ၂၅ သိန်း၊ ယာမြေတစ်ဧကလျှင် ငွေကျပ်၁၅ သိန်းနှုန်းဖြင့် ၄၆ ဒသမ ၂၅ ဧကအတွက် သီးနှံပျက်စီးဆုံးရှုံးမှုနှင့် မြေယာလျော်ကြေးငွေကျပ် သိန်း ၇၆၅၆၅၀၀၀ အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ထွန်း၊ မြန်မာ့မီးရထား တိုင်းအမှတ်(၁၁)အင်ဂျင်နီယာမှူး(မြို့ပြ)ဦးသက်နိုင်ကျော်၊ အောင်လံဘူတာရုံပိုင်ကြီး ဦးအောင်နိုင်ဌေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပေးအပ်ခဲ့ကြကြောင်း သိရသည်။

မိုးကိုကို(အောင်လံ)

စာဖတ်သူတိုးပွားလာစေရေးအတွက် မိုဘိုင်းစာကြည့်တိုက်ဖွင့်

တွံတေး ဇူလိုင် ၁၁

တွံတေးမြို့နယ်အတွင်း ကျောင်းသားကျောင်းသူများနှင့် စက်ရုံ၊ အလုပ်ရုံများတွင် စာဖတ်နှုန်းတိုးတက်လာစေရေးအတွက် မြို့နယ်ပြည်သူ့စာကြည့်တိုက်မှူး ဒေါ်ဖြူဖြူဝင်းနှင့် ဝန်ထမ်းများက ညောင်တံခါးကျေးရွာ ဆံပင်တုလုပ်ငန်းအလုပ်ရုံတွင် မိုဘိုင်းစာကြည့်တိုက်နှင့် စာငှားကတ် အသင်းဝင်တိုးတက်ရေး ဇူလိုင် ၉ ရက်က သွားရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

မိုဘိုင်းစာကြည့်တိုက် ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ မြို့နယ်ဦးစီးမှူးက စာဖတ်ပါခေါင်းစဉ်ဖြင့် လည်းကောင်း ပြောကြားပြီး မြို့နယ်ပြည်သူ့စာကြည့်တိုက်မှူးက "အခုခေတ် လူငယ်တွေ စာဖတ်အားနည်းကြတယ်၊ လက်ကိုင်ဖုန်းတွေ ပေါ်များပေမယ့် စာကောင်းတွေရှာဖွေလေ့လာသူကရှားတယ်။ များသောအားဖြင့် ဂိမ်းကစား၊ ဖေ့စ်ဘုတ်အသုံးပြုနေပြီး အချိန်ကုန် ငွေကုန် အိပ်ရေးပျက်ခံနေကြတယ်။ ဒီနေ့ အင်တာနက်သုံးစွဲနေကြတဲ့ လူငယ်တွေကို အင်တာနက်ကနေ တကယ်တန်ဖိုးရှိတဲ့ စာကောင်းတွေ တစ်ရက်ကို မိနစ် ၃၀ လောက် ရှာဖွေဖတ်ရှုစေချင်တယ်။ ဒါမှမဟုတ် မြို့နယ်ပြည်သူ့စာကြည့်တိုက်၊ မိမိနေထိုင်တဲ့ ရပ်ကွက်၊ ကျေးရွာ ပြည်သူ့စာကြည့်တိုက်မှာဖြစ်စေ စာဖတ်လို့ရတယ်"ဟု လူငယ်များ စာဖတ်နှုန်း တိုးလာစေရန် တိုက်တွန်းပြောကြားသည်။

မြို့နယ် ပြည်သူ့စာကြည့်တိုက်မှ ဝန်ထမ်းများကလည်း စာဖတ်သူတိုးပွားလာစေရေး၊ စက်ရုံ၊ အလုပ်ရုံနှင့် ကျေးရွာများကို တစ်ပတ်လျှင် နှစ်ကြိမ်နှုန်း ကွင်းဆင်းဆောင်ရွက်ရန် စီစဉ်ထားကြောင်း သိရသည်။

မျိုးလှိုင်(တွံတေး)

ရန်ကုန်တိုင်းဒေသကြီး၌ တစ်လအတွင်း ယာဉ်တိုက်မှု ၂၁၈ မှုဖြစ်ပွား ယာဉ်မတော်တဆမှုများကြောင့်ဒဏ်ရာရရသူ ၂၃၆ ဦးနှင့် သေဆုံးသူ ၄၆ ဦးရှိ

ရန်ကုန် ဇူလိုင် ၁၁

ပြီးခဲ့သည့် ဇွန်လအတွင်း ရန်ကုန်တိုင်းဒေသကြီး၌ ယာဉ်မတော်တဆမှုများကြောင့် သေဆုံးသူ ၄၆ ဦးရှိပြီး ဒဏ်ရာရသူ ၂၃၆ ဦးရှိကြောင်း အမှတ်(၂) ယာဉ်ထိန်းတပ်ဖွဲ့ခွဲမှူးရုံးမှ ဒုတိယရဲမှူးကြီး ဦးအောင်ကိုဦးက ပြောသည်။

"ဇွန်လမှာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာဉ်မတော်တဆမှုတွေကြောင့် သေဆုံးသူ ၄၆ ဦးရှိပြီး ဒဏ်ရာရသူ ၂၃၆ ဦးရှိပါတယ်။ ယာဉ်တိုက်မှုအနေနဲ့ကတော့ ၂၁၈ မှုဖြစ်ပွားခဲ့ပါတယ်။ ဒီအထဲမှ မြို့ပေါ်မှာ ယာဉ်တိုက်မှု ၁၈၄ မှုရှိပြီး ကျေးလက် တောရွာတွေမှာ ယာဉ်တိုက်မှု ၃၄ မှု ဖြစ်ပွားခဲ့ပါတယ်။ ဖြစ်ပွားတဲ့အချိန်အရ ပြောမယ်ဆိုရင် နေ့အချိန်ယာဉ်တိုက်မှု ၁၂၀၊ ညအချိန်ယာဉ်တိုက်မှု ၉၈ မှု ဖြစ်ပွားခဲ့ပါတယ်"ဟု ဒုတိယရဲမှူးကြီးအောင်ကိုဦးက ပြောသည်။

အဆိုပါ ယာဉ်တိုက်မှုများတွင် မူးယစ်သောက်စားခြင်းကြောင့် ယာဉ်တိုက်မှုခုနစ်မှု၊ မဆင်မခြင်မောင်းနှင်မှု ၁၀၃ မှု၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာမှု ၃၄ မှု၊ ယာဉ်မောင်းမကျွမ်းကျင်မှု ၂၁ မှု၊ ခရီးသည်ပေါ့ဆမှု ၁၉ မှု၊ သက်ငယ်ယာဉ်မောင်းမှု ၃၄ မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ယာဉ်အမျိုးအစားအရဆိုလျှင် လိုင်းကား ဘတ်စ်ကား ၃၆ စီး၊ အငှားကား ၃၄ စီး၊ အဝေးပြေးယာဉ်တစ်စီး၊ ကုန်တင်ယာဉ် ၃၁ စီး၊ ကိုယ်ပိုင်ယာဉ် အစီး ၉၀၊ ဌာနဆိုင်ရာတစ်စီး၊ ဆိုင်ကယ် ၂၅ စီးဖြစ်ကြောင်း သိရသည်။

အဆိုပါ ယာဉ်မတော်တဆမှုများကြောင့် ဒဏ်ရာရသူများအား အသက်အရွယ်အလိုက် ဖော်ပြရလျှင် အသက် လေးနှစ်အရွယ် တစ်ဦး၊ ငါးနှစ်မှ ၁၄ နှစ်အတွင်း ငါးဦး၊ ၁၅ နှစ်မှ ၂၉ နှစ်အတွင်း ၁၀ ဦး၊ အသက် ၃၀ မှ ၄၄ နှစ်အတွင်း ၁၀၁ ဦး၊အသက် ၄၅ မှ ၅၉ နှစ်အတွင်း ၁၀၉ ဦး၊ အသက် ၆၀ မှ ၆၉ နှစ်အတွင်း ခြောက်ဦး၊ အသက် ၇၀ အထက် လေးဦးရှိကြောင်း ယာဉ်ထိန်းတပ်ဖွဲ့မှ ထုတ်ပြန်ကြေညာချက်များအရ သိရသည်။

ထို့အပြင် သေဆုံးသူများမှာ အသက် လေးနှစ်အောက် တစ်ဦး၊ အသက် ငါးနှစ်မှ ၁၄ နှစ်အတွင်း တစ်ဦး၊ အသက် ၁၅ နှစ်မှ ၂၉ နှစ်အတွင်း လေးဦး၊ အသက် ၃၀ မှ ၄၄ နှစ်အတွင်း ၁၁ ဦး၊ အသက် ၄၅ နှစ်မှ ၅၉ နှစ်အတွင်း ၂၀၊ အသက် ၆၀ မှ ၆၉ နှစ်အတွင်း ငါးဦး၊ အသက် ၇၀ နှစ်နှင့်အထက် သုံးဦး စုစုပေါင်း ၄၆ ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဇူလိုင် ၁ ရက်မှ ၇ ရက်အထိ တစ်ပတ်အတွင်း ယာဉ်စည်းကမ်းချိုးဖောက်မှု ၈၇၇ မှု၊ လိုင်စင်ပိတ်သိမ်းမှု ၁၃၇ မှု၊ ယာဉ်ရပ်ရာ မရပ်ရလမ်းအရေးယူမှု ၁၇၁ မှုရှိကြောင်း၊ ရက် ၁၀၀ အတွင်း မေလမှ မေ၊ ဇွန်နှင့် ဇူလိုင်လအထိ စည်းကမ်းဖောက်ဖျက် ယာဉ်အရေးယူမှု ၁၁၀၉၃၀ မှု၊ လိုင်စင်ပိတ်သိမ်းမှု ၂၁၉၆ မှု၊ ရိုးရိုးစည်းကမ်းဖောက်ဖျက်အရေးယူမှု ၈၄၃၄ မှု စစ်ဆေးအရေးယူမှုများ ပြုလုပ်ထားကြောင်း သိရသည်။ ယာဉ်စည်းကမ်းဖောက်ဖျက်မှုများတွင် တိုက်ပြေးမှုများလည်း ပါဝင်ကြောင်း သိရသည်။

မြင့်မောင်စိုး

လှည်းကင်း-ကရိန်းဆွဲကားယာဉ်တန်းဖြင့် လှည့်လည်နေချိန် လူသွားလမ်းပေါ် ကားတက်ရပ်ခြင်း၊ ကားလမ်းမဘေးယာဉ်ရပ်ရန်နေရာတွင် နေရာဦးခြင်းများရှိနေဆဲ

ရန်ကုန် ဇူလိုင် ၁၁

လမ်းမတော်မြို့နယ်အတွင်းရှိ အနော်ရထာ၊ မဟာဗန္ဓုလ၊ ဘုန်းကြီးလမ်းစသည့်ကားလမ်းမများပေါ်တွင် ယာဉ်ထိန်းနှင့် အဖွဲ့စုံပါဝင်သော လှည့်ကင်းယာဉ်တစ်စီး၊ ကရိန်းဆွဲကားခြောက်စီးပါ ယာဉ်တန်းဖြင့် လှည့်လည်စစ်ဆေးအရေးယူမှုများရှိသည်ကို ဇူလိုင် ၈ ရက် မွန်းတည့် ၁၂ နာရီဝန်းကျင်က မြင်တွေ့ရသည်ဟု လမ်းမတော်မြို့နယ် မဟာဗန္ဓုလလမ်းတွင် နေထိုင်အလုပ်လုပ်ကိုင်သူများကပြောသည်။

ဘုန်းကြီးလမ်းနှင့် ကမ်းနားလမ်းထောင့် ယာဉ်ရပ်နားရာနေရာတွင် နေရာလွတ်မြင်တွေ့ရသော်လည်း လူသွားလမ်းပေါ်တွင် အိမ်စီးယာဉ်ငယ်တစ်စီး တက်ရောက်ရပ်ထားသည်ကို ယင်းနေ့နံနက်ပိုင်းမှစ၍ မြင်တွေ့ရခဲ့သည်။ ညပိုင်းတွင်ပါရပ်လေ့ရှိသည်ဟု ယင်းနေရာအနီး ဖြတ်သန်းသွားလာနေသူတစ်ဦးကပြောသည်။

မဟာဗန္ဓုလလမ်းနှင့် ရွှေတောင်တန်းလမ်းဆုံ လိုင်းကားယာဉ်ကြောအေး ယာဉ်ရပ်နား ရန်နေရာတွင် နေရာဦးပစ္စည်းချထားသည်ကို ယင်းနေ့မွန်းလွဲပိုင်းတွင်မြင်တွေ့ရပြီး မြို့တွင်းသို့ အလုပ်ကိစ္စနှင့်လာရောက်သူများအနေဖြင့် နေရာလွတ်ရှိသော်လည်း ယာဉ်ရပ်၍မရဘဲဖြစ်နေသည်။ သို့ဖြစ်ရာ မြို့နယ်တွင်းလှည့်လည်အရေးယူရာတွင် ယင်းဖြစ်စဉ်များကိုပါ ထည့်သွင်းအရေးယူပေးစေလိုသည်ဟု အဆိုပါလမ်း၌ နေထိုင်သူတစ်ဦးက ပြောသည်။

ခင်ဆိုင်

လယ်ဝေးမြို့တွင် အခွန်ဆိုင်ရာ ပညာပေးဆွေးနွေး

လယ်ဝေး ဇူလိုင် ၁၁

အခွန်ကောက်ခံခြင်းသည် ပြည်သူ့အကျိုးဆောင်ရွက်ရသည့် လုပ်ငန်းများတွင် ကျခံသုံးစွဲနိုင်ရန် ကောက်ခံခြင်း ဖြစ်ကြောင်း၊ အများပြည်သူအကျိုးအတွက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို အချိန်မြင့်တင်ရမည်ဖြစ်ရာ ရသင့်ရထိုက်သော အခွန်များကို အပြည့်အဝရရှိရေးကိုလည်း မြင့်တင်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြည်ထောင်စု အခွန်အကောက်ဥပဒေနှင့် အသစ်ပြဋ္ဌာန်းသည့် အထူးကုန်စည်ခွန်ဥပဒေများအကြောင်းကို ဇူလိုင် ၇ ရက်က အထက(၂) လယ်ဝေး ဝင်းသီရိခန်းမ၌ ကျင်းပသည့် အခွန်ဆိုင်ရာ ပညာပေးဆွေးနွေးပွဲတွင် မြို့နယ်အခွန်ဒုတိယဦးစီးမှူးဦးအောင်နိုင်က ရှင်းလင်းဆွေးနွေးခဲ့သည်။

မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး ဝန်ထမ်းများက ကျောင်းသားကျောင်းသူများအား ပြည်တွင်းအခွန်ဦးစီးဌာနအကြောင်း သိမှတ်ဖွယ်ရာလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်းနှင့် မြို့နယ်အတွင်းရှိအခြေခံပညာကျောင်းများနှင့် ရပ်ကွက်/ကျေးရွာများတွင်လည်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

လက်သမား၊ ပန်းရန်အတတ်ပညာသင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၁

ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိစေရန် ရည်ရွယ်၍ အသက်မွေးဝမ်းကျောင်း အထောက်အကူပြုလက်သမား၊ ပန်းရန်အတတ်ပညာသင်တန်းဖွင့်ပွဲကို ဝါးဘလောက်သောက်ကျေးရွာ ခါတော်မှီအေးဘုန်းတော်ကြီးကျောင်း၌ ဇူလိုင် ၄ ရက်က ကျင်းပရာ အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာအေးနှင့် ဦးဇော်မင်းအောင်တို့က အမှာစကားများပြောကြားပြီး ခရိုင်ဦးစီးမှူး ဦးကျော်လင်းသန်းက သင်တန်းနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၆၀ တက်ရောက်လျက်ရှိပြီး သင်တန်းဆရာများက ဇူလိုင် ၄ ရက်မှ ၁၈ ရက်အထိ ၁၅ ရက်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပြသပေးမည်ဟု သိရသည်။

ကိုကျော်(သုံးခွ)

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးဆောင်ရွက်

ပေါက်တော ဇူလိုင် ၁၁

ရခိုင်ပြည်နယ် စစ်တွေခရိုင် ပေါက်တောမြို့နယ်ရှိ ရပ်ကွက်များ၌ သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေးလှုပ်ရှားမှုအဖြစ် ခြင်နှိမ်နင်းရေးလုပ်ငန်းများကို ဇူလိုင် ၇ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရပ်ကွက်အတွင်း နေအိမ်များမှ ရေကန်၊ ရေစည်များ၊ ဘုရားပန်းအိုးများတွင် ခြင်ပေါက်ပွားမှုမရှိစေရန် ဖုံး၊ သွန်၊ လဲ၊ စစ် စစ်ဆေးခြင်း၊ ခြင်ခိုအောင်းနိုင်သောနေရာများကို ရှင်းလင်းဆောင်ရွက်ကြခြင်းဖြစ်ကာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ဝင်းမာနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များနှင့် ပြည်သူများကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အေးလွင် (ပြန်/ဆက်)

မူးယစ်ဆေးဝါးအလွဲသုံးမှု ကာကွယ်တားဆီးရေးဟောပြော

သီပေါ ဇူလိုင် ၁၁

မူးယစ်ဆေးဝါး အလွဲသုံးမှုကာကွယ်တားဆီးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ဇူလိုင် ၈ ရက်က ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မြည်သီလာခန်းမ၌ ကျင်းပရာ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါ်ကတာမျိုးထွန်းတက်ရောက်သည်။

ဟောပြောပွဲတွင် မူးယစ်အထူး(လားရှိုး)မှ ဒုရဲမှူးသင်းအောင်၊ သီပေါပြည်သူ့ဆေးရုံအုပ် ဒေါက်တာနန်းရွှေဟာန်နှင့် မြို့နယ်ဥပဒေအရာရှိ ဒေါ်နန်းယိန်းဆိုင်ဖောင်တို့က မူးယစ်ဆေးဝါးဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဟောပြောကြသည်။

ထို့နောက် ပြည်နယ်လူမှုရေးဝန်ကြီးက ဌာနဆိုင်ရာတာဝန်ရှိသူများအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ပြီး ကျောင်းသားကျောင်းသူများအတွက် အားကစားပစ္စည်းများကို မြို့နယ်ပညာရေးမှူး ဒေါ်ခင်မလတ်ထံပေးအပ်ခဲ့ကြောင်း သိရသည်။

စိုး(သီပေါ)

တာချီလိတ်တွင် ဘိန်းအစားထိုးလုပ်ငန်း သီးနှံမျိုးစေ့များနှင့် ပျိုးပင်များ အခမဲ့ပေးအပ်

တာချီလိတ် ဇူလိုင် ၁၁

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေး ဘိန်းအစားထိုးသီးနှံမျိုးစေ့နှင့် နှစ်ရှည်သီးနှံသာဖြူပျိုးပင်များ အခမဲ့ပေးအပ်ပွဲကို ဇူလိုင် ၆ ရက်က အဆိုပါမြို့နယ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးလှဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးစိုင်းခင်ဇော်လတ်က ဘိန်းအစားထိုးသီးနှံမျိုးစေ့နှင့် ပျိုးပင်များပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် ဦးခင်မောင်တင်နှင့် ဦးညီနပ်၊ ခရိုင်ဦးစီးမှူး ဦးလှဝင်းနှင့် တာဝန်ရှိသူများက နယူးရော(၁) စပ်မျိုးဝပါးမျိုးစေ့ ကီလို ၅၆၀ နှင့် နှစ်ရှည်သီးနှံသာဖြူပင် ၆၀၀ တို့ကို ဝမ်လုံးကျေးရွာအုပ်စု၊ ဖန်မင်ကျေးရွာအုပ်စု၊ မိုင်းကိုးကျေးရွာအုပ်စု၊ လွယ်တော်ခမ်းကျေးရွာအုပ်စုနှင့် မိုင်းဟဲကျေးရွာအုပ်စုတို့ရှိ တောင်သူများအား အခမဲ့ပေးအပ်ခဲ့ပြီး မြန်မာ၊ ရှမ်း၊ အာခါ၊ လားဟူ ဘာသာတို့ဖြင့် ပြုစုထားသည့် စိုက်ပျိုးရေးနည်းစနစ်များဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဝေယံလင်း(ပြန်/ဆက်)

သမိုင်းမှတ်တမ်းပေစာ

မောင်သာ(ရှေးဟောင်းသုတေသန)

မြန်မာနိုင်ငံ၏ သမိုင်းတင်ခေတ်ကို ခြေရာခံကြရာတွင် ကျောက်စာများကို အထောက်အထားပြုကြရသကဲ့သို့ မြန်မာလူမျိုးများ အစဉ်အဆက်သုံးစွဲခဲ့ကြသည့် ပေ၊ ပုရပိုက်များကိုလည်း အားကိုးအားထားပြုကြရပေသည်။ မြန်မာလူမျိုးများသည် နယ်ပယ်အသီးသီးမှ အကြောင်းအရာမျိုးစုံကို ပေ၊ ပုရပိုက်များတွင် ရေးသားသိမ်းဆည်းလေ့ ရှိခဲ့ကြသဖြင့် ပေပုရပိုက်များကို မြန်မာတို့၏မှတ်တမ်းများဟု ဆိုနိုင်ပေသည်။ ပေစာများတွင် ရေးသားသိမ်းဆည်းခဲ့သဖြင့် ဦးကုလား မဟာရာဇဝင်ကြီး၊ တွင်းသင်းတိုက်ဝန်မဟာစည်သူ ဦးထွန်းညို၏ တွင်းသင်းမြန်မာရာဇဝင်သစ်၊ မှန်နန်းရာဇဝင်ကြီး အစရှိသည့် မြန်မာနိုင်ငံသမိုင်းကျမ်းများ အပါအဝင် မှတ်တမ်းမျိုးစုံကို ယနေ့တိုင်ဖတ်ရှုကြရပေသည်။

ပေစာသည် စာရေးသားနိုင်ရန် ပြုပြင်စီမံထားသည့် ပေရွက်ပေါ်တွင် ရေးထိုးမှတ်တမ်းပြုထားသော အက္ခရာစာလုံးများ၊ အမှတ်အသားများကို ဆိုလိုပြီး ပေစာကို မြန်မာနိုင်ငံနေရာအနှံ့တွင် တွေ့ရှိနိုင်သည်။ ပေရွက်အပြင် ထန်းရွက်၊ ထန်းဖူးများပေါ်တွင်လည်း စာများရေးသားနိုင်သည်။ ထန်းရွက်၊ ထန်းဖူးများသည် တောင့်တင်း၍ လိပ်နိုင်ဖြည်နိုင်သော်လည်း ကြွတ်ဆတ်သဖြင့် စာများကို ပေရွက်ပေါ်တွင်သာ အများဆုံး ရေးလေ့ရှိခဲ့သည်။ သီပေါမင်းဇာတာတော်ကို အလျား ၂၇ ဒသမ ၆ စင်တီမီတာနှင့် အနံ ၆ ဒသမ ၄ စင်တီမီတာရှိသည့် ထန်းရွက်ပေါ်တွင်လည်းကောင်း၊ စုဖုရားလတ်၏ ဇာတာတော်ကို အလျား ၂၆ ဒသမ ၇ စင်တီမီတာနှင့် အနံ ၇ ဒသမ ၄ စင်တီမီတာရှိသည့် ထန်းရွက်ပေါ်တွင်လည်းကောင်း ရေးသားခဲ့သည်။ ယခုအခါ ယင်းဇာတာတော်များကို အမျိုးသားပြတိုက်(ရန်ကုန်)တွင် ထိန်းသိမ်းထားရှိသည်။

စာချွန်များအား “ကေရာဇ်မင်းမြတ်အမိန့်တော်ဟူသမျှကို ထန်းဖူးညွန့်ရှည် တစ်မျက်နှာလျှင် စာတစ်ကြောင်းတည်းသာ သတ်စုံနှင့် ရေးရသည်။ ယင်းကြောင့် တစ်ကြောင်းစာချွန်ဟူ၍ ခေါ်ဝေါ်သည်။ (သတ်စုံရေးဆိုသည်မှာ မုလအက္ခရာ ရှိရင်းအတိုင်း ပြည့်စုံအောင် ရေးသားခြင်းကို ဆိုလိုသည်။) လွှတ်တော်ဝန်ကြီးမင်းတို့က နိုင်ငံတော်အတွင်း၌ တိုင်းရေးပြည်မှုနှင့် ထုတ်ပြန်တော်မူ အမိန့်တော်အရ စာပေးခံအရာရှိတို့ ဂုဏ်ကိုထောက်၍ ဝန်ကြီးမင်းတို့က ကြားလိုက်သည်၊ မှာလိုက်သည်။ နှစ်မျိုးခွဲဝေရေးသား၍ ဆိုင်သင့်ရာရာပေးအပ်ရသော စာများကို ထန်းဖူးတစ်မျက်နှာလျှင် နှစ်ကြောင်းသာ ရေးရသည်။ သို့ဖြစ်၍ စာရေးသားပုံကို မြင်ကာမျှနှင့်ပင် လွှတ်တော်ကပေးသည့်စာဟု သိနိုင်သည်။ ၄င်းကို နှစ်ကြောင်း စာချွန်ဟု ခေါ်ဝေါ်သည်”ဟု ရွှေနန်းသုံးဝေါဟာရ အဘိဓာန်တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ၁၉၅၂ ခုနှစ်က ရရှိခဲ့သော ပေနှင့် ထန်းရွက်စာချွန်တော်များကို အမျိုးသားပြတိုက်(ရန်ကုန်)၌ ထိန်းသိမ်းထားရာ အရှည် ၁၁၄ ဒသမ ၄ စင်တီမီတာ(သုံးပေကိုးလက်မ)အထိရှိသည့် စာချွန်တော်ကို မြင်တွေ့နိုင်ပေသည်။

ပေစာရေးသားခြင်းကို မြန်မာနိုင်ငံတွင်သာမက ပေပင် ထန်းပင်များ ပေါက်ရောက်သည့် အိန္ဒိယနိုင်ငံနှင့် သီရိလင်္ကာ နိုင်ငံများတွင်လည်း တွေ့ရှိရသည်။ သာသနာနှစ် ၄၅၀ ပြည့်နှစ်(ခရစ်နှစ်မပေါ်မီ ၉၄ နှစ်)တွင် သီဟိုဠ်ကျွန်း အာလောကလိုဏ်၌ စတုတ္ထသင်္ဂါယနာတင်ခဲ့ပြီးနောက် ပိဋကတ်သုံးပုံနှင့် အဋ္ဌကထာကျမ်းများကို ပေထက်အက္ခရာတင်ခဲ့ကြသဖြင့် လွန်ခဲ့သော နှစ် ၂၀၀၀ ကျော်ကပင် မှတ်တမ်းတင်ရန် ပေစာကို အသုံးပြုခဲ့ကြောင်း သုံးသပ်နိုင်ပေသည်။ မြန်မာနိုင်ငံသို့ ပေစာအရေးအသားသည် အိန္ဒိယနိုင်ငံမှ ရောက်ရှိလာခဲ့ကြောင်း မြန်မာ့စွယ်စုံကျမ်းတွင် ရေးသားထားသည်။ လက်ဖနင်တင်ဂျင်နရယ် အေဖိုက်တာက သူ၏ ‘အတိတ်နှင့်ပစ္စုပ္ပန် မြန်မာပြည်’ စာအုပ်တွင် မြန်မာတို့သည် သီဟိုဠ်သားတို့ထံမှ နည်းစနစ်ယူပြီး ပေရွက်များကို ပြုပြင်ခဲ့ကြောင်း ရေးသားခဲ့သည်။

မြန်မာတို့သည် ပေရွက်များပေါ်တွင် သမိုင်းမှတ်တမ်း အချက်အလက်များအပြင် လူမှုထုံး ဓလေ့များ၊ စာပေလင်္ကာ၊ ပျို့ကဗျာများကိုပါ ရေးသားခဲ့ကြသည်။ လူတစ်ဦးချင်း၏ ဇာတာခွင်များကိုလည်း ပေရွက်များပေါ်တွင် ရေးသားမှတ်တမ်းပြုကာ တစ်သက်တာ သိမ်းဆည်းထားလေ့ ရှိခဲ့ကြသည်။ တစ်ဦးနှင့်တစ်ဦး ဆက်သွယ်မှုပြုရာတွင်လည်း ပေဖူးလွှာဟု တင်စားသည့် ပေစာများကို သုံးစွဲခဲ့ကြသည်။ ကျောက်ပေါ်တွင်ရေးလျှင် ကျောက်စာ၊ အိုးပေါ်တွင်ရေးလျှင် အိုးစာ၊ ခေါင်းလောင်းပေါ်တွင်ရေးလျှင် ခေါင်းလောင်းစာ၊ အုတ်ခွက်ပေါ်တွင် ရေးလျှင် အုတ်ခွက်စာဟု ခေါ်ကြသကဲ့သို့ ပေရွက်ပေါ်တွင် အက္ခရာစာလုံးများ ရေးသားထားသောကြောင့် ပေနှင့်စာကို ပေါင်းစပ်ကာ ပေစာဟု ခေါ်တွင်ခဲ့ကြသည်။

ရွှေ၊ ငွေ၊ ကြေးတို့ကို ပေရွက်သဏ္ဌာန် အပြားခတ်၍ စာရေးသားထားသည့် မှတ်တမ်းများကို ရွှေပေ၊ ငွေပေ၊ ကြေးပေဟု ခေါ်ဆိုခဲ့ကြ သည်။ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျက ဗြိတိန်နိုင်ငံ ဒုတိယမြောက်ဂျော့ဘုရင်ထံ ခရစ်နှစ် ၁၇၅၆ ခု မေလ ၈ ရက် စနေနေ့တွင် ပေးပို့ခဲ့သည့် ရွှေသားသဝဏ်လွှာကို ရွှေပေလွှာဟု ခေါ်ကြသည်။

ပေပင်သည် ပူပြင်းခြောက်သွေ့သော နေရာဒေသများတွင် ပေါက်ရောက်လေ့ရှိသည်။ ပေပင်သည် အသီးတစ်ကြိမ်သာ သီးလေ့ရှိသဖြင့် ‘ပေတစ်သီး ကျီးတစ်သား’ဟု ဆိုကြသည်။ ပေပင်သည် ထန်းပင်ထက် လုံးပတ်ကြီးကာ ပေရွက်သည် ထန်းရွက်ထက် ပိုမိုကြီးမားသဖြင့် ဘုန်းကြီးယပ်တောင်ကြီးများအဖြစ် အသုံးပြုကြသည်။ ပေပင်တစ်ပင်၏ သက်တမ်းသည် နှစ် ၆၀ ဝန်းကျင်ဖြစ်ပြီး ပေရွက်သည် နှစ် ၁၀၀၀ အထိ မဆွေးမမြေ့ကြောင်း သိရှိရသည်။ ပေရွက်နှင့် ထန်းရွက်များသည် အညိုရောင်သန်းသော အဝါရောင် ရှိကြသည်။

ပေရွက်ပေါ်တွင် စာများမရေးသားမီ ပေရွက်နုများကို အလယ်ကြောဖယ်ရှားပြီး အရင်းနှင့်အဖျားကို အနည်းငယ်ဖြတ်ထုတ်ကာ စမ်းရေဖြင့် ပြုတ်ရသည်။ ရှစ်နှစ်မှ ၁၀ နှစ်သက်တမ်းရှိသောပေပင်မှ ခူးဆွတ်ပြီး ပြုတ်ထားသော ပေရွက်များကို အရိပ်အောက်တွင် သွေ့ခြောက်စေပြီးမှ နေပူတွင် လှမ်းကြရသည်။ ပေရွက်များ လုံးဝခြောက်သွေ့သွားလျှင် ခွေလိပ်၍ သိမ်းဆည်းထားကြရသည်။ အချို့က နေပူလှမ်းပြီး ခြောက်သွေ့သွားသည့်ပေရွက်များကို ပြန့်သွားစေရန် ဆန့်ပြီး အရွက်များများထပ်လျက် စဥ့်အိုးကြီးတစ်လုံးထဲတွင် ခွေထည့်ရသည်ဟု ဆိုသည်။ ထို့နောက် စဥ့်အိုးတစ်လုံးအတွင်းသို့ ပေရွက်များမြုပ်သည်အထိ ရေထည့်ပြီး ထမင်းအနည်းငယ်ထည့်ကာ အဖုံးမပိတ်ဘဲ နေပူတွင် ရက်သတ္တပတ်၊ တစ်ပတ်ကျော်ထားကြသည်။ အချို့ကလည်း အိုးအတွင်းသို့ ဆန်တစ်ပြည်နှင့် ရေအပြည့်ဖြည့်ပြီး တစ်လနှင့်တစ်ရက် ထားကြသည်။

နေပူရှိန်ကြောင့် စဥ့်အိုးထဲမှ ထမင်း သို့မဟုတ် ဆန်များ အချဉ်ပေါက်ကာ အမြှုပ်များထလာလျှင် ပေရွက်များကို ဆယ်ကြည့်ရသည်။ ပေရွက်ပေါ်တွင် အစိမ်းကွက်များရှိနေသေးလျှင် ဆယ်ယူ၍ မရသေးဘဲ ပေရွက်များညိုးကာ အညိုရောင်သမ်းလာမှ ဆယ်ယူပြီး အရိပ်တွင် အခြောက်ခံရသည်။ သို့သော်လည်း ပေရွက်များအညိုးလွန်ပါက ဆွေးမြေ့လွယ်သည်။ ပေရွက်ကိုစိမ်ရာတွင် အနံ့ဆိုးများထွက်သဖြင့် လူသူရှင်းသည့်နေရာများတွင်သာ စိမ်လေ့ရှိသည်။

ဒုတိယအဆင့်တွင် အသားချောနေသည့် ကွမ်းသီးပင် ပင်စည်တစ်ခုကို သစ်ပင်နှစ်ပင်တွင် တစ်ဖက်စီ အခိုင်အမာချည်နှောင်လျက် တန်းတစ်တန်း ပြုလုပ်ရသည်။ ထို့နောက်ပေရွက်ကို ကွမ်းသီးပင်တန်းပေါ် ခွတင်ကာ ပေရွက်၏ ထိပ်စွန်းတစ်ဖက်ကို အလေးတုံးတစ်ခုနှင့်ချည်ထားပြီး ကျန်ထိပ်စွန်းကို ရှေ့တိုး နောက်ငင်ဆွဲယူခြင်းဖြင့် ပေရွက်ကို ချောလာအောင် ပြုလုပ်ကြရသည်။ ကွမ်းသီးပင်စည်နှင့် ပေရွက်တို့ ပွတ်တိုက်မှုကြောင့် ပူပြီး ပေရွက်ခြောက်လာလျှင် ရေဆွတ်ပေးရပြီး ပေတစ်ရွက်ကို မိနစ် ၂၀ ဝန်းကျင် ဆွဲပေးရသည်။

ထိုသို့ ပေရွက်ကို နူးညံ့ချောမွေ့လာစေရန်ပြုလုပ်ပြီးနောက် ပေရွက်များကိုထပ်ပြီး အရွက်များညီစေရန် ဓားဖြင့်လှီးဖြတ်ကာ ညှိပြီးနောက် ပေခေါင်းကို ဟင်္သပြဒါးအနီရောင် သို့မဟုတ် သစ်စေးအနက်ရောင် သုတ်လိမ်းပြီးမှ စာရေးကြသည်။ ရွှေရောင်သုတ်လိမ်းထားသည့် ပေရွက်များကို မျဉ်းနီဟုခေါ်၍ သစ်စေးနက်သုတ်ထားသည့် ပေရွက်များကို မျဉ်းနက်ဟုခေါ်သည်။ ပေရွက်ကို ပိတ်စကဲ့သို့ ချောမွေ့ပျော့ပျောင်းစေရန် ပြုလုပ်ခြင်းနှင့် မျဉ်းကိုင်ခြင်းတို့ကို ပြုလုပ်သူများအား ပေလုပ်မျဉ်းကိုင်ဟု ခေါ်ဆိုပြီး ပေရွက်ပေါ်တွင် စာရေးသူအား စာရေးဟုပင် ရိုးရှင်းစွာ ခေါ်ဆိုကြသည်။ မျဉ်းကိုင်သည်ဆိုသည်မှာ အလိုရှိရာဆေးရောင် သုတ်လိမ်းခြင်းဖြစ်သည်။

အရွယ်တူပေရွက်များကို တစ်ပုံစီခွဲကာ ကျမ်းဟုခေါ်သည့် ချောနေသော သစ်သားပြားနှစ်ချပ်ကြားတွင် ညှပ်ထားရသည်။ ယင်းသစ်သားပြားငယ်နှစ်ချပ်သည် ညှပ်ထားမည့် ပေရွက်များနှင့် ရွယ်တူဖြစ်ပြီး ပေရွက်ကိုဖောက်ရန် ကျမ်းတွင် အပေါက်လေးနှစ်ခုကို ကြိုဖောက်ထားရသည်။ ပေရွက်များ ညှပ်ပြီးသောအခါ ကျမ်းတွင်ဖောက်ထားသည့် အပေါက်မှ တစ်ဆင့် စူးဖြင့်ထိုးကာ ပေရွက်များကို အပေါက်နှစ်ပေါက် ဖောက်ရသည်။ ပေရွက်တိုင်းကို ဝဲဘက်တွင်တစ်ပေါက် ယာဘက်တွင်တစ်ပေါက် ဖောက်ရပြီး ယင်းအပေါက်များကို ပလ္လင်ပေါက်ဟု ခေါ်သည်။ ပလ္လင်ပေါက်များသည် ပေချပ်များ တိမ်းစောင်းခြင်းမရှိဘဲ ညီညာနေစေရန် ထိန်းထားပေးသည်။ ပလ္လင်ပေါက်ဖောက်ထားသည့် ပေရွက်များကို ပလ္လင်တိုင်ဟု ခေါ်သည့် တစ်လက်မ၏ ဆယ်ပုံတစ်ပုံဝန်းကျင် အချင်းရှိပြီး ချောထားသည့် ဝါးတိုင်လေးနှစ်ခုတွင် စိုက်ရသည်။ ပလ္လင်တိုင်စိုက်ပြီး ကျမ်းတွင်ညှပ်ထားသော ပေရွက်များအားလုံး ညီညာသွားစေရန် ပေထိုးဆောက်ဖြင့် ပေချပ်ထိပ်စွန်းစများကို ကျမ်းနှင့်အညီ ဖြတ်ပစ်ရသည်။ ထို့ကြောင့် ပေထိုးဆောက်များကို အမျိုးအစားကောင်းသောသံဖြင့် ပြုလုပ်ထားလေ့ရှိကာ ထက်နေစေရန် သွေးထားကြရသည်။

စာရေးရန် အသင့်ပြင်ထားသည့် ပေရွက်များပေါ်တွင် ကညစ်တံ သို့မဟုတ် သံချွန်လေးများဖြင့် စာများရေးသားကြရသည်။ ပေရွက်များသည် လက်ဖဝါးပေါ် တင်ရေးနိုင်သည့် အရွယ်မှသည် အလျားတစ်ပေမှ နှစ်ပေအထိ ရှည်လျားသည်။ ပေစာရေးသည် စိတ်ပျံ့လွင့်မှုနည်းပါးသော သတိကြီးသူဖြစ်ပြီး ပေစာများတွင် အကျအပေါက် အမှားအယွင်းနည်းစွာ ရေးသားနိုင်သူဖြစ်ရန် လိုအပ်သည်။ ပေစာကို စာစင်ခုံဟုခေါ်သည့် ခုံပေါ်တွင်တင်ကာ ဘယ်လက်ဖြင့် ပေရွက်ကိုထိန်းလျက် ညာလက်ဖြင့် ကညစ်ကိုကိုင်ကာ ရေးသားကြရသည်။ နန်းတော်တွင်သုံးသည့် စာစင်ခုံကို ရွှေစာထောက်ဟုခေါ်ကြသည်။

စာမရေးမီ ပေရွက်များပေါ်တွင် နှစ်ပေခန့်ရှည်သည့် ဝါး သို့မဟုတ် သစ်သားပေတံကို အသုံးပြုကာ မျဉ်းသားရသည်။ ပေတစ်ရွက်လျှင် ပေရွက်အရွယ်အစားကိုလိုက်၍ အကြောင်းရေ ခြောက်ကြောင်းမှ ၁၂ ကြောင်းအထိ မျဉ်းပစ်လေ့ရှိသည်။ စာရေးထားသည့် အကြောင်းရေကို မူတည်လျက် ခြောက်ကြောင်းပေ၊ ဆယ့်တစ်ကြောင်းပေ စသည်ဖြင့်လည်း ခေါ်ဆိုကြသည်။

ပေရွက်ပေါ်၌ စာရေးကြရာတွင် ပေရွက်၏ နှစ်ဖက်အဖျားတွင် နှစ်လက်မခွဲဝန်းကျင်ချန်ပြီး ရေးသားကြသည်။ ပေရွက်သည် အနည်းငယ် ခုံးနေလေ့ရှိပြီး ခုံးနေသည့်ဘက်ကို ကျောဘက်ဟုခေါ်ကာ ကျန်တစ်ဖက်ကို ဝမ်းဘက်ဟု ခေါ်သည်။ ပေချပ်၏ကျောဘက် လက်ယာဘက်ထောင့်တွင် ကျမ်းအမည်ကို ရေးသား၍ လက်ဝဲဘက်တွင် စာမျက်နှာအမှတ်အသားကို ရေးသားကြသည်။

ပေစာ၏ စာမျက်နှာအမှတ်အသားကို ယခုခေတ်စာအုပ်များကဲ့သို့ ကိန်းဂဏန်းဖြင့် ရေးသားခြင်းမပြုဘဲ မြန်မာအက္ခရာစဉ်နည်းအတိုင်း က၊ ကာ၊ ကိ၊ ကီ၊ ကု၊ ကူ၊ ကေ၊ ကဲ၊ ကော့၊ ကော်၊ ကံ၊ ကား ဟု စတင်ရေးသားကာ က အက္ခရာဆုံးလျှင် ခ အက္ခရာ၊ ခ အက္ခရာ ဆုံးလျှင် ဂ အက္ခရာ စသည်ဖြင့် သရစဉ် ၁၂ လုံးဖြင့် ပေစာမျက်နှာကို အမှတ်အသားပြုကြသည်။ က မှ ကား အထိ ရေးထားသည့် ပေချပ် ၁၂ ချပ်ကို တစ်အင်္ဂါဟု ခေါ်သည်။ အများအားဖြင့် အချပ်ရေ ၃၀၀ ပါရှိသည့် ပေအင်္ဂါ ၂၅ အင်္ဂါကို ပေတစ်ထုပ်ဟု ခေါ်သည်။

နောက်ပိုင်းတွင် မြန်မာနိုင်ငံ၌ ပေစာများကို မင်ရေးပေ၊ ဆေးဒါန်းရွှေချပေ သို့မဟုတ် ဇီဇဝါပေ ရေးနည်းများကို အသုံးပြုခဲ့ကြောင်း မြန်မာ့စွယ်စုံကျမ်းတွင် ရေးသားထားသည်။ အိန္ဒိယနှင့် သီဟိုဠ်တို့တွင် ကညစ်ရေးပေများကို အများဆုံး အသုံးပြုခဲ့သည်။

ပေရွက်ပေါ်တွင် ကညစ်ဖြင့်ရေးထားပြီးသော စာလုံးများသည် ကောင်းစွာထင်ရှားမှုမရှိသဖြင့် အင်တွဲမှုန့်ကို မီးသွေးမှုန်နှင့်ရောပြီး ပေရွက်ကိုပွတ်ကာ ရေနံသုတ်ပေးရသည်။ ပေရွက်ကို ရေနံသုတ်ပေးခြင်းကို ရေနံကိုင်သည်ဟု ခေါ်ကြသည်။ ထို့နောက် ပေရွက်များကို မိမိအလိုရှိရာ ဆေးရောင်သုတ်ကာ မျဉ်းကိုင်ရသည်။ ပေရွက် လေးဖက်လေးတန်တွင် ရွှေချထားသောပေထုတ်ကို ရွှေမျဉ်းရွှေပိန်းပေဟုလည်းကောင်း၊ ထိပ်နှစ်ဖက်ကိုချန်လှပ်၍ ပေထုပ်၏ အလျားလိုက် ဘေးနှစ်ဖက်ကိုသာ ရွှေချထားသည့် ပေထုပ်ကို ကြံဆစ်ပေဟုလည်းကောင်း၊ ရွှေမချဘဲ ဟင်္သပြဒါးအနီရောင်သုတ်ထားသည့် ပေထုတ်ကို မျဉ်းနီပေဟုလည်းကောင်း၊ ပေရွက်ဘေးနှစ်ဖက်ကို အနက်ရောင်သုတ်ထားလျှင် မျဉ်းနက်ပေဟုလည်းကောင်း ခေါ်ဆိုခဲ့ကြသည်။ ဆေးမသုတ်ထားသည့် ရိုးရိုးပေများကို ပေကြမ်းဟု ခေါ်သည်။

ဆေးသုတ်ပြီးသည့် ပေရွက်များကို အပေါ်နှင့်အောက်တွင် ပေရွက်အလွတ်များထည့်၍ ပလ္လင်ပေါက်တွင် ပိုးကြိုး သို့မဟုတ် ချည်ကြိုးတပ်ကာ ခိုင်မာစွာ စည်းနှောင်ထားရသည်။ ပေချပ်အပိုများကို စာရေးထားသောပေများ ပျက်စီးခဲ့လျှင် အစားထိုးနိုင်ရန် ထည့်သွင်းထားခြင်းဖြစ်ကာ ယင်းပေချပ်အပိုများကို စာပလ္လင်ဟု ခေါ်သည်။

စာများရေးသားပြီးသော ပေများကို ဟင်္သပြဒါးသုတ်ထားသော ပျဉ်ပြားနှစ်ချပ်ဖြင့်ညှပ်ကာ သိမ်းဆည်းသည်။ ပေစာထုပ်ကို အဝတ်ဖြင့်ဖြစ်စေ၊ ယင်းဖြင့်ဖြစ်စေ ပတ်ထားလေ့ရှိသည်။ ယင်းဟူသည် ယခုခေတ်တွင် နေအိမ်ပြတင်းများ၌ မိုးပက်ခြင်း၊ နေထိုးခြင်းမှကာကွယ်ရန် ကာရံလေ့ရှိသည့် ဝါးချောင်းများကို ကြိုးဖြင့် တွဲသီထားသည့်အချပ် ဖြစ်သည်။ ပေစာထုပ်များကို ပိုးဖဲကတ္တီပါအိတ်များဖြင့်လည်း သိမ်းထားလေ့ရှိကြသေးသည်။ ပေစာထုပ်ကို ထုပ်ပိုးထားသည့် အဝတ်စကို ပလွေ၊ ကမ္ဗလွေ၊ စာပလွေ စသည်ဖြင့် ခေါ်ဆိုကြသည်။ စာပလွေသည် ယေဘုယျအားဖြင့် အလျားတစ်ကိုက် (၃၆ လက်မ)၊ အနံ တစ်တောင်(၁၈ လက်မ) ရှိသည်။ ကမ္ဗလွေဖြင့် ပတ်ထားသော ပေထုပ်ကို လက်မဝက်အထူရှိသော စာစည်းကြိုးဖြင့် ရစ်ပတ်ထားပြီး စာစည်းကြိုးပေါ်တွင် ပေစာထုပ်၏ အလှူရှင်၊ လှူရသောကောင်းမှု၊ ဆုတောင်းစာများကို ရေးထားလေ့ရှိသည်။ စာစည်းကြိုးသည် ရဟန်းတော်များ ဝတ်ဆင်သည့် ခါးပန်းကြိုးနှင့်တူပြီး ၁၅ ပေ အထိရှည်သော စာစည်းကြိုးများရှိသည်။ စာစည်းကြိုးများပေါ်တွင် မိမိတို့အလိုရှိသည့်အတိုင်း အရောင်သွင်းထားခြင်း၊ စာလုံးဖော်ထားခြင်းများကို မြင်တွေ့နိုင်ပေသည်။

မြန်မာနိုင်ငံတွင် အများဆုံးတွေ့ရှိရသည့် ပေစာများသည် ကုန်းဘောင်ခေတ်ရေး ပေစာများဖြစ်ကြပြီး ပုဂံခေတ်တွင် ရေးသားခဲ့သော ပေစာများကို မတွေ့ရှိရသေးပါချေ။ ကုန်းဘောင်ခေတ်မှစ၍ ခေတ်အဆက်ဆက် ရေးသားခဲ့ကြသည့် ပေစာများကို မြန်မာနိုင်ငံအရပ်ရပ်ရှိ ဘုန်းတော်ကြီးကျောင်းများတွင် အများဆုံးတွေ့နိုင်ကြသည်။ ယင်းပေစာများတွင် ခေတ်ကာလတစ်လျှောက် ပေါ်ထွန်းခဲ့သော စာပေကဗျာ၊ ရတုများမှစ၍ သာသနာရေးကိစ္စရပ်များ မင်းမှုကိစ္စများ၊ စီးပွားရေး၊ နိုင်ငံရေးဆိုင်ရာ ကိစ္စများအထိ ပါဝင်နေကြသဖြင့် ရှေးဟောင်း သမိုင်းမှတ်တမ်းများဖြစ်သည့် ပေစာများကို မြတ်နိုးတန်ဖိုးထား ထိန်းသိမ်းသင့်ကြပါပေသည်။ ။

ကိုးကား

မြန်မာ့စွယ်စုံကျမ်း အတွဲ(၆)

ရွှေနန်းသုံးဝေါဟာရ အဘိဓာန်(ဦးမောင်မောင်တင်)

ရှေးဟောင်းမြန်မာပေစာပုရပိုက်စာ(ဦးမြတ်ကျော်)



ထန်းရွက်ပေါ်တွင် ရေးသားထားသော သီပေါမင်းဇာတာတော်

ရော်ဘာရွက်ဖြင့် ပန်းအလှဆင်သင်တန်း ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုအားပေး

ဘားအံ ဇူလိုင် ၁၁
ကရင်ပြည်နယ် ဘားအံမြို့ ဗိုလ်ချုပ်လမ်းရှိ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းလေ့ကျင့်သင်တန်းခန်းမ၌ ပန်းအလှဆင်သင်တန်းသားများက ရော်ဘာရွက်ဖြင့် ပန်းအလှဆင်ခြင်း လေ့ကျင့်နေမှုများကို ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ပြည်နယ်ဝန်ကြီးများက ဇူလိုင် ၈ ရက်က သွားရောက်ကြည့်ရှုခဲ့ပြီး အားပေးစကားပြောကြားသည်။

သင်တန်းနည်းပြအဖြစ် လာရောက်သင်ကြားပေးသော ရော်ဘာသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဌာနမှ ပညာရှင် ဒေါ်သီတာကျော်က လက်လှမ်းမီ အလွယ်တကူဝယ်ယူရရှိနိုင်သော လူသုံးကုန်ပစ္စည်းများနှင့် ရော်ဘာရွက်ကို အခြေခံအသုံးပြုပြီး ပန်းအမျိုးမျိုး၊ အလှပန်းထိုးနည်းပညာဆိုင်ရာများကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးနေမှုများနှင့်ပတ်သက်၍ ဝန်ကြီးချုပ်အား ရှင်းလင်းတင်ပြသည်။

ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်းရှိအမျိုးသမီးများအတွက် အလုပ်အကိုင် အခွင့်အလမ်းသစ်အနေဖြင့် ပေါ်ပေါက်လာရေးအတွက် ကျွမ်းကျင်တတ်မြောက်အောင် လေ့ကျင့်သင်ကြားကြရန်၊ ရော်ဘာရွက် ပန်းအလှဆင် နည်းပညာ ပြန့်ပွားရေးအတွက် အားလုံးဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ဈေးကွက်ထိုးဖောက်ရရှိရေးကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားပြီး သင်တန်းသားများ၏ လက်တွေ့လုပ်ဆောင်နေမှုကို ကြည့်ရှုအားပေးခဲ့ကာ ပြည်နယ်အတွင်း ဆင့်ပွားသင်တန်းများ ပို့ချရေးအတွက်လည်း နည်းပြပညာရှင်များအား ဆွေးနွေးမှာကြားခဲ့သည်။

ရော်ဘာရွက်ဖြင့် ပန်းအလှဆင် သင်တန်းကို စိုက်ပျိုးရေးဦးစီးဌာန ရော်ဘာသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဌာနမှ ပညာရှင်များစေလွှတ်၍ ကရင်ပြည်နယ်အတွင်း ရော်ဘာစိုက်ပျိုး ထုတ်လုပ်မှုကဏ္ဍ ဘက်ပေါင်းစုံမှ တိုးတက်စေရန်နှင့် ဒေသခံများ ဝင်ငွေတိုးတက်ရရှိစေရေး အတွက် အိမ်တွင်းမှုနည်းပညာအနေဖြင့် သင်ကြားပေးနေခြင်းဖြစ်ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

ကလေးခရိုင်အတွင်း ရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဇုန်အလိုက်ဆောင်ရွက်နေ

ကလေး ဇူလိုင် ၁၁
စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်၌ ပြီးခဲ့သည့်နှစ် ဇူလိုင်နှင့် ဩဂုတ်လများတွင် ဖြစ်ပွားခဲ့သော မကြုံစဖူးရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးမှု အများအပြား ဖြစ်ပေါ်ခဲ့သည်ကို သင်ခန်းစာယူ၍ ယခုနှစ်တွင် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပွားခြင်းမှ ကာကွယ်နိုင်ရန်အတွက် ဇုန်အလိုက် ကာကွယ်ရေးလုပ်ငန်းများကို ကြိုတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီက ဌာနဆိုင်ရာ တာဝန်ရှိသူများအား ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ကြိုတင်ဆောင်ရွက်ရန် ဇုန်အလိုက် တာဝန်များပေးအပ်ထားကြောင်း သိရသည်။ ရေဘေးသင့်နိုင်သည့် ရပ်ကွက်၊ ကျေးရွာများတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး၊ ထောက်ပံ့ရေး၊ ပြန်လည်ထူထောင်ရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများအား သတ်မှတ်ဇုန်အလိုက် ကြိုတင်တာဝန်ပေးအပ်ရာတွင် ဇုန်(၁)၌ မြို့ပေါ် ၁၉ ရပ်ကွက်နှင့် ကျေးရွာအုပ်စု တစ်စု၊ ဇုန်(၂)၌ ကျေးရွာအုပ်စု ရှစ်စု၊ ဇုန်(၃)၌ ကျေးရွာအုပ်စု ရှစ်စု၊ ဇုန် (၄)၌ ကျေးရွာအုပ်စု ခြောက်စု၊ ဇုန်(၅)၌ ကျေးရွာအုပ်စု ခုနစ်စုတို့ ပါဝင်ကြောင်း သိရသည်။

ရေဘေးကြုံတွေ့ပါက ပြည်သူများအား အချိန်မီ နေရာပြောင်းရွှေ့ပေးနိုင်ရန်အတွက် မြို့နယ်အတွင်း ကယ်ဆယ်ရေးစခန်း ၆၆ ခု ဖွင့်လှစ်ထားပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများအား ကြိုတင်ဖွဲ့စည်း တာဝန်ပေးအပ်ထားကြောင်း ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်မိုးထံမှ သိရသည်။

ကြိုတင်ပြင်ဆင်ထားသော ကယ်ဆယ်ရေးစခန်းတစ်ခု

ဇုန်အလိုက် ဖွဲ့စည်းတာဝန်ပေးအပ်ထားသော ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် မိမိ သတ်မှတ်နယ်မြေများအတွင်း အမှန်တကယ် သဘာဝဘေးဖြစ်ပေါ်နိုင်မှု အခြေအနေ၊ လူဦးရေ၊ အိမ်ထောင်စု၊ အိမ်ခြေနှင့် အိမ်အမျိုးအစားများကို ကြိုတင်စာရင်းရယူခြင်း၊ မှတ်တမ်းဓာတ်ပုံများရယူခြင်းများကို ဆောင်ရွက်ထားမည်ဖြစ်ကာ ကယ်ဆယ်ရေးစခန်းများတွင် တာဝန်ကျသူများအနေဖြင့်လည်း ကယ်ဆယ်ရေးစခန်းများတွင် ထားရှိနိုင်မည့် လူဦးရေ အရေအတွက်၊ ရေ၊ မီးနှင့် အိမ်သာများ ရရှိနိုင်မည့် အခြေအနေများကို ကြိုတင်စာရင်းကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ထားပြီဖြစ်ကြောင်း သိရသည်။

လုပ်ငန်းများကို ဇူလိုင် ၇ ရက်ကပင် စတင်ဆောင်ရွက်လျက်ရှိပြီး အဆိုပါ ဇုန်အလိုက် ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ခရိုင်နှင့် မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့များက ဇူလိုင် ၉ ရက်တွင် လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

ဂျူနိုင်း

ဆေးရုံသန့်ရှင်းရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းလုပ်အားပေး

နွားထိုးကြီး ဇူလိုင် ၁၁
နွားထိုးကြီး ခုတင် ၅၀ ဆံ့ ဆေးရုံ၌ အပတ်စဉ် သောကြာနေ့တိုင်းဆောင်ရွက်သည့် သန့်ရှင်းရေးလုပ်ငန်းတွင် မြို့နယ်ကျန်းမာရေးဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မီးသတ်ဦးစီးဌာန ဝန်ထမ်းများက ပူးပေါင်းပါဝင်၍ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဇူလိုင် ၈ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

“ကျွန်မတို့ကျန်းမာရေးဝန်ထမ်းများက သောကြာနေ့တိုင်း သန့်ရှင်းရေးဆောင်ရွက်ကြပါတယ်။ အခုလို ဌာနဆိုင်ရာတွေကပါ လာရောက်စုပေါင်းပါဝင်ပြီး သန့်ရှင်းရေးလာလုပ်ပေးလို့ကြိုဆိုပါတယ်”ဟု မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါ်အေးအေးသန်းက ပြောသည်။ နွားထိုးကြီးမြို့နယ်ဆေးရုံသည် ၁၀ ဧက ကျော် ကျယ်ဝန်းပြီး ခုတင် ၅၀ ဆံ့ဆေးရုံကြီးဖြစ်ကာ လူနာများနှင့်ပြည့်နေသဖြင့် သန့်ရှင်းရေးလုပ်ငန်းများကိုလည်း ဂရုစိုက်လုပ်ဆောင်နေကြောင်း သိရသည်။

ခင်ဇာမွန်မြင့်(ဥပဒေ)

စားသုံးသူအကာအကွယ်ပေးရေး ဆိုင်ရာသင်တန်းဖွင့်

မြောင်းမြ ဇူလိုင် ၁၁
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြောင်းမြခရိုင် စားသုံးသူရေးရာဦးစီးဌာနက ကြီးမှူး၍ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ သင်တန်းကို ဇူလိုင် ၉ ရက်က မြောင်းမြမြို့၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းကို စားသုံးသူပြည်သူများကို အကာအကွယ်ပေးရန်နှင့် စီးပွားရေးလုပ်ငန်းရှင်များကို ထိန်းကြောင်းရန်၊ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ ဥပဒေကို ဌာနတွင်းဝန်ထမ်းများ သိရှိနားလည်ထားစေရန် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းသို့ မြောင်းမြခရိုင်အတွင်းရှိ မြောင်းမြ၊ အိမ်မဲနှင့် ဝါးခယ်မမြို့နယ်များမှ ဝန်ထမ်း ၃၁ ဦး တက်ရောက်ခဲ့ကြသည်။ ဖွင့်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်လှိုင်က အမှာစကားပြောကြားပြီး စားသုံးသူရေးရာဥပဒေပါ အချက်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

အောင်မင်း(ပြန်ဆက်)

၃၆ မိုင် စက်ဘီးစီးပြိုင်ပွဲ ကြည့်ရှုအားပေးလိုသူများ ဖိတ်ခေါ်ထား

ရန်ကုန် ဇူလိုင်
ဖျာပုံ စက်ဘီးစီးအသင်း(Pyapon Cycling Club)က လူသစ်တန်းဖိတ်ခေါ် Mountain Bike ၃၆ မိုင်ပြိုင်ပွဲကို Bicycle Network Myanmar နှင့် ပူးပေါင်း၍ ဇူလိုင် ၁၇ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲကို လိုက်ပါကြည့်ရှုအားပေးလိုသူများအတွက်လည်း အစီအစဉ်များ ပြုလုပ်ထားကြောင်း သိရသည်။

ပြိုင်ပွဲကို လိုက်ပါအားပေးမည့်သူများအနေဖြင့် စာရင်းပေးသွင်းရန် ဇူလိုင် ၁ ရက်မှ စတင်လက်ခံခဲ့ပြီး ၁၄ ရက်အထိ စာရင်းပေးသွင်းနိုင်ကြောင်း၊ လိုက်ပါအားပေးမည့်သူများအား ရန်ကုန်မှ ဖျာပုံသို့ အသွားအပြန် GTM မှ ကားများစီစဉ်ပေးမည့်အပြင် တည်းခိုစရာနှင့် အစားအသောက် လေးကြိမ် (ရောက်ရှိသည့်နေ့အတွက် နေ့လည်စာနှင့် ညစာ၊ ပြိုင်ပွဲနေ့ နံနက်စာနှင့် နေ့လည်စာ) စီစဉ်ကျွေးမွေးမည်ဖြစ်ကြောင်း၊ စာရင်းပေးသွင်းလိုသူများအနေဖြင့် အမည်နှင့် မှတ်ပုံတင်အမှတ်များကို ကိုတာတီး ဖုန်း-၀၉ ၇၉၁၇၆၈၃၀၇ နှင့် ကိုရန်ကျော်မိုး ဖုန်း-၀၉ ၇၉၉၈၀၄၈၈၀ တို့ထံ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း၊ ဖျာပုံ စက်ဘီးစီးအသင်း၏ Mountain Bike ပြိုင်ပွဲကို အားပေးရန် ဇူလိုင် ၁၆ ရက်တွင် ရန်ကုန်မှ ထွက်ခွာမည်ဖြစ်ပြီး အချိန်နှင့်နေရာကို ထပ်မံကြေညာမည်ဖြစ်ကြောင်း သိရသည်။

သွန်းဝသန်

ဆည်တမံများအတွင်း ငါးမျိုးစိုက်ထည့်ပေးခြင်းကြောင့် ငါးသယံဇာတ ကြွယ်ဝလာစေမည်

ကန့်ဘလူ ဇူလိုင် ၁၁
ကန့်ဘလူမြို့နယ်အတွင်းရှိ ဆည်တမံများအတွင်း ငါးသားပေါက်များကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကန့်ဘလူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက မျိုးစိုက်ထည့်ပေးခြင်းကြောင့် ရေရှည်တွင် ငါးသယံဇာတများ ပေါကြွယ်ဝလာစေပြီး ဒေသခံပြည်သူများ၏ ငါးစားသုံးမှုအတွက်လည်း လုံလောက်စေမည့်အပြင် အခြားကျေးရွာများသို့ပါ တင်ပို့ရောင်းချနိုင်မည်ဖြစ်၍ ဆည်ပတ်ဝန်းကျင်ရှိ ကျေးလက်နေပြည်သူများ၏ အသက်မွေးဝမ်းကျောင်းမှုအတွက်ပါ အထောက်အကူဖြစ်စေမည် ဖြစ်ကြောင်း သိရသည်။

ကန့်ဘလူမြို့နယ်အတွင်း သိန်ရင်ဆည်နှင့် လင်ပန်းဆည်တို့တွင် ဇွန်လကုန်ပိုင်းက ငါးမြစ်ချင်းနှင့် ထိုင်းငါးခုံးမ ငါးမျိုးများကို စိုက်ထည့်ပေးခဲ့ကြောင်း၊ ငါးမျိုးစိုက်ထည့်ခြင်းအားဖြင့် ဆည်အတွင်း ငါးသယံဇာတ ပေါများလာစေနိုင်ပြီး သိန်ရင်ဆည်နှင့် လင်ပန်းဆည်အတွင်းမှ ယခုနှစ်တွင် ငါးပိဿာချိန် ၂၅၀၀ ကျော် ၃၀၀၀ နီးပါး ရရှိနိုင်ကြောင်းနှင့် ယင်းဆည်များမှ နေ့စဉ် ငါး ပိဿာ ၁၀၀ ကျော်ကို ဖမ်းဆီးထုတ်လုပ်လျက်ရှိကာ ငါးမျိုးစိုက်ထည့်ခြင်းကြောင့် ငါးထွက်နှုန်းများလည်း ပိုမိုတိုးတက်လာမည် ဖြစ်ကြောင်း သိရသည်။

မြစ်ချောင်း၊ အင်းအိုင်၊ ရေကန်၊ ရေလှောင်တမံများ၌ တားမြစ်ငါးဖမ်းကာလဖြစ်သည့် မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် ငါးဖမ်းဆီးခြင်း၊ တားမြစ်ငါးဖမ်းနည်းဖြစ်သော အဆိပ်ချငါးဖမ်းနည်း၊ ဘက်ထရီရှော့ခ်တိုက် ငါးဖမ်းနည်းများဖြင့် ဖမ်းဆီးခြင်းကြောင့် ရေရှည်စဉ်ဆက်မပြတ် ငါးထုတ်လုပ်နိုင်ရေးကို ထိခိုက်စေနိုင်သဖြင့် ပြည်သူများ သိရှိလိုက်နာနိုင်ရန် ပညာပေးဆိုင်းဘုတ်များ စိုက်ထူခြင်း၊ အသိပညာပေးဟောပြောပွဲများ ကွင်းဆင်းဆောင်ရွက်ခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ရေချိုငါးလုပ်ငန်းဥပဒေများကို ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းဆွေးနွေးပေးခြင်းတို့ကို ကန့်ဘလူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

ယူရို ယူ-၁၉ ချန်ပီယံရှစ် ပွဲစဉ်တွေလာပြီ

မိုးမြင့်လင်းလက်

ယူရို ၂၀၁၆ ယူ-၁၉ ချန်ပီယံရှစ် ပွဲစဉ်တွေကို ဇူလိုင် ၁၃ ရက်နဲ့ ၁၄ ရက်တွေမှာ ဆက်လက်ကစားမှာမို့ လူငယ်ခြေတက်တွေရဲ့ အားကြိုးမာန်တက် ယှဉ်ပြိုင်မှုတွေကို တွေ့မြင်ကြရဦးမှာဖြစ်ပါတယ်။ ဒီပွဲစဉ်တွေမှာ ပြင်သစ်နှင့် အင်္ဂလန်၊ ခရိုအေးရှားနဲ့ ပြင်သစ်၊ ဂျာမနီနဲ့ ပေါ်တူဂီ၊ အီတလီနဲ့ ဩစတြီးယားတို့ရဲ့စွမ်းဆောင်မှုတွေ ဘယ်လောက်အထိ မြင့်မားလာမလဲဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

ပြင်သစ်နှင့် အင်္ဂလန်

ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်က ပြင်သစ်နဲ့ အင်္ဂလန် လူငယ်တွေ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ပွဲမှာ ပြင်သစ်တို့က နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိထားပါတယ်။ ပြင်သစ်လူငယ်တွေဟာ ခြေစစ်ပွဲ ဖြတ်သန်းခဲ့မှုကို ကြည့်ရင် မွန်တီနီဂရိုး၊ ဒိန်းမတ်၊ ဆားဘီးယားတို့ကို နိုင်ပွဲတွေ ဆက်တိုက်ရရှိထားပြီး ခြေစွမ်းကောင်းပြသထားပါတယ်။ အင်္ဂလန်တို့ကလည်း ဂျော်ဂျီယာ၊ ဂရိနဲ့ စပိန်အသင်းတွေကို ရှုံးပွဲမရှိ ကျော်ဖြတ်လာခဲ့တာမို့ ပြင်သစ်တို့ အင်္ဂလန်ကို အလွယ်တကူအနိုင်ယူဖို့ မလွယ်ပါဘူး။ ဒါပေမယ့် ပြင်သစ်ရဲ့ကစားအားက ပိုမိုဟန်ချက်ညီပြီး အသင်းလိုက်နားလည်မှုရှိရှိနဲ့ ကစားနိုင်နေပါတယ်။ အင်္ဂလန်တို့ကလည်း တိုက်စစ်ခံစစ်မျှတအောင် ကစားနိုင်နေပြီး နိုင်ပွဲရလိုစိတ် ပြင်းထန်တာမို့ ဒီပွဲဟာ အကြိတ်အနယ်ရှိလာမယ့်ပွဲပါပဲ။ အကြိုက်က အင်္ဂလန်ဖြစ်ပြီး ရလဒ်မပြတ်ပေမယ့် ကပ်ပြီးနိုင်သွားနိုင်ပါတယ်။

အီတလီနှင့် ဩစတြီးယား

အီတလီလူငယ်တွေက တစ်သင်းလုံး ဟန်ချက်ညီညီနဲ့ ကစားနိုင်နေပြီး ပွဲတိုင်းလည်း ရလဒ်ကောင်းနေပါတယ်။ ဩစတြီးယားတို့ကတော့ နောက်တစ်ဆင့်တက်ရေး ရုန်းကန်ရမယ့် အခြေအနေရှိပြီး လက်ရှိအနေအထားအရ အီတလီကို ကျော်ဖြတ်ဖို့ မလွယ်ပါဘူး။ အီတလီတို့က ဩစတြီးယားနဲ့ နောက်ဆုံး တွေ့ဆုံခဲ့တဲ့ပွဲမှာ နှစ်ဂိုး- တစ်ဂိုးနဲ့ ရှုံးခဲ့တာမို့ အခုပွဲမှာ သတိကြီးကြီးထားပြီး ရင်ဆိုင်ပါလိမ့်မယ်။ ဒါပေမယ့် လက်ရှိ ဩစတြီးယားရဲ့ခြေစွမ်းက ကျဆင်းနေတာမို့ ဒီပွဲမှာ အီတလီတို့ အခြေအနေကောင်းသွားနိုင်ပါတယ်။ ပွဲရဲ့အကောင်းဆုံးရလဒ်ကို အီတလီတို့ ရယူသွားနိုင်တာတော့ အမှန်ပါပဲ။

ခရိုအေးရှားနှင့် ပြင်သစ်

ဒီနှစ်သင်း နောက်ဆုံးတွေ့ဆုံခဲ့တဲ့ပွဲမှာ ပြင်သစ်တို့က တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရခဲ့ပါတယ်။ ပြင်သစ်တို့ရဲ့နောက်ဆုံးကစားခဲ့တဲ့ ပွဲစဉ်နှစ်ပွဲကို ကြည့်ရင် ဒိန်းမတ်ကို လေးဂိုးပြတ်၊ ဆားဘီးယားကို တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရခဲ့တာမို့ ပြင်သစ်ရဲ့ ကစားအားကို လျှော့တွက်လို့မရပါဘူး။ ခရိုအေးရှားတို့ကလည်း ဘယ်လ်ဂျီယံကို လေးဂိုးပြတ်၊ ကာတာကို နှစ်ဂိုးပြတ်နဲ့ နိုင်ပွဲရခဲ့တာမို့ ပြင်သစ်တို့လည်း ဒီပွဲမှာ အကျပ်အတည်းတွေ့နိုင်ပါတယ်။ နှစ်သင်းစလုံး ခံစစ်ပိုင်းအားကောင်းတဲ့အသင်းတွေမို့ ဂိုးမပြတ်နိုင်တဲ့ပွဲပါပဲ။ ဒါပေမယ့် တစ်ဦးချင်းရော အသင်းလိုက်ပါ ပိုမိုစွမ်းဆောင်မှုကောင်းပြီး အမှားနည်းတဲ့ပြင်သစ်တို့ ကပ်ပြီး အနိုင်ရသွားမယ့်အခြေအနေပါပဲ။

ဂျာမနီနှင့် ပေါ်တူဂီ

ဂျာမနီလူငယ်တွေဟာ နောက်ဆုံးကစားခဲ့တဲ့ ရုရှားနဲ့ပွဲမှာ နှစ်ဂိုးစီသရေပွဲဖြစ်ပြီး ဟော်လန်နဲ့ပွဲမှာတော့ နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရခဲ့ပါတယ်။ ၂၀၁၄ ချန်ပီယံ ဂျာမနီအသင်းဟာ ဒီနှစ်မှာလည်း ချန်ပီယံဖလားကို ကာကွယ်ဖို့ ကြိုးစားမှာမို့ စိတ်ဓာတ်ပြင်းပြင်းနဲ့ ကစားပါလိမ့်မယ်။ ပေါ်တူဂီတို့ကလည်း ပွဲတိုင်း အနိုင်ရလိုမှု ပြင်းပြစွာနဲ့ ရင်ဆိုင်မှာဖြစ်တာမို့ ဒီပွဲမှာ ဂျာမနီအတွက် ခက်ခဲပါလိမ့်မယ်။ ဂျာမနီတို့ကတော့ ပွဲတိုင်း အနိုင်ရရေး အားထုတ်နေတာမို့ ပေါ်တူဂီရဲ့မျှော်လင့်ချက်က ပြည့်ဝဖို့ မလွယ်ပါဘူး။ ဒီပွဲက ဂျာမနီလူငယ်တွေရဲ့အောင်ပွဲဖြစ်သွားပါလိမ့်မယ်။ ။

မန်စီးတီးရဲ့နံပါတ်တစ် ဂိုးသမားဖြစ်ဖို့ မျှော်လင့်နေတဲ့ စတီဂျင်

ဘာစီလိုနာအသင်းက ဂျာမနီဂိုးသမား မတ်အင်ဒရီတာ စတီဂျင်ဟာ မန်စီးတီးအသင်းကို ရောက်လာဖို့ရှိနေပါတယ်။ ဂျာမနီဂိုးသမား စတီဂျင်ဟာ မန်စီးတီးကို ရောက်လာရင် အင်္ဂလန်ဂိုးသမားဂျိုးဟတ်ရဲ့ နံပါတ်တစ်ဂိုးသမားနေရာကို လုယူဖွယ်ရှိနေတယ်လို့လည်း သတင်းတွေ ထွက်ပေါ်နေပါတယ်။

ဂွာဒီယိုလာက နည်းပြသစ်အဖြစ် ကိုင်တွယ်မယ့် မန်စီးတီးမှာ သူ့အသင်းဟောင်း ဘာစီလိုနာမှ ဂိုးသမား စတီဂျင်ကို ခေါ်ယူဖွယ်ရှိနေပါတယ်။ ဒါကြောင့် စတီဂျင်ဟာ မန်စီးတီးအသင်းကို ဒီလထဲမှာ လာရောက်ပူးပေါင်းဖို့ရှိနေတယ်လို့လည်း သတင်းတွေက ဆိုပါတယ်။

ဂွာဒီယိုလာရဲ့ အသင်းဟောင်း ဘာစီလိုနာကတော့ စတီဂျင်နေရာမှာ လီဗာပူး ဂိုးသမားဟောင်း ပီပီရေနာကို အစားထိုးဖို့ ရှိနေပါတယ်။ မန်စီးတီးဟာ စတီဂျင်အတွက် ပေါင် ၁၅ သန်း သုံးစွဲရဖွယ်ရှိပါတယ်။ မန်စီးတီးရဲ့နည်းပြသစ် ဂွာဒီယိုလာဟာ ဂိုးသမား စတီဂျင်နဲ့ ဘာစီလိုနာမှာ အတူအလုပ်လုပ်ခဲ့တဲ့ အနေအထားအရ စတီဂျင်ကို ဦးစားပေးဂိုးသမားအဖြစ် ထားရှိလာနိုင်ပါတယ်။ ဒါကြောင့် မန်စီးတီးရဲ့လက်ရှိ နံပါတ်တစ်ဂိုးသမား ဂျိုးဟတ်ဟာ မန်စီးတီးအသင်းမှာ နံပါတ်တစ် ဂိုးသမားနေရာအတွက် ဖိအားပေးခံရဖွယ်ရှိနေပြီး ဒီအနေအထားအတိုင်းဆိုရင် နံပါတ်တစ်ဂိုးသမားနေရာကို စွန့်လွှတ်ရဖွယ်ရှိနေတယ်လို့လည်း သတင်းတွေ ထွက်နေပါတယ်။

နောက်တန်းအတွက် ပြင်ဆင်မှုတွေ ပြုလုပ်လာတဲ့ မန်စီးတီး

မန်စီးတီးအသင်းအနေနဲ့ လာမယ့်ရာသီမှာ တိုက်စစ်အတွက် အကောင်းဆုံးပြင်ဆင်နေသလို နောက်တန်းကိုလည်း အကောင်းဆုံး ပြင်ဆင်နေတာပါ။ မန်စီးတီးအသင်းအနေနဲ့ တိုရီနိုအသင်း နောက်တန်းကစားသမား ဘရူနိုပီယက်စ်ကို ပေါင် ၁၇ သန်းနဲ့ ခေါ်ယူဖွယ်ရှိနေပါတယ်။ မန်စီးတီးက အသက် ၂၆ နှစ်အရွယ်ရှိ ဘရူနိုပီယက်စ်ကို ကမ်းလှမ်းထားပြီဖြစ်လို့ လက်ရှိမန်စီးတီးနောက်တန်းကစားသမားတွေဖြစ်တဲ့ ပါဘလိုဇာဘလက်တာ၊ အလက်ဇန္ဒား ကိုလာရော့ဗ်၊ ဂေးလ်ကလင်ချီတို့ရဲ့ အနာဂတ်နဲ့ ပတ်သက်ပြီး ထည့်သွင်းစဉ်းစားဖို့ လိုအပ်လာပြီဖြစ်ပါတယ်။ မန်စီးတီးအသင်းအနေနဲ့ ဝုဖ်ဘတ် နောက်တန်းကစားသမား ရီကာဒိုရိုဒရိုကွက်ဇ်ကိုလည်း ခေါ်ယူဖို့ ဆွေးနွေးနေပြီလို့ ဆိုပါတယ်။

နည်းပြသစ် ဂွာဒီယိုလာအနေနဲ့ မန်စီးတီးအသင်းရဲ့နောက်တန်းကို ခိုင်မာအောင် တည်ဆောက်နိုင်ဖို့ အဲဗာတန်အသင်းမှ ဂျွန်စတုန်း၊ ဂျူဗင်တပ်စ်အသင်းမှ ဘိုချီတို့ကိုလည်း ပေါင်သန်း ၁၀၀ သုံးပြီး ခေါ်ယူသွားဖွယ်ရှိနေပါတယ်။ သို့ပေမယ့် ဂျူဗင်တပ်စ်ကတော့ အသက် ၂၉ နှစ်အရွယ်ရှိ ဘိုနုစီကို စာချုပ်သစ်ကမ်းလှမ်းထားပါတယ်။ မန်စီးတီးဟာ နောက်တန်းကစားသမားအချို့ကိုလည်း အခြားကလပ်တွေမှာ အငှားချထားလို့ ဖျက်အားကောင်းတဲ့ ကစားသမားအသစ်တွေကတော့ အမှန်တကယ် လိုအပ်နေပါတယ်။

ပေါ့ဘာကိုခေါ်ဖို့ ပေါင် ၁၀၆ သန်း ကုန်ကျနိုင်တဲ့ မန်ယူ

မန်ယူအနေနဲ့ ဂျူဗင်တပ်စ်ကွင်းလယ်ကစားသမား ပေါ့ဘာကို ခေါ်ယူမယ်ဆိုရင်တော့ ပေါင် ၁၀၆ သန်းအထိ ကုန်ကျနိုင်တယ်လို့ ဆိုပါတယ်။ မန်ယူက ဒီတစ်ပတ်ထဲမှာ ပေါ့ဘာကို ခေါ်ယူဖို့ တရားဝင်ဆွေးနွေးမှုတွေ ပြုလုပ်ဖို့ ပြင်ဆင်နေတယ်လို့ဆိုပါတယ်။ အီတလီကလပ် ဂျူဗင်တပ်စ်ကတော့ ၂၀၁၂ ခုနှစ်က မန်ယူကနေ အလွတ်ပြောင်းလာတဲ့ အသက် ၂၃ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ပေါ့ဘာကို မရောင်းဘူးလို့ အခိုင်အမာပြောဆိုနေတာပါ။ မန်ယူအနေနဲ့ ကွင်းလယ်ကစားသမား ပေါ့ဘာကို အရခေါ်ယူသွားချင်ရင်တော့ ပေါင် ၁၀၆ သန်းအထိ သုံးစွဲရဖွယ်ရှိနေပါတယ်။

ပြင်သစ်ကွင်းလယ်ကစားသမား ပေါ့ဘာဟာ မန်ယူက အလိုအပ်ဆုံးဖြစ်နေပါတယ်။ ဒီအတောအတွင်းမှာ ဂျူဗင်တပ်စ်ကလည်း မန်ယူကစားသမား ဒီပေးမန်ဖစ်ကို ခေါ်ယူဖို့ စိတ်ဝင်စားနေတယ်လို့ ဆိုပါတယ်။ မန်ယူအနေနဲ့ ပီအက်စ်ဂျီမှ မာတူဒီနဲ့ ချယ်လ်ဆီးမှ မာတစ်တို့ကိုလည်း ခေါ်ယူဖို့ စိတ်ဝင်စားနေတယ်လို့ဆိုပါတယ်။ လက်ရှိအချိန်မှာတော့ ပေါ့ဘာဟာ နိုင်ငံကိုယ်စားပြု ပြင်သစ်အသင်းအတွက် ကစားပေးနေသူဖြစ်ပါတယ်။ မန်ယူအနေနဲ့ ပေါ့ဘာကို အရခေါ်ယူမယ်ဆိုရင်တော့ ပေါင် ၁၀၆ သန်းအထိ သုံးစွဲရမှာဖြစ်ပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်။

အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းများ ဖွင့်ပေး၍ ဘားအံမြို့နယ်၌ အမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိလာ

ဘားအံ ဇူလိုင် ၁၁

ကရင်ပြည်နယ် ဘားအံမြို့ အမျိုးသမီးများအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ ဒေသခံ အမျိုးသမီးများအတွက် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းများကို ဖွင့်လှစ်ပေးနေခြင်းကြောင့် အမျိုးသမီးများ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိလာလျက်ရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဘားအံမြို့ အမျိုးသမီးအိမ်တွင်းမှု အသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၌ သင်တန်းသူ အမျိုးသမီး ၈၀ ဦးအား အသက်မွေးဝမ်းကျောင်း အထောက်အကူပြုလုပ်ငန်းများဖြစ်သည့် လွယ်အိတ်များ၊ ခေါင်းပေါင်းများ၊ ခြုံထည်များ၊ ဖုန်းအိတ်များ ပြုလုပ်သည့် သင်တန်းများနှင့် ကျားဝတ်နှင့် မဝတ် ကရင် ခါးတို၊ ခါးရှည် အင်္ကျီများ၊ သုံးနံစပ်ပုဆိုးများ၊ လုံချည်များ ဂျပ်ခုတ်ရက်လုပ်ခြင်း သင်တန်းများကို ဆရာမများက စနစ်တကျ သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

လွယ်အိတ်တစ်လုံး ရက်လုပ်ရန်အတွက် ချည်မျှင်ဖိုး ကျပ် ၁၆၀၀ ကုန်ကျပြီး ချည်မျှင်များကိုချည်ချခြင်း၊ ချားဆွဲခြင်း၊ စင်ပေါ်တင်၍ဂျပ်ခုတ်ခြင်းများ ပြုလုပ်ပြီးနောက် ကျောင်းသားကျောင်းသူများ အသုံးပြုနိုင်သည့် လွယ်အိတ်တစ်လုံးဖြစ်လာပါက ကျပ် ၅၀၀၀ ခန့်ဖြင့် ရောင်းချနိုင်သောကြောင့် အမျိုးသမီးများအနေဖြင့် တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်နိုင်မည်ဖြစ်ကြောင်း သင်တန်းနည်းပြဆရာမ ဒေါ်ဝင်းဝင်းထွန်းက ပြောသည်။

ကရင်ပြည်နယ် ဘားအံခရိုင်အတွင်းတွင် နေထိုင်ပြီး ဂျပ်ခုတ်ရက်လုပ်ခြင်းလုပ်ငန်းကို ဝါသနာပါ စိတ်ပါဝင်စားသူများအား ပညာအရည်အချင်းအကန့်အသတ်မရှိဘဲ အခမဲ့သင်ကြားပေးနေကြောင်း၊ ယခုဖွင့်လှစ်ပေးသော သင်တန်းသည် ရှစ်ကြိမ်မြောက် ဖွင့်လှစ်ပေးသော သင်တန်းဖြစ်ပြီး လွယ်အိတ်ရက်လုပ်ခြင်းသင်တန်းကို တစ်ကြိမ်လျှင် သင်တန်းသူ ၂၅ ဦးစီဖြင့် သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **တင်တင်ထွေး(မြန်/ဆက်)**

ယာဉ်အန္တရာယ်ကင်းရှင်းရေး ကူညီဆောင်ရွက်ပေးမှုကြောင့် ကျောင်းသားမိဘများ စိတ်အေးရ

ရေဦး ဇူလိုင် ၁၁

ရေဦးမြို့၌ ကျောင်းသား ကျောင်းသူများနှင့် လမ်းသွားလမ်းလာပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ယာဉ်သွားလာမှုများသည့် ဘုရင့်နောင်လမ်း အထက(၁) ကျောင်းရှေ့ ရေဦး-ကလေးဝ ကားလမ်းမကြီးနှင့် အထက(၂)လမ်း ဆုံရာနေရာတို့တွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများကို မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးသန်းဆက်၏လမ်းညွှန်မှုဖြင့် ယာဉ်ထိန်း ရဲတပ်ဖွဲ့မှ တာဝန်ခံတပ်ကြပ်ကြီးခင်မောင်တင့် ဦးဆောင်သော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

"ယာဉ်အန္တရာယ်ကင်းရှင်းအောင် လုပ်ဆောင်နေတာကိုမြင်မိတော့ တကယ်ဝမ်းသာတယ်။ ရေဦးမြို့က အရင်ကနဲ့ မတူတော့ဘူး။ အခုဆိုရင် ကား၊ ဆိုင်ကယ်တွေ ပိုမိုပေါ်များလာသလို ယာဉ်တိုက်မှုတွေလည်း မကြာခဏ ကြုံတွေ့နေရတယ်။ အထက(၁)ကျောင်းကြီးလမ်းက ယာဉ်မျိုးစုံသွားလာဝင်ထွက်နေတဲ့လမ်းဖြစ်တယ်။ အထက(၁)မှာ ကျောင်းသား လေးထောင်လောက်ရှိတယ်၊ လမ်းကလည်း ကျဉ်းတဲ့အတွက် နေ့စဉ်မှူလတန်းကျောင်းဆင်းချိန်နဲ့ ဆုံနေတာက စိုးရိမ်စရာဖြစ်နေလို့ ယာဉ်လမ်းကြော သို့မဟုတ် ယာဉ်အမျိုးအစား ခွဲခြားသတ်မှတ်ပေးသင့်တယ်"ဟု မူလတန်းကျောင်းသားမိဘတစ်ဦးက ပြောသည်။

ကျောင်းဆင်းချိန်များတွင် အထက(၁)ကျောင်းရှေ့၌ ယာဉ်ကြောပိတ်ဆို့မှု ဖြစ်ခြင်းနှင့်ပတ်သက်၍ ကျောင်းသား မိဘတစ်ဦးက "ကျောင်းဝင်ပေါက်အနီး ပေသုံးဆယ်လောက်အရှည် ပလက်ဖောင်းမှာ ဖြူနီကြားဆေးသုတ်ထားတာ ဘာအဓိပ္ပာယ်ဆိုတာကို သိပုံမပေါက်ကြဘူး၊ ရပ်ချင်တဲ့နေရာရပ် ကွေ့ချင်တဲ့နေရာကွေ့ပြီး ထင်သလို ကားတွေရပ်ကြတယ်။ တစ်စီးနှစ်စီးမဟုတ်တော့ လမ်းက ပိတ်သလိုဖြစ်သွားတယ်။ ကျောင်းဆင်းလာတဲ့ ကျောင်းသားကလေးတွေ ထွက်မရအောင် လမ်းပိတ်နေတယ်။ ကျောင်းဆင်းလာတဲ့ကလေးတွေက ကျောင်းပေါက်ဝမှာ ပိတ်ဆို့ရပ်ထားတဲ့ ဆိုင်ကယ်၊ ကားတွေကြားက မနည်းလမ်းပေါက်ရှာ တိုးထွက်နေကြရတယ်။ ထွက်လာတော့လည်း လမ်းပေါ်မှာက ယာဉ်တွေမပြတ်မောင်းနှင်သွားလာနေတာနဲ့ ကြုံနေရတယ်"ဟု ရှင်းပြသည်။

ရေဦးမြို့တွင် အထက(၁)ကျောင်းအပါအဝင် အခြားကျောင်းများ၌ ကျောင်းသားမိဘ၊ ဆရာနှင့် ကျောင်းအကျိုးတော်ဆောင်များ၊ တာဝန်ရှိသူများ ပူးပေါင်းပြီး ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းဝေးအောင် ဆောင်ရွက်စေလိုကြောင်း၊ မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့က ရှိသည့်အင်အားဖြင့် ကျောင်းဖွင့်ရက် ကျောင်းဆင်းကျောင်းတက်ချိန်များတွင် ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ပေး၍ ကျောင်းသားမိဘများ စိတ်အေးရသလို မူလတန်းကျောင်း (မြတ်လေးဆောင်)ရှေ့၌လည်း ယာဉ်စည်းကမ်းထိန်းသိမ်းမှုများ လုပ်ပေးစေလိုကြောင်း ဒုတိယတန်းကျောင်းသားမိဘတစ်ဦးက ပြောသည်။

သန်းထိုက်(ရေဦး)

ရထားရဲတပ်ဖွဲ့၏ ရက် ၁၀၀ စီမံချက်ကာလအတွင်း မှုခင်းကျဆင်းရေးလုပ်ငန်းများ အောင်မြင်ခဲ့

နေပြည်တော် ဇူလိုင် ၁၁

ရထားရဲတပ်ဖွဲ့၏ ရက် ၁၀၀ စီမံချက် ဆောင်ရွက်ခဲ့သည့် ကာလအတွင်း မှုခင်းကျဆင်းရေးလုပ်ငန်းများ အောင်မြင်မှုရရှိခဲ့ကြောင်း ရထားရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်နေဝင်း၏ ပြောကြားချက်အရ သိရသည်။

နေပြည်တော် ရထားရဲတပ်ဖွဲ့ အမှတ်(၂)တပ်ဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ဇူလိုင် ၉ ရက်က ပြုလုပ်ခဲ့သည့် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ရထားရဲတပ်ဖွဲ့က ဆက်လက်ဆောင်ရွက်မည့် အစီအမံများ ရှင်းလင်းပွဲတွင် ရဲမှူးချုပ်က ပြောကြားခဲ့ခြင်းဖြစ်သည်။

စီမံချက်ကာလအတွင်း မှုခင်းကျဆင်းရေးလုပ်ငန်းများ အောင်မြင်မှုရရှိခဲ့သဖြင့် ဆက်လက်၍ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေးလုပ်ငန်းများ ပိုမိုအောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် တပ်ဖွဲ့ခွဲမှူး၊ တပ်ခွဲမှူးများက ကြီးကြပ်ပြီး အင်အားတိုးမြှင့်ကာ ပိတ်ဆို့ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်ရန်၊ လုံခြုံရေး စနစ်တကျ ဆောင်ရွက်ရန်၊ အထက်ဌာနများ၏ ညွှန်ကြားချက်များအတိုင်း ရထားပေါ်တွင် စည်းကမ်းမဲ့ဈေးသည်များ ရောင်းချမှုမရှိစေရန် ပညာပေး အရေးယူခြင်းများ ဆောင်ရွက်ရန်နှင့် တာဝန်များဆောင်ရွက်စဉ် အုပ်ချုပ်မှုလျော့နည်းခြင်းဖြစ်စဉ်များ မဖြစ်စေရေး အလေးထားဆောင်ရွက်ရန်လည်း ရဲမှူးချုပ်က မှာကြားခဲ့သည်။ ရှင်းလင်းပွဲသို့ ရထားရဲတပ်ဖွဲ့ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ခင်မောင်လှနှင့် ရဲ အရာရှိများ၊ အခြားအဆင့် ရဲတပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။ **မျိုးဇေယျာ(ပျဉ်းမနား)**

ကောက်စိုက်စက်ဖြင့်စိုက်ပျိုးနည်း လက်တွေ့သရုပ်ပြ

တွံတေး ဇူလိုင် ၁၁

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ကံဘဲ့ကျေးရွာ၌ ဒေသခံ တောင်သူများအား ကောက်စိုက်စက်ဖြင့် စိုက်ပျိုးမှု လက်တွေ့သရုပ်ပြခြင်းကို မက်ကိုစက်မှုလယ်ယာအငှားလိုက်လုပ်ငန်းနှင့် တွံတေးစက်မှုလယ်ယာတို့ ပူးပေါင်း၍ ဇူလိုင် ၉ ရက်က ပြုလုပ်ခဲ့သည်။

သရုပ်ပြပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန၊ မြေယာအသုံးချရေးနှင့် စီမံခန့်ခွဲရေး ဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများ၊ ဒေသခံတောင်သူများ လာရောက်လေ့လာခဲ့ကြပြီး ဒေသခံတောင်သူများက သိရှိလိုသည်များကို မက်ကိုစက်မှုလယ်ယာအငှားလိုက်လုပ်ငန်းမှ တာဝန်ရှိသူများအား မေးမြန်းခဲ့သည်။

မက်ကိုစက်မှုလယ်ယာအငှားလိုက်လုပ်ငန်းအနေဖြင့် မြေယာများထွန်ယက်ခြင်း၊ ကောက်စိုက်ခြင်း၊ ရိတ်သိမ်းခြင်းများကို တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပြီး မြေဩဇာရောင်းပေးခြင်း၊ လက်မှုလယ်ယာမှ စက်မှုလယ်ယာကူးပြောင်းရေး လုပ်ငန်းများတွင် အဓိက ပါဝင်ကူညီပံ့ပိုးပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း မက်ကိုစက်မှုလယ်ယာအငှားလိုက်လုပ်ငန်း တွံတေးတာဝန်ခံ ဦးညီညီလွင်က ပြောကြားသည်။

မျိုးလှိုင်(တွံတေး)

မှုခင်းသတင်းထောက်များအသင်း (ရန်ကုန်)၏ တိုင်း၊ ခရိုင်နှင့် မြို့နယ်အသင်းခွဲများ ဖွဲ့စည်း

ရန်ကုန် ဇူလိုင် ၁၁

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် သီရိမေ မင်္ဂလာခန်းမ၌ မြန်မာနိုင်ငံ မှုခင်း သတင်းထောက်များအသင်း၏ ရန်ကုန်တိုင်းဒေသကြီးတိုင်းရုံး၊ အရှေ့ပိုင်းခရိုင်ရုံးနှင့် မြို့နယ်ရုံးများ ဖွဲ့စည်းတာဝန်ပေးအပ်ပွဲကို ဇူလိုင် ၉ ရက်က ကျင်းပခဲ့သည်။

သာကေတမြို့နယ် အထွေထွေအုပ်ချုပ်ရေးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းဝင်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ သတင်းထောက်များအသင်း(ဗဟို) ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံစာရေးဆရာအသင်း(ဗဟို) အတွင်းရေးမှူး အမျိုးသားစာပေဆုရှင် မောင်ငြိမ်းသူက မှုခင်းပိုင်းဆိုင်ရာ သတင်းအခြေအနေများနှင့် သတင်းထောက်များ ဆောင်ရန်ရှောင်ရန်အချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံ သတင်းထောက်များအသင်း(ဗဟို) အတွင်းရေးမှူး ရှုထောင့်မှုခင်းနှင့် သတင်းမီဒီယာ အမှုဆောင်အရာရှိချုပ် ဦးသက်နိုင်ဦးက မြန်မာနိုင်ငံ မှုခင်းသတင်းထောက်များအသင်း ဖွဲ့စည်းရခြင်းအကြောင်းနှင့် ဖွဲ့စည်းထားရှိမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ထွန်းလှိုင်(မြိုင်)

အဖျောက်မြို့တွင် ရေကြီးရေလျှံမှုကြိုတင်ကာကွယ်ရေး ဆောင်ရွက်ရန် ကွင်းဆင်းကြည့်ရှု

တိုက်ကြီး ဇူလိုင် ၁၁

တိုက်ကြီးမြို့နယ် အဖျောက်မြို့၌ ရောဝတီမြစ်ကမ်းတစ်လျှောက် တာများခိုင်ခံ့မှုရှိစေရေးနှင့် မြစ်ရေကြီးရေလျှံမှုများ မဖြစ်စေရေးအတွက် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများဆောင်ရွက်ရန် တိုက်ကြီးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးကျော်စိုးလွင်နှင့် ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများက ဇူလိုင် ၈ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် အဖွဲ့သည် အဖျောက်မြို့အမှတ်(၁)ရပ်ကွက် ရောဝတီမြစ်ကမ်းရှင်းလင်းဆောင်၌ မြို့မိမြို့ဖများနှင့်တွေ့ဆုံကာ ရေဘေးကာကွယ်ရေး ကြိုတင်ဆောင်ရွက်နိုင်ရန်အတွက် ရေကျော်နိုင်သည့် တာပေါင်များတွင် သဲအိတ်များ ချထားပေးရန်၊ ထူးပေါက်များတွင် မြေကြီးများဖို့ထားရန်၊ ရေကင်းများချထားရန်နှင့် သဲအိတ်များ ကြိုတင်စုဆောင်းထားရန် ဆွေးနွေးခဲ့သည်။ ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် အဖွဲ့က ဆည်မြောင်းဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်အတူ ရောဝတီမြစ်ကမ်း တာပေါင်များအခြေအနေကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ထွန်းလှိုင်(မြိုင်)

စပါးဖျက် ငမြောင်တောင်ပိုးအန္တရာယ် ကြိုတင်ကာကွယ်ရေး ပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

လှိုင်းဘွဲ့ ဇူလိုင် ၁၁

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ရှမ်းရွာသစ်မြို့မဲသမူးအုပ်စု မောခီးကျေးရွာရှိ တောင်သူများ၏ စုပေါင်းပျိုးခင်း ဧက ၃၀ တွင် စပါးဖျက် ငမြောင်တောင်ပိုးမွှား အန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးလုပ်ငန်းများကို ပြည်နယ်စိုက်ပျိုးရေး ဦးစီးဌာနက ဇူလိုင် ၉ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ကရင်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဇော်လင်းက ယခုအချိန်သည် စပါးစတင်စိုက်ပျိုးချိန်ကာလဖြစ်၍ စပါးရွက်နုများကို ငမြောင်တောင်ပိုးက အလွယ်တကူဖျက်ဆီးတတ်ခြင်းကြောင့် ဂရုတစိုက် ကာကွယ်ရန်၊ ပိုးမွှားအန္တရာယ်ကို ကာကွယ်နှိမ်နင်းရာ၌ သဘာဝနည်းများဖြင့် ကြိုတင်ကာကွယ်ခြင်း၊ နှိမ်နင်းခြင်းတို့ကို ဦးစားပေးပြီး အလေးထားဆောင်ရွက်ကြရန်နှင့် ဓာတုဆေးသုံးခြင်းများကို လိုအပ်မှသာ ဆောင်ရွက်သွားကြရန် ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြည်နယ် သီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်သန်းသန်းလွင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဆင်ဇခုပ်နှင့် ဝန်ထမ်းများက စုပေါင်းပျိုးခင်းအတွင်း ကွင်းဆင်းစစ်ဆေးပြီး ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)

MYANMAR ENGINEERING SOCIETY M.E.S Affiliated Centre

edexcel Approved Center No: 93081

CHINDWIN COLLEGE

PEARSON BTEC

တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများအတွက်

International Foundation Course

- Civil Engineering
- Electrical & Electronic Engineering
- Mechanical Engineering
- Business Management
- Business Accounting
- Hospitality Management

2016 July Intake အတွက်ကျောင်းအပ်လက်ခံနေပါပြီ

www.facebook.com/chindwincollege
www.chindwincollegemyanmar.com

Phone: Yangon 01 - 298 137, 297 673
Mandalay 02 - 741 79, 682 49
Taunggyi 09 7 840 38 995, 09 7 840 38 996

၁၅-ကြိမ်မြောက်

ပညာဒါန အခမဲ့ ကွန်ပျူတာသင်တန်းများ

Windows, Microsoft Office, PageMaker, CorelDraw, E-mail, Internet, Adobe Photoshop, Adobe Illustrator, Adobe InDesign, A+Hardware

ပညာဒါန အခမဲ့ အင်္ဂလိပ်စာသင်တန်းများ

Basic English Level I, II, English 4 Skills, IELTS(Preparation Course) Grammar Foundation, English for Business

၁၅-ကြိမ်မြောက်

ပညာဒါန အခမဲ့ စက်ချုပ်/မော်တာစက်ချုပ်သင်တန်းများ

၂၅-၇-၂၀၁၆ သင်တန်းစမည်။ လူမျိုး၊ ဘာသာမရွေးတက်ရောက်သင်ယူနိုင်သည်။

သင်တန်းတည်နေရာ

ကျိုက်လီယာမွတ်စလင်မ်သာသနာ့ရန်ပုံငွေအဖွဲ့မှဦးစီးသော

အသွား:များ:သုခရိပ်သာ

အမှတ်(၁)၊ သုခလမ်း၊ ခ-ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၇၇၄၇၃၊ ၈၅၅၁၁၉၁၊ ၀၉ ၇၃၁၃၇၅၃၂၊
၀၉ ၇၉၇၅၄၂၅၉၀၊ ၀၉ ၇၉၇၅၄၂၅၉၁၊

ကျိုက်လီယာမွတ်စလင်မ်သာသနာ့ရန်ပုံငွေအဖွဲ့ မှကြီးမှူး၍
မျက်စိခွဲစိတ်ရန်လိုအပ်သော ချို့တဲ့သူ လူမျိုး၊ ဘာသာမရွေးအား
အခမဲ့ ခွဲစိတ်ကုသပေးနေပါသည်။

နေရာ ➢ မေတ္တာဆေးခန်း (အဖွားများသုခရိပ်သာ)
အမှတ် ၁၊ သုခလမ်း၊ ခ-ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်။
အချိန် ➢ အပတ်စဉ်သောကြာနေ့ ၂း၀၀ နာရီမှ စတင်စမ်းသပ်ကုသပေးပါသည်။
ဖုန်း ➢ ၅၇၇၄၇၃၊ ၈၅၅၁၁၉၁၊ ၀၉ ၇၃၁၃၇၅၃၂၊ ၀၉ ၇၉၇၅၄၂၅၉၀

နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်နေ ကိုဇော်ဇော်ဦး ၁၂/လမန(နိုင်)၁၃၁၆၂၀နှင့် ပဲခူးတိုင်းဒေသကြီး၊ မြို့မအရှေ့ရပ်ကွက်၊ ဖြူးမြို့နယ်နေ မမေမွန်လင်း ၇/ဖမန(နိုင်)၁၂၈၀၂၂တို့သည် စိတ်သဘောထားချင်း တိုက်ဆိုင်မှုမရှိပါသဖြင့် ၁-၇-၂၀၁၄ ရက်တွင် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၌ အသိသက်သေများ ရှေ့မှောက်တွင် နှစ်ဦးသဘောတူကွာရှင်းပြီးဖြစ်ပါကြောင်း။

ကိုဇော်ဇော်ဦး
၁၂/လမန(နိုင်)၁၃၁၆၂၀

ဖခင်အမည်မှန်

ကျောက်တန်း အထက(၂) (သော်ကကျောင်း) တက္ကသိုလ်ဝင်တန်း(ဂ)မှ မောင်လင်းထက်သူ(၂၄/၀၆)၏ ဖခင်အမည်မှန်မှာ ဦးစိန်ဝင်းမြင့် ၁၂/ကတန(နိုင်)၀၀၀၅၈၉ ဖြစ်ပါကြောင်း။

ဦးစိန်ဝင်းမြင့်

ဖခင်အမည်မှန်

မြင်းခြံမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(F)မှ မောင်အာနီး၏ ဖခင်အမည်မှန်မှာ ဦးသန်းဦး ၉/မခန(နိုင်)၀၂၁၂၆၆ ဖြစ်ပါကြောင်း။

ဦးသန်းဦး

ဖခင်အမည်မှန်

မြောက်ဥက္ကလာပမြို့နယ်နေ ဦးဇော်လှိုင်ဦး ၁၂/ဥကမ(နိုင်)၂၃၂၀၂၁ ၏ ဖခင်အမည်မှန်မှာ (ဦးအောင်သိန်း)ဖြစ်ပါကြောင်း။

အမည်ပြောင်း

ဦးကျော်မင်းဦး၏သား ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်မြောင်း၊ အထက(၂)တာမွေ၊ တတိယတန်း(B)မှ မောင်ဇေခလင်းအား မောင်အောင်ထက်ဟိန်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်အောင်ထက်ဟိန်း

ဂန္တဝင်ရွှေပုဂံ Travel & Tours

သီရိလင်္ကာ (ဗုဒ္ဓစွယ်တော်)	(၆/၇) ရက်	USD 1300
ဗန်ကောက်	(၄/၅) ရက်	USD 490
စင်ကာပူ	(၃/၄) ရက်	USD 790
ဗီယက်နမ်	(၃/၄) ရက်	USD 480
ကိုရီးယား	(၈/၉) ရက်	USD 1900
ဂျပန်	(၇/၈) ရက်	USD 2900
ပီကင်း + ရှန်ဟိုင်း	(၅/၆) ရက်	USD 1200
ဟောင်ကောင် + မကာအို	(၄/၅) ရက်	USD 1080
ဥရောပ (၇) နိုင်ငံ	(၁၄/၁၅) ရက်	USD 4800
ဥရောပ (၃) နိုင်ငံ	(၉/၁၀) ရက်	USD 3800
အမေရိကန် (East Coast)	(၉/၁၀) ရက်	USD 4000

ကုမ္ပဏီ၊ အဖွဲ့အစည်း များအား Corporate နှုန်းဖြင့် ရောင်းပေးနေပါသည်။ လူကြီးမင်းတို့ သီးသန့်စိတ်ကြိုက်ပုံဖော်ခရီးစဉ်များကို ဂန္တဝင်ရွှေပုဂံ၏ အတွေ့အကြုံများဖြင့် အမှန်ကန်ဆုံးလမ်းကြောင်း ရွေးပေးပါသည်။ ကမ္ဘာ့အနှံ့ခရီးစဉ်များနှင့်ပက်သက်၍ မိမိသိလိုသမျှကို အချိန်မရွေး မေးမြန်းနိုင်ပါသည်။

" ဗီဇာ နှင့် လေယာဉ်လက်မှတ်များ သီးသန့် ဆောင်ရွက်ပေးပါသည်။ "

* ဈေးနှုန်းများအားလုံး 4 Star Hotels နှင့် All Included

(Ygn Office) : No. 67, Baho Road, Sanchaung.
Ph: 01- 510491, 519360, 500191
(MDY Office): 81 Rd.Bet: 33 x 34 St. Mandalay.
Ph: 09 - 31693339, 09-73013856 Hot Line: 09 - 73003772

ကလေးနာမည်ပေးနာမည်ကျော်ဆရာကြီး ရာဇာဇော်ဝင်း(LL.B.)နှင့်သာဆက်သွယ်ပါ

ခရုပ်မှုမပျက်စေတော်မီလုပသောနာမည်လှလှလေးများကိုဖုန်းသာဆက်လိုက်ပါကင်ပွန်းတပ်ရက်/မင်္ဂလာမော်ကွန်း/စာတာ/ဂဏန်းဗေဒင်အဟောများ/နက္ခတ်အဟောများ/

မိဘနာမည်တွဲသုံးပုံလမ်းညွှန်/တစ်သက်တာဟောစာတမ်းများ/နာမည်ပေးပါရဂူဆရာကြီးနှင့်ဆက်သွယ်လျှင်ထူးချွန်သောကလေးဖြစ်စေရန်အာမခံသည်။ ရင်သွေးငယ်၏ အနာဂတ်အလုံးစုံပါဝင်သောအကြားအမြင်ဟောစာတမ်းပါဦးမည်၊ကလေးအတွက်အစုံပါသည်အိမ်ပို့၇၀၀၀ဝိနယ်သို့စာတိုက်မှပို့မည်။လူကြီးများလိုရာမေး ကွန်ပျူတာဖြင့်နာမည်မပေးပါ။ ကိုယ်ဝန်ဆောင်မိခင်ရက်ကောင်းရွေးစာအုပ်ချုပ်၍ပို့သည်။

အမှတ်(၁၀၉)မြေညီထပ်(၉၅)လမ်းမင်္ဂလာတောင်ညွန့်မြို့နယ်ရန်ကုန်မြို့(ပိတ်ရက်မရှိ)
☎01-394727,01-399426,09-73009994,09-5152521

မိုးသောက်ပန်းအဆင့်မြင့်မူကြို

(၁၉၉၄-ခုနှစ်တွင်တည်ထောင်သည်)

"ဘယ်နေ့ပဲတက်တက်၊ ဘယ်အချိန်ပဲ တက်တက်
နေ့ရာတိုင်းမှာ သင့်ရင်သွေးငယ်အတွက်
မိုးသောက်ပန်း ရှိနေမယ်"

နံနက်(၉း၀၀)နာရီမှ (၃း၀၀)နာရီအထိ
ကျောင်းကားရှိသည်။ အခန်းတိုင်းလေအေးပေးစက်တပ်ဆင်ထားပါသည်။

(1) Junction ၈၀၄အနီး: Ph-01-571545, 09-5126882,09-43122883
(2) ယုဇနပလာဇာလုံးချင်းအိမ်ယာ Ph-01-200917, 09-43122884
(3) ရန်ကင်း၊ ကျောက်ကုန်း: Ph-01-566592, 09-421008133

ကြိုတင်မှာပါ

မှာသူများလို့ ချက်ချင်းမရောက်ရင် စိတ်မဆိုးကြပါနဲ့
09 5095 095, ☎ 01-682844
ပေါ်ဆန်းမွှေးနှစ်အိတ်ဝယ်လျှင် T ရှပ်တစ်ထည်ယူပါ။
စိတ်ကောင်းကြည်လင် ချန်ပီယံပေါ်ဆန်းမွှေး

လူ့စွမ်းအား အရင်းအမြစ် စီမံခန့်ခွဲမှုသင်တန်း
(Human Resource Management Training)

MYANMAR'S LAND
SUCCESS, MOTIVATION AND MANAGEMENT INSTITUTE

ငွေတံနဲ့အပိ သင့်ရဲ့လူ့စွမ်းအားအရင်းအမြစ်ကို စီမံခန့်ခွဲလိုပါသလား...
HR - နယ်ပယ်မှာ လုပ်ကိုင်နေသူတိုင်းအတွက် ...

24-7-2016 စမည်။

Every Sun : 2 pm to 5 pm (2 Months) Limited Seats !

မကြာမီဝင်လာတော့မည့် နိုင်ငံတကာစီးပွားရေးလုပ်ငန်းများနှင့်အပြိုင် မိမိတို့လုပ်ငန်းအသီးသီး၏ လူ့စွမ်းအားအရင်းအမြစ်များကို စီမံခန့်ခွဲနိုင်အောင် HR မန်နေဂျာတစ်ယောက် သိသင့်သိထိုက်သည့်အခြေခံ HR ပညာရပ်များကို SHRM ဘာသာရပ်တွင် World First ရရှိထားသော ဆရာလင်းသိုက်ညွန့်(မြန်မာ့မြေ)ကိုယ်တိုင် သင်ကြားပေးပါမည်။

ကျောင်းသစ်စာ New Campus တွင် သင်ကြားပါမည်။

Lecturer
ဆရာလင်းသိုက်ညွန့်(မြန်မာ့မြေ)

ကုမ္ပဏီ အဖွဲ့အစည်းများအတွက် Corporate Training များ စီစဉ်သင်ကြားပို့ချပေးသည်။

Campus - Taw Win Centre (3rd Floor) websit : www.lynnthaiknyunt.com www.facebook.com/ltnmyanmarland
Can Contact : 01 503172, 09 259290274, 09 259290273, 09 32350785, 09 43121060

telenor
ငွေဖြည့်လိုက်တိုင်း
facebook နဲ့ Viber
စိတ်ကြိုက်
ဓါတ်ပုံ / ဗီဒီယိုအပါအဝင် free*
*အသေးစိတ်အချက်အလက်များနှင့်လိုက်နာရမည့်သတ်မှတ်ချက်များကို www.telenor.com.mm တွင်ကြည့်ရှုနိုင်ပါသည်။
*365*3# ကို ဖုန်းခေါ်ဆိုပါ။
မြန်မာနိုင်ငံရဲ့ အကြီးမားဆုံးအင်တာနက်ကွန်ရက်

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ ရန်ကုန်တိုင်းဒေသကြီး၊ သီလဝါဓာတ်အားပေးစက်ရုံဓာတ်ငွေ့တာဘိုင်စက်များအတွက် ဒီဇယ်ဆီ ၁၇၀၀၀၀ဂါလန်အား ဓနိတောသိုလှောင်ရုံမှ သီလဝါဓာတ်အားပေးစက်ရုံအရောက် သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှ စတင်၍ ရုံးချိန်အတွင်းအောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။ တင်ဒါပိတ်ရက်မှာ ၂၀-၇-၂၀၁၆ရက်ဖြစ်ပြီး တင်ဒါပိတ်ချိန်မှာ မွန်းတည့် ၁၂:၀၀ နာရီဖြစ်ပါသည်။

လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ပစ္စည်းဖြည့်တင်းရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော် ဖုန်း-၀၆၇-၈၁၀၄၂၇၈၊ ၈၁၀၄၂၇၉

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါ ပစ္စည်းများအား DDP (At Site) အရောက်မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No. 06/EPGE/16-17	(1) 10" Gas Pipe-	132 Nos
	(2) 10", 90˚Bend-	2 Nos
	(3) 10", 45˚Bend-	2 Nos
	(4) 6"x4" Reducer-	3 Nos

၂။ Tender No-06၏ တင်ဒါပိတ်ရက်မှာ ၁၁-၈-၂၀၁၆ရက်ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
ရုံးအမှတ်(၂၇)၊ နေပြည်တော် ဖုန်း-၀၆၇-၈၁၀၄၂၇၈နှင့် ၈၁၀၄၂၇၉

စက်မှုဝန်ကြီးဌာန
အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းကြီးကြပ်မှုအောက်ရှိ အမှတ်(၂၃) အကြီးစားစက်ရုံ(ညောင်ခြေထောက်)အတွက် လိုအပ်သော PVC Compound (၈၀)တန်ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါစတင်ရောင်းချမည့်ရက် - ၁၁-၇-၂၀၁၆ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁-၈-၂၀၁၆ရက် ညနေ ၄း၀၀နာရီ
တင်ဒါပေးသွင်းရမည့်နေရာ - ရုံးအမှတ်(၃၀)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များနှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက အောက်ပါဌာနတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း(ရုံးချုပ်)၊ ထုတ်လုပ်ရေးဌာန
ရုံးအမှတ်(၄၁)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၂၀၄၊ ၄၀၈၁၄၅

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ(သတ္တုရေးရာ)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (သတ္တုရေးရာ)၊ သတ္တုတွင်းဦးစီးဌာနမှ ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်ဈေးလမ်း၊ ကြေးနီသိုလှောင်ရုံအား ခေါင်မိုးပြုပြင်လိုပါသည်။
၂။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** -၂၉-၇-၂၀၁၆ရက် ၁၅း၀၀နာရီ
၃။ တင်ဒါပုံစံများကိုသတ္တုတွင်းဦးစီးဌာန(ရုံးခွဲ)၊ ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်(၆၆)၊ကမ္ဘာအေးဘုရားလမ်း၊ ကျောက်မျက်ပြတိုက်ဝင်းအတွင်း လေးထပ်ဆောင်တွင် သတင်းစာကြော်ငြာသည့်ရက်မှစ၍ ရုံးချိန်အတွင်းရယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အောက်ပါတယ်လီဖုန်းများသို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်-

(က) သတ္တုတွင်းဦးစီးဌာန(ရုံးခွဲ)၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၂၀၁၀၆၂၂၊ ၀၁-၆၅၈၁၇၆
(ခ) သတ္တုတွင်းဦးစီးဌာန၊ နေပြည်တော်(ရုံးချုပ်)
ဖုန်း-၀၆၇-၄၀၉၃၇၇

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အခြေခံပညာဦးစီးဌာန
အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနသည် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် တိုင်းရင်းသားဘာသာစာပေသင်ကြားမည့်ကျောင်းသား ကျောင်းသူများအတွက် တိုင်းရင်းသားဘာသာ စာပေဖတ်စာအုပ်များကို ပုံနှိပ်ဖြန့်ဝေရေးကို ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါမခေါ်ယူမီ ကနဦးရှင်းလင်းမည့်ရက်** - ၁၅-၇-၂၀၁၆ရက် (နံနက်ပိုင်း)
တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၁၅-၇-၂၀၁၆ရက်
တင်ဒါလျှောက်လွှာပိတ်ရက် - ၂၂-၇-၂၀၁၆ရက် ၁၆း၀၀နာရီ
တင်ဒါမခေါ်ယူမီ ကနဦးရှင်းလင်းပွဲနှင့် အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ - အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃)၊ နေပြည်တော်

၃။ အိတ်ဖွင့်တင်ဒါသတ်မှတ်ချက် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁၃)၊ နေပြည်တော် ဖုန်း ၀၆၇-၄၀၇၆၈၆၊ ၀၆၇-၄၀၇၆၉၃၊ ၀၉-၅၁၇၆၈၆၅တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါလုပ်ငန်းစိစစ်ရေးကြီးကြပ်မှုကော်မတီ
အခြေခံပညာဦးစီးဌာန၊ နေပြည်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
စက်မှုနည်းပညာမြှင့်တင်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန
ကွန်ပျူတာတက္ကသိုလ်(ဖန်းမော်)
စက်ပစ္စည်းနှင့် ပရိဘောဂပစ္စည်းများဝယ်ယူရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ကွန်ပျူတာတက္ကသိုလ် (ဖန်းမော်) အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ မြန်မာကျပ်ငွေဖြင့် အောက်ဖော်ပြပါ စက်ပစ္စည်း၂၂မျိုးနှင့် ပရိဘောဂပစ္စည်း ၁၁ မျိုးကို ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	
	စက်ပစ္စည်းများ		
၁	Motorized Projector Screen(10x10)	1	Nos
၂	Cisco UC 520-8U-4FX0-K9 Unified Communication 520(Cisco IP PBX)	2	Nos
၃	Wireless Access Point, Cisco small business 300 series	2	Nos
၄	DLink 24 Port Giga bit switch	2	Nos
၅	Embedded Router Training system, ERT-5000	1	Nos
၆	Hardware Lab Accessories [Meter (Digital Multimeter), PIC programmer, Soldering iron Sucker, Breadboard(Dual Power Supply), Lead, Resistor, Capacitor,Transistor, Diode ,Zener Diode Opamp IC Cable, Mini-1]	1	Lot
၇	Physics Lab Accessories [Sonometer, Transmission Gratings(600 lines/mm) Equilateral Prisms,Spectrometer, Masses(5kg,2kg,1kg), Tuning Forks Activator (10x8x5cm) Variable Power Supply Digital Thermometer Tangent Galvanometer Spherometer]	1	Nos
၈	Audio System For Lecture Rooms 100 W	1	Nos
၉	Airconditioner Stand Type(5Hp)	1	Nos
၁၀	မြက်ရိတ်စက် Honda (Lawn Mower-Shoulder) ဘေးလွယ်	2	Nos
၁၁	လက်တွန်းမြက်ရိတ်စက်	2	Nos
၁၂	Refrigerator(two doors)	2	Nos
၁၃	Water Cooler	2	Nos
၁၄	Multimedia Projector Canon LV 7490(Lumens 4000) with Motorized Projector Screen, Remaco, 12'x12'	5	Nos
၁၅	Cassette for Language lab	2	Nos
၁၆	Digital Oscilloscope	1	Nos
၁၇	Wireless Router	1	Nos
၁၈	Desktop Computer Core i7 CPU, 4GB DDR3, 1GB graphic, 1 TB HDD LCD DVD-RW(Sate) UPS(650W), Speakers, Keyboard & mouse & Pad	30	Nos
၁၉	Desktop Computer Dell PC 5th Gen intel® Core™ i7, 8GB Dual Channel DDR3, 1TB HDD, NVIDIA® Geforce ® GTx745 4GB, 24" LCD Monitor, USB Keyboard and Mouse	10	Nos
၂၀	Printer-Canon LBP 2900	5	Nos
၂၁	Color Laser Printer (Canon LBP-7100 CW) Cartridge 331B,C.M.Y(A4 size, 14 PPM (Mono), 14 PPM(color) 600x600 dpi, USB interface, Network Interface Ethernet 10 Base-+/100 Base-TXUSB 2.0 Std, UFRII, LT) MonthlyDuty Cycle; 3000 Pages	2	Nos
၂၂	Copier (IR 2545), (Heavy), 1x250 sheets universal cassette, 1x550 sheets universal cassette, 1x100 sheets stack bypass, STD: 256 dpi copy/scan resolution 1200x1200 dpi printing resolution	1	Nos
	ပရိဘောဂပစ္စည်းများ		
၁	ခုတင် (Bed Teak)/Single Bed	35	Nos
၂	အမှုထမ်းထိုင်ခုံ လက်တန်းမပါ ကုလားထိုင်(သစ်သား)	20	Nos
၃	လက်တွေ့ခန်းသုံးထိုင်ခုံ(သစ်သား)	25	Nos
၄	အရာရှိစားပွဲ(၅'-၃'-၂'၅")	5	Nos
၅	အမှုထမ်းစားပွဲ(၃'-၂'-၂'၅")	20	Nos
၆	လက်တွေ့သုံးစားပွဲ(၈'-၄'-၄')	3	Nos
၇	အစည်းအဝေးခန်းသုံး ဘဲဥပုံစားပွဲကြီး	1	Nos
၈	Aluminium Locker(LK-118) 4 shelf (4'-5-'1.5')	10	Nos
၉	Fillinf Shelf (Leeco 3'-1.2'-3')	1	Nos
၁၀	Glass Door Cabinet/စာကြည့်တိုက်သုံးမှန်ဗီရို	5	Nos
၁၁	Aluminium SLG 304, Steel(LEECO)	10	Nos

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ်(ဖန်းမော်)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။
၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၇-၇-၂၀၁၆ ရက် ၁၆း၀၀နာရီတွင် နောက်ဆုံးထား၍ ကွန်ပျူတာတက္ကသိုလ်(ဖန်းမော်)သို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

ပစ္စည်းဝယ်ယူရေးအဖွဲ့
ကွန်ပျူတာတက္ကသိုလ်(ဖန်းမော်)
ဖုန်း-၀၉-၆၄၂၂၄၁၇

မော်တော်ယာဉ်ပိုင်ရှင်အနေဖြင့် မော်တော်ယာဉ်တင်သွင်းမှု/ဝယ်ယူမှုအတွက် အသုံးပြုခဲ့သည့် ငွေကြေးနှင့်ပတ်သက်၍ အခွန်စိစစ်မှုခံယူကြပါရန် အသိပေးနှိုးဆော်ခြင်း

* မော်တော်ယာဉ်ပိုင်ရှင်အနေဖြင့် မော်တော်ယာဉ် တင်သွင်းမှု/ဝယ်ယူမှုအတွက် အသုံးပြုခဲ့သည့် ငွေကြေးနှင့်ပတ်သက်၍ အခွန်စိစစ်မှုခံယူနိုင်ရန် ကာလတန်ဖိုး စိစစ်သတ်မှတ်မှုခံယူခြင်း၊ အခွန်စည်းကြပ်မှုခံယူခြင်းတို့ကို သက်ဆိုင်ရာမြို့နယ်အခွန် ဦးစီးဌာနမှူးရုံး တစ်နေရာတည်း ဆောင်ရွက်နိုင်ပြီဖြစ်ပါသည်။
* ကုမ္ပဏီပိုင် မော်တော်ယာဉ်များအတွက် အခွန်စည်းကြပ်မှုခံယူရာ အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံး သို့မဟုတ် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံးများတွင် ဆောင်ရွက်နိုင်ကြပြီဖြစ်ပါသည်။
* အောက်ဖော်ပြပါ ပုဂ္ဂိုလ်တို့သည် မော်တော်ယာဉ် ဝယ်ယူမှု/တင်သွင်းမှုအတွက် အသုံးပြုခဲ့သည့် ငွေကြေးအပေါ် ဝင်ငွေရလမ်းတင်ပြ၍ ဝင်ငွေခွန်စည်းကြပ်မှုခံယူရန် တာဝန်ရှိပါသည်-
  - ပြည်တွင်း၌ မော်တော်ယာဉ်လွှဲပြောင်းဝယ်ယူထားသူ
  - မော်တော်ယာဉ် တင်သွင်းခွင့်လိုင်စင်တစ်မျိုးမျိုးဖြင့် ပြည်ပမှတင်သွင်းသူ
  - မော်တော်ယာဉ် အရောင်းပြခန်းများတွင် ဝယ်ယူထားသူ
* အခွန်ဆိုင်ရာ ရှင်းလင်းခြင်းအဖြစ် ကာလတန်ဖိုးစိစစ်သတ်မှတ်မှု ခံယူခြင်း၊စည်းကြပ်မှုခံယူခြင်းတို့ဆောင်ရွက်ရန် သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ အောက်ဖော်ပြပါ အထောက်အထားမူရင်းနှင့်မိတ္တူတို့ကို တစ်ပါတည်းယူဆောင်သွားကြရန် လိုအပ်ပါသည်-
  - မော်တော်ယာဉ် မှတ်ပုံတင်စာအုပ်
  - မော်တော်ယာဉ် သက်သေခံလက်မှတ်
  - မော်တော်ယာဉ် ဝယ်ယူသူ/တင်သွင်းသူ ကိုင်ဆောင်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြား/ ကုမ္ပဏီဖြစ်ပါက ကုမ္ပဏီမှတ်ပုံတင်
  - မော်တော်ယာဉ် ဝယ်ယူသူ/တင်သွင်းသူ၏ အိမ်ထောင်စုစာရင်း
  - အရောင်းအဝယ်စာချုပ်
  - ယာဉ်၏ ရှေ့၊ နောက်၊ ဝဲ၊ ယာ ပေါ်လွင်ထင်ရှားသည့်ဓာတ်ပုံ(၄)ပုံ
  - ကိုယ်စားဆောင်ရွက်ခြင်းဖြစ်ပါက ကိုယ်စားလှယ်လွှဲအပ်စာ
  - အသုံးပြုသည့် ငွေကြေးအပေါ် ဝင်ငွေရလမ်းတင်ပြလိုပါက တင်ပြမည့် ဝင်ငွေရလမ်းဆိုင်ရာ အထောက်အထားများ
  - တင်သွင်းစဉ်၊ ယာဉ်မှတ်ပုံတင် ပြုလုပ်စဉ်က ကြိုတင်ဝင်ငွေခွန် ပေးဆောင်ထားသည့်အထောက်အထား
* အခွန်ဆိုင်ရာ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ပါက လုံခြုံရေးအဆင့် ထည့်သွင်းထားသည့် စက္ကူဖြင့် ရိုက်နှိပ်ထားသည့် အောက်ဖော်ပြပါ သတ်မှတ်ပုံစံများကို ထုတ်ပေးသွားမည်ဖြစ်ပါသည်-
  - မော်တော်ယာဉ် ယာဉ်ပိုင်ရှင်အမည်ပြောင်း ဆောင်ရွက်မည့်သူများအတွက် ပုံစံ(၁) အစိမ်း
  - အခွန်စည်းကြပ်တောင်းခံလွှာ ပတခ(၀င)-၈၊ (ကုမ္ပဏီများအတွက်မပါ)
* မော်တော်ယာဉ် တင်သွင်းခြင်း၊ ဝယ်ယူခြင်းတို့အတွက် အခွန်ဆိုင်ရာ ရှင်းလင်း ဆောင်ရွက်ရာတွင် အဆင်မပြေသည့် ကိစ္စရပ်များ၊ ငွေကြေးတစ်စုံတစ်ရာ တောင်းခံသည့် ကိစ္စရပ်များ၊ မရှင်းလင်းသည့်ကိစ္စရပ်များရှိပါက အောက်ဖော်ပြပါ ညွှန်ကြားရေးမှူးများ၏ ဖုန်းများသို့ ဆက်သွယ်တိုင်ကြားခြင်း၊ တင်ပြခြင်းတို့ကို ဆောင်ရွက်နိုင်ပါသည်-

- ညွှန်ကြားရေးမှူး၊ အခွန်ဆိုင်ရာ မူဝါဒနှင့် သုတေသနဌာနခွဲ၊ နေပြည်တော် ၀၆၇-၄၃၀၀၀၄
- ညွှန်ကြားရေးမှူး၊ အခွန်ဆိုင်ရာ ကြီးကြပ်ရေးဌာနခွဲ၊ နေပြည်တော် ၀၆၇-၄၃၀၀၀၉

ပြည်တွင်းအခွန်များဦးစီးဌာန

ရန်ကုန်စီးပွားရေးတက္ကသိုလ်
ညနေပိုင်းမဟာဘွဲ့သင်တန်းများ ဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း
ကြေညာချက်

၁။ ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ဖွင့်လှစ်မည့် အောက်ပါ မဟာဘွဲ့သင်တန်းများသို့ ဝင်ခွင့်လျှောက်ထားနိုင်ပါသည်။
(က) စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုမဟာဘွဲ့ (EMBA)
(ခ) ပြည်သူ့ရေးရာစီမံခန့်ခွဲမှုမဟာဘွဲ့ (EMPA)
(ဂ) ဖွံ့ဖြိုးရေးပညာမဟာဘွဲ့ (EMDevS)

၂။ အဆိုပါမဟာဘွဲ့သင်တန်းများအတွက် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများလျှောက်ထားနိုင်ပါသည်။
(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ခ) အစိုးရဝန်ထမ်းဖြစ်လျှင် ပြန်တမ်းဝင်အရာရှိလုပ်သက်(၈)နှစ်ရှိရမည်။
(ဂ) ကုမ္ပဏီဝန်ထမ်းဖြစ်လျှင် Executive Level လုပ်သက်(၈)နှစ်ရှိရမည်။
(ဃ) ၁-၉-၂၀၁၆ရက်တွင် အသက်(၃၀)ပြည့်ပြီးသူဖြစ်ရမည်။
(င) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခုတက်ရောက်နေသူမဖြစ်စေရ။
(စ) သတ်မှတ်ထားသော သင်ရိုးအတိုင်းအချိန်ပြည့်မီစွာ တက်ရောက်နိုင်သူဖြစ်ရမည်။

၃။ သင်တန်းနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံများကို ဖော်ပြပါဌာနများ၌ ၁၁-၇-၂၀၁၆ရက်မှ စတင်ရယူပြီး ၅-၈-၂၀၁၆ရက်(သောကြာနေ့)နောက်ဆုံးထား၍ အဆိုပါဌာနများ၌ ပြန်လည်တင်သွင်းလျှောက်ထားနိုင်ပါသည်။
(က) EMBA သင်တန်းအတွက် စီမံခန့်ခွဲမှုပညာဌာန(ပတ္တမြားဆောင်)၊ ပါရမီလမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် (လှိုင်နယ်မြေ)။
(ခ) EMPA သင်တန်းအတွက် အသုံးချဘောဂဗေဒဌာန(အခန်း ၁၁၂)၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် (ကမာရွတ်နယ်မြေ)၊ အင်းလျားလမ်း။
(ဂ) EMDevS သင်တန်းအတွက် ဘောဂဗေဒဌာန (အခန်း ၁၀၆)၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် (ကမာရွတ်နယ်မြေ)၊ အင်းလျားလမ်း။

၄။ သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲကို ၂၀၁၆ခုနှစ် ဩဂုတ် ၁၄ရက် (တနင်္ဂနွေနေ့)တွင် အောက်ပါနေရာများ၌ ကျင်းပပါမည်။
(က) EMBA သင်တန်းအတွက် ရန်ကုန်စီးပွားရေးတက္ကသိုလ်(လှိုင်နယ်မြေ)။
(ခ) EMPA နှင့် EMDevS သင်တန်းတို့အတွက် ရန်ကုန်စီးပွားရေးတက္ကသိုလ် (ကမာရွတ်နယ်မြေ)။

၅။ ပြည့်စုံစွာဖော်ပြမှုမရှိသော လျှောက်လွှာများ လုပ်သက်၊ အသက်ထောက်ခံချက် မပြည့်စုံသော လျှောက်လွှာများကို လက်ခံစဉ်းစားမည် မဟုတ်ပါ။
၆။ သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲတွင် အဆင့်မီသူများအား လူတွေ့စစ်ဆေးရွေးချယ်၍ သင်တန်းသားဦးရေ ကန့်သတ်လက်ခံပါမည်။
၇။ သင်တန်းများနှင့်ပတ်သက်၍ ဖုန်း -(EMBA -၆၆၁၇၃၆၊ ၆၆၄၆၈၄၊ ၆၆၀၈၂၂)(EMPA-၅၁၂၆၃၃၊ ၀၉-၄၃၁၂၇၂၃၆) (EMDevS -၅၁၀၂၁၃) (ရုံး ဖုန်း-၅၃၆၄၃၆၊၅၂၆၆၁၃)တို့သို့ အသေးစိတ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဌာနမှူး၊ သင်တန်းရေးရာ
ရန်ကုန်စီးပွားရေးတက္ကသိုလ်

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ဌေ့ကြီးကျေးရွာအုပ်စု၊ ဌေ့ကြီးကျေးရွာနေ ဦးချစ်မြိုင် ၉/တကန(နိုင်)၀၄၅၅၁၆၏သား ဦးသက်နိုင်သည် မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသဖြင့် ၎င်းအား ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

ဦးချစ်မြိုင် ၉/တကန(နိုင်)၀၄၅၅၁၆

ပျောက်ဆုံးကြောင်း

ကျွန်တော် မင်းသက်ထူး ၁၀/ခဆန(နိုင်)၁၂၁၈၂၃ ၏ Passport(Noမမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၀၁၆၅၀၇၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
အဆိုပြုတင်ဒါခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း မြို့နယ်)၊ မင်းရဲကျော်စွာလမ်း (စစ်ပင်လမ်းအကျော်မှ မြို့ပတ်လမ်းအထိ) လုံးဝပျက်စီးနေသော RC လမ်းများအား ကွန်ကရစ်ဖြင့် လမ်းသစ်ခင်းခြင်းလုပ်ငန်းကို တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ အောက်ပါအစီအစဉ်အတိုင်း လုပ်ငန်းတင်ဒါများ လျှောက်ထားပေးသွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

(၁) **တင်ဒါပုံစံနှင့် စည်းကမ်းချက်များ စတင်ထုတ်ယူနိုင်သည့်ရက်** - ၁၂-၇-၂၀၁၆ ရက် (အင်္ဂါနေ့)
(၂) **တင်ဒါပိတ်မည့်ရက်** - ၂-၈-၂၀၁၆ ရက် (အင်္ဂါနေ့)
(၃) **တင်ဒါတင်သွင်းရမည့်နေရာ** - ရုံးအမှတ် ၄၀၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ၊ နေပြည်တော်

တင်ဒါခေါ်ယူရေးဆပ်ကော်မတီ၊ ဖုန်း-၀၆၇-၄၀၇၅၂၇

မိဘအမည်မှန်

နေပြည်တော်၊ စည်ပင်သာယာ ရဲတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်နေသော ရဲတပ်သား နေဇော်အောင်၏ မိဘအမည်မှန်မှာ ဦးသန်းဇော်ဦး(ခ) ဦးမောင်ဇော်နှင့် ဒေါ်အေးအေးသင်း(ခ)ဒေါ်သင်းသင်းခိုင်တို့ ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ အထက(တညောင်) အဋ္ဌမတန်း(က)မှ မောင်ဝေယံဦး၏ ဖခင်အမည်မှန်မှာ ဦးဇော်ဝမ်း ၈/စလန(နိုင်)၁၀၃၀၃၉ ဖြစ်ပါသည်။ **ဦးဇော်ဝမ်း**

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ဇီးကုန်းမြို့ရှေ့ အခြေခံပညာ မူလတန်းလွန်ကျောင်းမှ မမေမြတ်မှူးဇော်၏ ဖခင်အမည်မှန်မှာ ဦးမျိုးဇော် ၅/ကဘလ(နိုင်)၁၁၂၂၀၆ ဖြစ်ပါသည်။ **ဦးမျိုးဇော်**

တစ်ဦးတည်းဖြစ်ပါကြောင်း

ရှမ်းပြည်မြောက်ပိုင်း၊ ကွတ်ခိုင်မြို့နယ်၊ နမ့်ဖတ်ကာကျေးရွာ ဦးသိန်းဇော် ၉/မလန(နိုင်)၀၉၉၄၄၉ နှင့် ဒေါ်ဂျာရာ ၁၃/ကခန(နိုင်)၀၈၃၅၈၅ တို့၏ တစ်ဦးတည်းသောသားမှာ မောင်ဟိန်းထက်ဦး ဖြစ်ပါကြောင်း။ **မောင်ဟိန်းထက်ဦး**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးနည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် စက်မှုအဆောက်အအုံ၊ အုတ်ရေကန်၊ ရေလောင်းအိမ်သာ အဆောက်အအုံအသစ်များ ဆောက်လုပ်ခြင်းအတွက် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) စက်မှုအဆောက်အအုံ (၇) ခု
(ခ) အုတ်ရေကန် (၇) ခု
(ဂ) ရေလောင်းအိမ်သာ (၇) ခု

၂။ **အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၅-၇-၂၀၁၆ ရက်
အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများ ရောင်းချမည့်အချိန် - ၉း၃၀ နာရီမှ ၁၆း၃၀ နာရီထိ
အိတ်ဖွင့်တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်/အချိန် - ၂၉-၇-၂၀၁၆ရက် ၁၆း၃၀နာရီ

၃။ **အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံများ ရောင်းချမည့်နေရာ** - (ပစ္စည်းဌာန) မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ တောင်ကြီးမြို့

၄။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း ဖုန်း-၀၉-၅၂၁၀၀၀၀၊ ၀၉-၄၅၀၀၀၀၂၁၆၊ ၀၈၁-၂၁၂၁၆၆၂၊ ၀၈၁-၂၁၂၁၁၅၄ တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

ပြောင်းလဲခေါ်ပါရန်

နေပြည်တော်၊တပ်ကုန်းမြို့နယ်၊ရှားတောကျေးရွာအုပ်စု၊ ပေါက်ပင်သာကျေးရွာနေ ဦးစိန်မောင်၏သမီး မငွေးငွေးလှိုင် ၉/တကန(နိုင်)၁၉၅၂၆၄အား မမေနဒီမောင်(ခ)မငွေးငွေးလှိုင်ဟု ပြောင်းလဲခေါ်ပါရန်။ **မမေနဒီမောင်(ခ)မငွေးငွေးလှိုင်**

အမည်မှန်

“ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင်၊ ဟိုပန်မြို့အထက၊ သတ္တမတန်း(က)၊ ဦးအိုက်ရီ ၁၃/ဟပတ(နိုင်)၀၀၂၄၄၄နှင့် ဒေါ်အေးမိစံ ၁၃/ဟပတ(နိုင်)၀၀၁၈၃၀ တို့၏သမီး အမည်မှန်မှာ နန်းမွေငင်းဆိုင် ဖြစ်ပါကြောင်း။ **နန်းမွေငင်းဆိုင်**

ဖခင်အမည်မှန်

မြိတ်မြို့၊ ကန်စွန်းအင်းကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းဝင်အမှတ် KA-၁၇၃၉ ဖြစ်သူ ပဥ္စမတန်းမှ မယုယုထွေး၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးမင်းအောင်ဖြစ်ပါကြောင်း။
ဦးမင်းအောင် ၆/မမန(နိုင်)၁၂၂၂၆၂

အမည်ပြောင်း

မြိတ်မြို့၊ ကန်စွန်းအင်းကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းဝင်အမှတ် KA-၂၉၂၀ ဖြစ်သူ အဋ္ဌမတန်း(E)မှ ဦးမျိုးအေး၏သမီး မသက်ထားဆွေအား ယနေ့မှစ၍ မခင်မီမီဝိုင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မခင်မီမီဝိုင်း**

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၃ယ/၈၇၃၃၇ Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မျိုးနောင် ၉/တတဥ(နိုင်)၀၈၉၈၁၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2G/7418 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
သစ်တောတက္ကသိုလ်၊ ရေဆင်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း သစ်တောတက္ကသိုလ်တွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁	Computer (Moniter-Acer 20",Intel Core i7, REM 4GB, HD 1000G wit UPS650V	4-Nos
၂	Sever Computer (Intel,Xeon R E5-2403, 1.80GHZ, Intel C600,series Graphic Matrox G200e R2, Main Memory 8GB,Memory Hand Drive 3x500GB)	1-No
၃	Printer (Canon LBP 2900)	2-Nos
၄	Color Printer (Epson L310)	1-No
၅	Copier (Canon iR 2520)	3-Nos
၆	Scanner (A4)(Epson V33)	1-No
၇	Projector(View Sonic,PJD 5255DLP)	14-Nos
၈	Forest Supplier Fabric Diameter Tape	30-Nos
၉	Keson Open Reel Fiber Glass Tape	20-Nos
၁၀	ဘက်ထရီဆိုဒ်စုံ	17-Nos
၁၁	တာယာဆိုဒ်စုံ	34-Nos
၁၂	Generator (20-22)HP Engine (5-KV)	5-Nos
၁၃	Funiture	
	(၁) သံဗီရို(တံခါး ၄-ချပ်)(၅'×၁.၃'×၆')	10-Nos
	(၂) စာအုပ်ငှားကောင်တာ(ကြိတ်သား)(၂၀'×၃'×၄')	1-No
	(၃) သုံးဆင့်စာအုပ်စင်(သံ)(၇'×၃'×၁.၅')	10-Nos
	(၄) ကွန်ပျူတာစားပွဲ(သံ)(၂.၅'×၁.၅'×၂')	5-Nos
	(၅) ရွှေ့လျားစာအုပ်စင်(သံ)(၁.၅'×၃'×၇.၅') (၉'×၁၈'×၇.၅') 6 Section	10-Nos
	(၆) ရွှေ့ရလျားစာအုပ်သယ်စင်(သံ+သစ်သား) (၃၆"×၁၈"×၄၃")	5-Nos
	(၇) စာဖတ်စားပွဲ(သံ+ကြိတ်သား)(၆'×၃')	25-Nos
	(၈) ကုလားထိုင်(သံ+ဆိုဖာ)	125-Nos
	(၉) ကုလားထိုင်(သစ်မာ)(၁၈"×၁၈"×၁၈×")	230-Nos
	(၁၀) ခုတင်(၆.၅'×၃'×၁.၅')	200-Nos
	(၁၁) စားပွဲ(သစ်မာ)(၂.၅'×၂၀")	230-Nos

၂။ **ဈေးနှုန်းနှင့်တင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၀-၇-၂၀၁၆ ရက်မှစတင်၍ ရုံးချိန်အတွင်း
တင်ဒါပိတ်မည့်ရက် - ၁၀-၈-၂၀၁၆ ရက် ၁၆း၃၀ နာရီ

၃။ အသေးစိတ်သိရှိလိုပါက သစ်တောတက္ကသိုလ်၊ ရေဆင်း ဖုန်း-၀၆၇-၄၁၆၆၈၁၊ ၄၁၆၅၄၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ပစ္စည်းဝယ်ယူမှုစိစစ်ရေးကော်မတီ
သစ်တောတက္ကသိုလ်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဟ/၂၆၈၆ LONCIN 150 T/W ယာဉ်လက်ဝယ်ရှိသူ ဦးဆန်းအိုက် ၁၃/မဆတ(နိုင်)၀၀၃၃၃၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(မူဆယ်)၊ (မူဆယ်မြို့)**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
အမှတ်(၂)သတ္တုတွင်းလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း လက်အောက်ရှိ ခဲမဖြူသတ္တုစင်စက်ရုံ(သန်လျင်)နှင့် စီမံကိန်းရုံးခွဲတို့တွင် အသုံးပြုရန်လိုအပ်သော အောက်ပါပစ္စည်းများကို သက်ဆိုင်ရာဒေသပစ္စည်းသိုလှောင်ရုံအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

သတ္တုအိတ်ခွံနှင့် ဆက်စပ်ပစ္စည်းများ/စက်မှုလုပ်ငန်းသုံးပစ္စည်းများနှင့် ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ

၂။ **တင်ဒါပိတ်ရက်** - ၂၉-၇-၂၀၁၆ ရက်၊ ၁၅း၀၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါ လိပ်စာနှင့် နယ်ရုံးခွဲများတွင် စုံစမ်းရယူနိုင်ပါသည်-

(က) အမှတ်(၂)သတ္တုတွင်းလုပ်ငန်းရုံးချုပ်၊ ရုံးအမှတ်(၁၉)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၉၃၉၁
(ခ) ခဲမဖြူသတ္တုစင်စက်ရုံ၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၅၆-၂၁၀၂၉၊ ၀၅၆-၂၁၀၅၄
(ဂ) သတ္တုတွင်းစီမံကိန်းရုံးခွဲ(မော်ချီး)၊ လွိုင်ကော်မြို့၊ ဖုန်း-၀၈၃-၂၁၀၇၆
(ဃ) တိုင်းအထွေထွေမန်နေဂျာရုံး၊ ထားဝယ်မြို့၊ ဖုန်း-၀၅၉-၂၁၁၀၀

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊နေပြည်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန
နေပြည်တော်
ကုမ္ပဏီများကန်ထရိုက်မှတ်ပုံတင်ရန် လျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်ထောင်စုအဆင့်ဗဟိုအဖွဲ့အစည်းများနှင့် ပြည်ထောင်စုဝန်ကြီးဌာနများတွင် ကန်ထရိုက်စနစ်ဖြင့် ဆောင်ရွက်လိုသည့်ကုမ္ပဏီများအား ကန်ထရိုက်မှတ်ပုံတင်လက်မှတ်များ ထုတ်ပေးသွားမည်ဖြစ်ပါသည်။

၂။ လျှောက်ထားလိုသည့် ကုမ္ပဏီများအနေဖြင့် ကုမ္ပဏီများ ကန်ထရိုက်မှတ်ပုံတင်ရေးလုပ်ငန်းကော်မတီ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၄၀)၊ နေပြည်တော်တွင် ကုမ္ပဏီများ ကန်ထရိုက်မှတ်ပုံတင်ရန် လျှောက်လွှာများကို ရုံးချိန်အတွင်း ဝယ်ယူလျှောက်ထားနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ကုမ္ပဏီများ ကန်ထရိုက်မှတ်ပုံတင်ရေးလုပ်ငန်းကော်မတီ၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၄၀)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၇၅၄၁သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ကုမ္ပဏီများကန်ထရိုက်မှတ်ပုံတင်ရေးလုပ်ငန်းကော်မတီ
ဆောက်လုပ်ရေးဝန်ကြီးဌာန

ကြေညာချက်

၁။ ၂၀၁၆ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၁ဖြင့် ပြဋ္ဌာန်းခဲ့သော အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၃၆(ခ)အရ ပြည်တွင်းထုတ် အရက်၊ ဝိုင်၊ စီးကရက်အမျိုးမျိုး၊ (ဘီယာမပါ)စသည့် အထူးကုန်စည်များအား အခွန်ထမ်းဆောင်ပြီးသည့် ကုန်စည်ဖြစ်ကြောင်း အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေလျက်ရှိပါသည်။

၂။ ယင်းအထူးကုန်စည်များအနက် မြန်မာနိုင်ငံအတွင်းသို့ ပြည်ပမှ နိုင်ငံခြားဖြစ် ဝိုင်အမျိုးမျိုးကိုသာ တရားဝင်တင်သွင်းခွင့်ပြု၍ အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေလျက်ရှိပါသည်။

- (က) စီးပွားရေးတက္ကသိုလ်များမှမဟာဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့ (အင်္ဂလိပ်စာ)၊ မဟာသိပ္ပံကွန်ပျူတာဘွဲ့ရသူများဖြစ်ရပါမည်။
- (ခ) ၃၀-၄-၂၀၁၆ရက်တွင် အသက်(၂၅)နှစ်ပြည့်ပြီး၍ အသက်(၄၀) ထက်မကျော်လွန်သူဖြစ်ရပါမည်။
- (ဂ) Computer ကျွမ်းကျင်တတ်မြောက်သူဖြစ်ရပါမည်။
- (ဃ) မြန်မာအရှေ့တိုင်းဘဏ်၏ နယ်ဘဏ်ခွဲများသို့ သွားရောက် တာဝန်ထမ်းဆောင်နိုင်ရပါမည်။

၂။ (က) လျှောက်ထားသူများသည် ရေးဖြေစာမေးပွဲကို GMATဘာသာရပ်နှင့် Basic Accounting ဘာသာရပ် ဖြေဆိုရပါမည်။
- (ခ) ရေးဖြေစာမေးပွဲအောင်မြင်သူများကို လူတွေ့စစ်ဆေးခြင်းပြုလုပ်ပါမည်။
- (ဂ) English Speaking ပြောဆိုနိုင်သူအား ဦးစားပေးပါမည်။

၃။ ရေးဖြေစာမေးပွဲဖြေဆိုမည့်ရက်အား အကြောင်းကြားစာပေးပို့ပါမည်။

၄။ လျှောက်ထားလိုသူများသည် ၂၉-၇-၂၀၁၆ရက်နောက်ဆုံးထား၍ ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၂)ပုံ၊ (၁၀)တန်းအောင်လက်မှတ်၊ ဘွဲ့လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုစာရင်း၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်ထောက်ခံစာနှင့် မြို့နယ်ရဲစခန်းထောက်ခံစာ၊ အလုပ်သမားမှတ်ပုံတင်၊ ပြန်တမ်းဝင်အရာရှိ(၂)ဦး (သို့မဟုတ်)ဂုဏ်သရေရှိပုဂ္ဂိုလ်နှစ်ဦး၏ ထောက်ခံချက်များကို မူရင်း၊ မိတ္တူများနှင့် တစ်ပါတည်းယူဆောင်၍ ရုံးချိန်အတွင်းမြန်မာအရှေ့တိုင်းဘဏ်လီမိတက်(အမှတ် ၁၉၀/၁၉၄) ခုနစ်လွှာ၊ 'ကျော်' အဆောက်အအုံ၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ Human Resources & General Affairs Department တွင် လာရောက်၍ လျှောက်ထားနိုင်ပါသည်။ နယ်မှလျှောက်ထားလိုသူများသည် မြန်မာအရှေ့တိုင်းဘဏ်လီမိတက် မုံရွာဘဏ်ခွဲ၊ မန္တလေး(၈၄)လမ်းဘဏ်ခွဲ၊ မန္တလေး(၃၅)လမ်းဘဏ်ခွဲနှင့် ဒိုင်းမွန်းပလာဇာဘဏ်ခွဲ၊ တောင်ငူဘဏ်ခွဲ၊ နေပြည်တော်ဘဏ်ခွဲများမှတစ်ဆင့် လျှောက်ထားနိုင်ပါသည်။

စုံစမ်းလိုပါက ဖုန်း-၀၁-၃၇၈၇၀၄၊ ၃၇၈၇၀၅တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ပျောက်ဆုံးခြင်း

ကျွန်မ မသင်းသင်းမြိုင်၊ ၁၂/သကတ(နိုင်) ၁၇၈၀၁၃ ကိုင်ဆောင်သူ၏ PASSPORT (နံပါတ်မမှတ်မိ)သည်ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိကအကြောင်းကြားပါရန်။ ဖုန်း – ၀၉ ၂၅၈၅၈၈၅၆၈

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1E/2079 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အမြောက်ပိုင်း)**

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6G/9644 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန (ရွာသာကြီး)

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၈၊ မြေကွက်အမှတ် ၆၀၅၊ မြေကွက်တည်နေရာအမှတ် ၆၀၅၊ စွယ်တော်လမ်း၊ (၁၉)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ် ဦးမြင့်သန်းအမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဦးဇော်မျိုးအောင်(ခ)ဦးမျိုးအောင် ၁၂/ကတတ(နိုင်)၀၂၁၉၉၈မှ တင်ပြပါမစ်မူရင်းတွင် မိသားစုဓာတ်ပုံနှင့် ရွှေ့ပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်တို့ တင်ပြ၍ အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မြေနေရာချထားပေးခြင်းခံရသူများ၏ မှီခိုနေထိုင်သူများစာရင်း တင်ပြနိုင်ခြင်းမရှိဘဲ ပါမစ်မစုံဖြင့် နှစ် ၆၀ မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေက ဦးတိတ်ဝမ် (၁၂/မဘန (နိုင်) ၀၄၁၄၈၅) ထံမှ (၁၈-၁၁-၂၀၁၃) ရက်စွဲပါ "မြေအကျိုးခံစားခွင့်အရောင်းအဝယ်ကတိစာချုပ်" ဖြင့် ဝယ်ယူပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်ကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ် - ၆၆၁ "က" နှင့် ၆၆၄ အတွင်းရှိ ဦးပိုင်အမှတ် - ၃ ⁶/₂ ၊ ၃ ⁹/₁ ၊ ၆၈/၁ ရှိ စုစုပေါင်း ဧရိယာ-၉ . ၆၄ ဧကနှင့် ကျွန်ုပ်၏မိတ်ဆွေ အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်ဖြစ်သည့် ဦးပိုင်အမှတ် - ၆၇/၁ ရှိ ဧရိယာ-၇. ၁၃ ဧက ကျယ်ဝန်းသော အဆိုပါ မြေကွက်များပေါ်မှ ခြံအနီးအနား ရှိသူများ သွားလာမှုလွယ်ကူစေရန် ခေတ္တယာယီ သွားလာဖြတ်သန်းခွင့်ပြုခဲ့သည်ကို အခွင့်ကောင်းယူ၍ ခြံအတွင်းသို့ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်၍ မြောင်းများ ဖောက်လုပ်ခြင်း၊ စိုက်ပျိုးထားသည့် သစ်ပင်များအား ချိုးဖဲ့ဖျက်စီးပစ်ခြင်းများကို အတင့်ရဲစွာ ပြုမူဆောင်ရွက်လာသည့်အပြင် ခြောက်သွေ့ကာလတွင်လည်း မီးလန့်မှုများ ကြုံတွေ့ဖြေရှင်းခဲ့ရသောကြောင့် ခြံစောင့်မိသားစုအနေဖြင့် များစွာ စိုးရိမ်ပူပန်ကြောင့်ကြရမှုများ ခံစားရ၍ ကျွန်ုပ် မိတ်ဆွေဝယ်ယူထားသော အဆိုပါမြေကွက်နှင့် ဥပစာများအား ပိုင်ဆိုင်မှုသတ်မှတ်ပိုင်းခြားနိုင်ရန် ခြံစည်းရိုးများ ကာရံထားရှိခဲ့သော်လည်း အဆိုပါ ခေတ္တယာယီ သွားလာမှု ခွင့်ပြုထားသော လူသွားလမ်းအား နဂိုမူလအတိုင်း ခြံစည်းရိုး ပြန်လည်ဖြည့်စွက်ကာရံထားရှိသွားမည်ဖြစ်၍ ကျွန်ုပ်မိတ်ဆွေ၏ အဆိုပါမြေကွက်များနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြေညာသည့်နေ့မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံတိကျသော အထောက်အထားဖြင့် ကန့်ကွက်နိုင်ပါကြောင်း နှင့် ပိုင်ဆိုင်မှု အထောက်အထား တစ်စုံတစ်ရာမရှိဘဲ မလိုမုန်းထားဖြင့် ကန့်ကွက်လာပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးမျိုးမြင့် (ဘဏ်)
တရားလွှတ်တော်ရှေ့နေ (၆၀၆၅)
အမှတ် (၈၃)၊ အခန်း(၁၁)၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့၊
ဖုန်း – ၀၉-၅၁၆၇၂၃၇၊ ၀၉-၇၈၅၁၆၇၂၃၇

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 9E/1396 Toyota Hilux Fortunes ယာဉ်လက်ဝယ်ရှိသူ ဒေါ်အီလာ ၁၃/မဖန(နိုင်)၀၂၂၈၀၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (တာချီလိတ်)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9K/1498 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1H-2396 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7G/3030 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန (ရွာသာကြီး)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1E/9746 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၂C/၂၆၀၃ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၉ယ/၈၆၀၉၆ ယာဉ်အမည်ပေါက်သူ ဦးအောင်ကျော်သူ ၁၄/မအပ(နိုင်)၀၉၂၈၀၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မအူပင်)၊ မအူပင်မြို့

အများသိစေရန်
သတိပေး-တားမြစ်-ကန့်ကွက်ကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင် (၂) ရပ်ကွက်၊ ၆၂လမ်း၊ ၃၇လမ်းနှင့် ၃၈လမ်းကြား၊ အကွက်အမှတ် (၈၂၂)၊ ဦးပိုင်(၁)နှင့်(၂)၊ ဧရိယာ ၆ဒသမ ၇၇ဧကရှိ မြေကွက်သည် မန္တလေးကက်သလစ်ခရစ်ယာန်သာသနာပိုင် သာသနာ့ဝတ္တကမြေဖြစ်ပါသည်။

၆-၁၂-၁၈၉၈မှစ၍ (C.T.L)အမိန့်ရ အခလွတ်ဂရန် (H.1)နှင့်အတူ (H.2)ဟု(၂)ပိုင်းခွဲဝေပေးခဲ့ပြီး (၁၉၂၉)ခုနှစ်တွင် Fr. Wehinger (အစိုးရဖါသာဝင်းကား)အမည်ဖြင့် ပိုင်ဆိုင်ခွင့် Aအမျိုးအစားသတ်မှတ်ကာ ဧရိယာ (၆ဒသမ၇၇)ဧကအား အခလွတ်ဂရန်မြေအဖြစ်ရရှိခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါကက်သလစ်သာသနာပိုင်မြေတွင် ခရစ်ယာန်ဓမ္မာရုံတည်ရှိပြီး ကက်သလစ်ဘာသာဝင်များအား အခမဲ့အခွင့်ဖြင့် နေထိုင်စေလျက်ရှိပါသည်။ ထိုသို့ နေထိုင်ခွင့်ရသူများသည် ၎င်းတို့နေထိုင်သောမြေမှာ ကက်သလစ်သာသနာပိုင်ဆိုင်သော မြေဖြစ်ကြောင်း ဝန်ခံကတိပြုလက်မှတ်ရေးထိုးထားကြသူများဖြစ်ပါသည်။ ဘာသာဝင်အချို့သည် မိမိတို့ပိုင်ဆိုင်မှုမရှိသော သာသနာမြေအား တရားမဝင် ပေးကမ်းခြင်း၊ ငှားရမ်းခြင်း၊ ရောင်းချခြင်းများဖြင့် လက်လွှဲ၊ လက်ပြောင်းပြုလုပ်ခဲ့ကြပြီး ယခုတစ်ဖန် ဘာသာတူအချို့သည် ရောင်းချရန် ကြိုးပမ်းလျက်ရှိကြောင်းကိုလည်း ကြားသိနေရပါသည်။

ခရစ်ယာန်သာသနာအနေဖြင့် မည်သူ့ကိုမျှ ရောင်းချခြင်းမပြုကြောင်း အများသိစေအပ်ပါသည်။ ကက်သလစ်သာသနာ့အကျိုးအတွက် အသုံးပြုလျက်ရှိသော မြေဖြစ်ပါသည်။

သို့ပါ၍ မည်သူမျှ သာသနာ့ဝတ္တကမြေအား ရောင်းခြင်း၊ ဝယ်ခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းပေးခြင်းစသည်တို့လုပ်ဆောင်ခြင်းမပြုကြပါရန် ကန့်ကွက်-တားမြစ်-သတိပေးပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဂိုဏ်းချုပ်ဆရာတော်နီကောလား(စ်) မန်ထန်း
မန္တလေးကက်သလစ်ဂိုဏ်းချုပ်သာသနာ
၈၁လမ်းနှင့် ၂၅လမ်းထောင့်၊ မန္တလေးမြို့

ခရစ်တော်၌ အိပ်ပျော်ခြင်း
ဒေါ်Emily မေရှင်
Y.C.C.F အသင်းဝင်
အသက် (၇၉)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်းတောင်ရပ်ကွက်၊ တကောင်းလမ်း၊ အမှတ်၅နေ (ဦးကျော်ဒင်-ဒေါ်နယ်လီ)၏သမီး၊ မော်ဘီမြို့နယ်၊ ဝါးနက်ချောင်းကျေးရွာနေ (ဦးရေချမ်း-ဒေါ်မယ်မျှင်)၏ သမီးချွေးမ၊ (ဦးမျိုးတင့်)၊ (ဦးလှမြင့်)၊ (ဦးထွန်း မြင့်)၊ ဒေါ်ညွန့်ညွန့်အေး၊ (ဒေါ်အေးမြင့်)၊(ဦးပေါ်ရွှေစိန်)၊ ဒေါ်ဝိုင်းကြီး၊ (ဒေါ်ငွေအောင်)တို့၏ညီမ၊ (ဦးဂျွန်ပန်းအောင်)၏ ချစ်လှစွာသောဇနီး၊ ဦးစိုးသိန်းအောင်(ဒု-ဌာနမှူး၊လမ်းနှင့်တံတား၊ ရန်ကုန်မြို့တော်စည်ပင်)- ဒေါ်ချိုချိုဝင်းရှိန်၊ ဦးသိန်းစိုးအောင်-ဒေါ်တင်မိုးအေး (ခေတ္တ-U.S.A)၊ ဦးနေလင်းဦး-ဒေါ်စိုးစိုးအောင် (လူမှုဖူလုံရေး၊ Carewell ဆေးခန်း၊လှိုင်သာယာ)၊ဦးဝင်းနိုင်-ဒေါ်ရင်ရင်အောင်၊ ဦးကံလှ [C/E (PETRA) Energy]-ဒေါ်သဇင်အောင်၊ ဒေါ်ဆွေဆွေအောင်၏ ချစ်လှစွာသောမိခင်ကြီး၊ မြေး ၁၆ယောက်တို့၏ အဘွားသည် ၁၀-၇-၂၀၁၆ရက် ညနေ ၃း၅၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၂-၇-၂၀၁၆ရက် မွန်းလွဲ ၁နာရီတွင် ဖာတီမာမယ်တော်ဘုရားရှိခိုးကျောင်း၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ အောက်မေ့ဖွယ် ဝတ်ပြုဆုတောင်းခြင်းကို၁၆-၇-၂၀၁၆ရက် နံနက်၇နာရီမှ ၁၀နာရီအထိ အမှတ် ၅၊ တကောင်းလမ်း၊ လင်းလွန်းတောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်နေအိမ်သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဆရာမကြီးဒေါ်တင်တင် (သိမ်ချောင်း)
ကျောက်ရေတွင်း(အမက-ငြိမ်း)
အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ အမှတ် ၃၄၊ သင်္ဂဟလမ်း၊ (ဃ)ရပ်ကွက်နေ (ဦးသာထွန်း-ဒေါ်နှင်း)တို့၏သမီး၊ (ဦးဝဲ-ဒေါ်သန်းမြင့်)တို့၏ညီမ၊ (ဦးတင်ညို-ဒေါ်တင်အေး)၊ (ဦးရွှေစိုး)-ဒေါ်သိန်းရွှေ၊ (ဦးမြညွန့်)-ဒေါ်ကြည်တို့၏အစ်မ၊ (ဦးစံသိန်း-ဒေါ်ရီရီဝင်း)၊ ကပ္ပတိန်ဦးအေးထွန်း-ဒေါ်သဇင်လေးဆက်တို့၏ ချစ်လှစွာသောမိခင်၊ မြေးခုနစ်ယောက်၊ မြစ်ခုနစ်ယောက်တို့၏အဘွားသည် ၁၀-၇-၂၀၁၆ ရက်(တနင်္ဂနွေနေ့) ညနေ၄း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၇- ၂၀၁၆ ရက်(အင်္ဂါနေ့) ညနေ၃နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာ
ဦးခင်မောင်အေး
အသက် (၇၃)နှစ်

မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်၊ မြို့ပတ် လမ်း၊ အမှတ် ၄၁နေ (ဒေါ်ခင်စန်းရီ)၏ခင်ပွန်း၊ (ဦးသက်နွယ်ဦး)-ဒေါ်ခင်မျိုးမျိုးကျော်၊ ဦးကျော်စွာဦး-ဒေါ်အေးသိမ့်သိမ့်ဝင်း၊ (ဦးဝင်းနိုင်ဦး)-ဒေါ်သန္တာအေး၊ ဦးတင်ထွန်းရှိန်-ဒေါ်သန္တာမြင့်၊ (ကိုစိုးကျော်သူ)၊ မောင်တေဇာထွန်းတို့၏ဖခင်၊ မြေး ၁၀ယောက်တို့၏ အဘိုးသည် ၈-၇-၂၀၁၆ရက် (သောကြာ နေ့) နံနက် ၁၀း၃၀နာရီတွင် နေအိမ်၌ ကွယ် လွန်သွားပါသဖြင့် ၁၀-၇-၂၀၁၆ရက် (တနင်္ဂ နွေနေ့) မွန်းလွဲ ၂နာရီတွင် ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၄-၇-၂၀၁၆ရက် (ကြာသပတေးနေ့) နံနက် ၆နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်း ကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဒုရဲမှူးမာလာအေး (ရဲ-၄၆၉၇)
ဒုရဲအုပ် အပတ်စဉ် ၂၇/၉၆ (စည်သူတပ်ခွဲ)
ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)
အသက် (၅၁)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကျိုက္ကဆံရဲရိပ်သာ၊ အမှတ် ၄၊ အခန်း(ဃ)နေ ဦးတင်အေး-ဒေါ်ခင်မြတို့၏သမီး၊ ဦးခင်မောင်အေး(ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ယန္တရားတပ်ခွဲတောင်)-ဒေါ်ဥမ္မာမြင့်၊ တကကတင်မောင်ဌေး (ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး)တို့၏ညီမ၊ ဦးတင်ထွန်းအောင် (ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန)-ဒေါ်ခင်ညွန့်ရီ၊ ဦးအောင်လင်းမိုး (ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန)-ဒေါ်ချယ်ရီဝင်းတို့၏အစ်မ၊ တူ/တူမခုနစ်ယောက်တို့၏အဒေါ်သည် ၁၀-၇-၂၀၁၆ ရက် (တနင်္ဂနွေနေ့) နံနက် ၄း၄၅နာရီတွင် ရန်ကုန်(ခုတင်-၅၀၀)ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၁၆ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၆-၇-၂၀၁၆ရက် (စနေနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

Labour Asia Services Co., Ltd

* လိုင်စင်အမှတ် ၅/၂၀၁၅ ထိုင်းလိုင်စင်အမှတ် ၄၉/၂၀၁၂
* ထိုင်းနိုင်ငံရှိလုပ်ငန်းအမျိုးမျိုးတွင် တရားဝင်အလုပ်လုပ်ကိုင်ရန်အတွက် နေ့စားအထွေထွေလုပ်သားများ အလုပ် လျှောက်ထားနိုင်ပါသည်။
* အောက်ဖော်ပြပါလုပ်ငန်းအတွက် အမျိုးသမီး၊အမျိုးသားလုပ်သားများ အမြန်အလိုရှိနေပါသည်-

စဉ်	ကုမ္ပဏီအမည်	လုပ်ငန်းအမျိုးအစား	တည်နေရာ	လိုအပ်သောလူဦးရေ	
				ကျား	မ
၁	Thai Summit Marketing Co.,Ltd	ကြက်သားထုတ်လုပ်ရေးလုပ်ငန်း	Pathumthani	၅၀	၁၀၀
၂	V.N Contractor Ltd.,Part	ဆောက်လုပ်ရေးလုပ်ငန်း	Bangkok	၄၅	၁၅

* အခြေခံလစာ - တစ်ရက် ၃၀၀ ဘတ်
* အလုပ်ချိန် - တစ်ရက် ၈ နာရီ
* အချိန်ပိုကြေး - တစ်နာရီ ၅၆ ဘတ်
* စာချုပ်သက်တမ်း - ၂ နှစ်
* အသက် - ၁၈ မှ ၃၅ နှစ်
* ပညာအရည်အချင်း - ၅ တန်းအထက်
* မြန်မာနိုင်ငံအလုပ်သမား အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန၏ ချမှတ်ထားသည့်စည်းကမ်းများအတိုင်း စေလွှတ်ပေးပါသည်။
* ထိုင်းနိုင်ငံ၏ အလုပ်သမားဥပဒေအတိုင်း ပြည့်ဝစွာအကျိုးခံစားခွင့်ရရှိမည်ဖြစ်ပါသည်။
* အလုပ်လုပ်ခွင့်လက်မှတ်၊ ပြည်ဝင်ခွင့်ဗီဇာ၊ စက်ရုံအလုပ်ရုံတည်နေရာ၊ အလုပ်လုပ်ခ၊ ခံစားခွင့်များ၊ မှန်ကန်တိကျမှုရှိစေရန်နှင့် အလုပ်သမားများ ထိုင်းနိုင်ငံဥပဒေနှင့်အညီ ခံစားခွင့်များ ပြည့်ဝစွာရရှိခံစားနိုင်ရန် ထိုင်းအလုပ်ရှင်နှင့် စနစ်တကျ စာချုပ်ချုပ်ဆို၍ စေလွှတ်ပေးပါသည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက ကာယကံရှင်ကိုယ်တိုင် လာရောက်စုံစမ်းဆွေးနွေးနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ
အမှတ် R-1(D)၊ ပန်းခရေလမ်းသွယ်၊ ခရေပင်ရိပ်မွန်အိမ်ရာ(၂)၊ ခရေပင်လမ်းမကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ဖုန်း-၀၁-၆၃၅၇၆၄၊ ၀၉-၇၃၁၈၀၄၂၉၊ Email:labourasiaservices@gmail.com

---

အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ
စစ်ကိုင်းခရိုင်တရားရုံး တရားရုံးတော်
၂၀၁၅ ခုနှစ် တရားမကြီးမှုအမှတ် ၁၀

သမဝါယမဘဏ်လီမိတက် **နှင့်** ၁။ ဦးမျိုးထွန်း
(၎င်း၏မန်နေဂျာ- ၂။ ဒေါ်သန်းသန်းမြင့်
ဒေါ်စမ်းယဉ်ဝင်းဖြင့်)

လျှောက်ထားသူ **လျှောက်ထားခံရသူများ**

ဦးမျိုးထွန်း၊ ဒေါ်သန်းသန်းမြင့် ပန်းဘဲတန်းရပ်ကွက်၊ စစ်ကိုင်းမြို့နေ (ယခုနေရပ်လိပ်စာမသိ)တို့သိစေရမည်။

အထက်အမည်ပါ တရားလို ဒေါ်စမ်းယဉ်ဝင်းက ဤရုံးသို့ တရားပြိုင်များက တရားလိုသို့ စုစုပေါင်းငွေကျပ် ၁၁၃၇၇၈၄၉၈/၅၀ကို အပြီးသတ် ဒီကရီချမှတ်ပေးပါရန် လျှောက်ထားသည့်အကြောင်းနှင့် လျှောက်ထားသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၆ ခုနှစ် ဇူလိုင် ၂၀ ရက် (၁၃၇၈ ခုနှစ် ဝါဆိုလပြည့်ကျော် ၁ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာမရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်မျက်ကွယ်တွင် တစ်ဖက်သတ်ကြားနာ စစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၆ ခုနှစ် ဇူလိုင် ၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်စိုးဟန်)
ခရိုင်တရားသူကြီး
စစ်ကိုင်းခရိုင်တရားရုံး

---

(၃)နှစ်ပြည့် အလွမ်း
ဗိုလ်ကြီးသုရဲမာန်(ခ)ကိုသီဟဇလ
BE (EP), D.S.T.A
လေ-၃၂၉၆
(၁၂-၇-၂၀၁၃) မှ (၁၂-၇-၂၀၁၆)

ချစ်သော အမေ့သားလေး

အမေနဲ့ မိသားစုအားလုံးကို ခွဲခွာသွားတာ (၃)နှစ်ပြည့်သွားပြီ၊ ဘယ်တော့မှ မမေ့ဘူး သားလေးရေ ဝမ်းနည်းကြေကွဲခြင်းများစွာနဲ့ အမေ့သားလေးအတွက် ရည်မှန်းပြီး အမေ့ချွေးနည်းစာနှင့် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် လေးကြိမ်မြောက် ဆေးပဒေသာပင် ၁၀၀၀၀၀ိ/-၊ သန်လျင်မြို့ သဘာဝတရားရိပ်သာတွင် ဆေးပဒေသာပင် ၁၀၀၀၀၀ိ/-၊ ဆွမ်းပဒေသာပင် ၁၀၀၀၀၀ိ/-၊ ဗုဒ္ဓဂယာမှ ဆုတောင်းပြည့် (အေးချမ်းအောင်မြင်) အုတ်ခွက်ဘုရား ဆွမ်းစားဆောင် (၁၀ ပေပတ်လည်အတွက်) အလှူငွေ ၅၀၀၀၀၀ိ/-၊ စေတီယပါလကျောင်းတိုက်ကြီး ဝေယျာဝစ္စအတွက် အလှူငွေ ၃၀၀၀၀၀ိ/- နှင့် ယနေ့ထပ်မံ ဆက်ကပ်သော ဝါဆိုသင်္ကန်းပရိက္ခရာအစုံ ဆွမ်းစသဖြင့် ပြုလုပ်သော ကောင်းမှုပြုလုပ်ဆဲ ကုသိုလ်များနှင့်တကွ ပြုပြုသမျှသော ကောင်းမှုကုသိုလ်များကို အမျှပေးဝေပါတယ်။ အေးချမ်းမြင့်မြတ်သော ဘုံဘဝမှ ကြားနိုင်၊ မြင်နိုင်၊ သိရှိနိုင်ပြီး သာဓုခေါ်ဆိုနိုင်ပါစေ။

ချစ်စွာသော-အဘိုး၊ အမေ၊ အဒေါ်များ၊
ညီအစ်ကိုမောင်နှမများနှင့် တူ/တူမများ

ဖောင်းကြွပျောက်
လျှောက်ထားခြင်း

ယာဉ်အမှတ် 6F/7592 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **ကညန၊**
ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)

အင်္ဂလိပ်ဖောင်းကြွပျောက်
လျှောက်ထားခြင်း

ယာဉ်အမှတ် 6E/9685 ၏အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **ကညန၊**
ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

သားအဖြစ်မှ
အမွေပြတ်စွန့်လွှတ်ခြင်း

ရွှေပြည်သာမြို့နယ်၊ (၁၈) ရပ်ကွက်၊ ဒေါ်ဖွားရှင်လမ်း၊ အမှတ် (၃၇၃) နေ ဦးလှထွန်း- ဒေါ်စန်းစန်းလွင်တို့၏သား မောင်ရှိုင်းထက်သည် မိဘဆွေမျိုးများ၏ ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအတိုင်း နေအိမ်မှထွက်သွားပါသဖြင့် ၎င်းအား ဤကြော်ငြာ ပါသည့်နေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအားလည်း လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

ဦးလှထွန်း- ဒေါ်စန်းစန်းလွင်

ကြော်ငြာစာ
(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌
၂၀၁၆ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ် -၈၅

ကွယ်လွန်သူဟုန်ရှင်မွိုင်(ခ)ဦးထွန်းမြ၏ ကျန်ရှိသောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု။

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ် ၂၅၇ ၌နေထိုင်ခဲ့သော ကွယ်လွန်သူ ဟုန်ရှင်မွိုင်(ခ)ဦးထွန်းမြ၏ ကျန်ရှိရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ ၄၅လမ်း၊ အမှတ် ၁၅၅ တတိယထပ်(ယာ)နေ ဒေါ်မေရီမြက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၆ခုနှစ် ဇူလိုင် ၂၀ရက် (၁၃၇၈ခုနှစ် ဝါဆိုလပြည့်ကျော် ၁ရက်) နံနက်၁၀နာရီတွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဟုန်ရှင်မွိုင်(ခ)ဦးထွန်းမြ၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခု သက်ဝင်သည်အဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟုအထင်ရှိလျှင်) ဆိုခဲ့သော ၂၀၁၆ခုနှစ် ဇူလိုင် ၂၀ရက် (၁၃၇၈ခုနှစ် ဝါဆိုလပြည့်ကျော် ၁ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျ အမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်ထုတ်မပေးမီ မှုခင်းမှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဒေါ်မေရီမြ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက် ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၁၆ခုနှစ် ဇူလိုင် ၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(အေးကိုကို)
ဒုတိယခရိုင်တရားသူကြီး(၁)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် (ဘဘ-၁၆)၊ ဦးပိုင်အမှတ်(၂၉)၊ ၅၃×၅၄ကြား၊ မဇ္ဈူ×ခတ္တာလမ်းကြားရှိ ဦးဝင်းမြင့်မောင်အမည်ဖြင့် ချထားပေးသောမြေကွက်အား ဒေါ်အေးသီတာအောင် ၁၃/မဆတ(နိုင်)၀၄၆၅၇၀မှ မြေချထားမိန့်မူရင်း ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း ရဲစခန်းနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်းအမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-L-၁၇/၆၀၊ မြေကွက်အမှတ်-၄၈၊ မြေကွက်တည်နေရာအမှတ် (၄၈)၊ L-၁၇/၆၀ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် (ဒေါ်ယုနန္ဒာမြင့်) အမည်ပေါက် ပါမစ်မြေအား ပါမစ်အမည်ပေါက် ဒေါ်ယုနန္ဒာမြင့်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူသူ ဦးသက်လှိုင် ၁၂/မရက(နိုင်)၀၃၀၁၄၀မှ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ကတိဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာခြင်းအား ဌာနမှကွင်းဆင်းစိစစ်ရာ သွပ်မိုးပျဉ်ကာအိမ်(၁)လုံးရှိ လူမနေ ကွင်းဆင်းစဉ်သော့ဖွင့်ပြပါသည်။ သို့ဖြစ်ပါ၍ ဦးသက်လှိုင်၏ ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ၇ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၃)၊ လူနေရပ်ကွက်အမှတ် (၅/၈)၊ မြေကွက်အမှတ် (၂၄၅/ခ)၊ ရွှယ်တော်ပန်းခြံလမ်း၊ အလျား ၂၀ ပေ × အနံ ၆၀ပေ၊ ဧရိယာ (၁၂၀၀)စတုရန်းပေရှိသော ဦးမောင်ရှား အမည်ပေါက် နှစ် (၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယခုလက်ရှိ လက်ဝယ်ပိုင်ဆိုင်ထားသည့် ဒေါ်ဝင်းရီ (၇/ပခန(နိုင်)၀၉၆၅၃၇) ထံမှ အပိုင်ဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက ရောင်းချသောတန်ဖိုးငွေ၏ စရံငွေများအား ပေးချေပြီးဖြစ်ပါသည်။

သို့ပါ၍ ဤအရောင်းအဝယ်ကို ပိုင်ရေးဆိုင်ခွင့်ရှိသူတို့မှ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစပြီး (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

အမှတ် (၅၀)၊ ဘဏ်လမ်း၊ ဒုတိယထပ်၊	ဦးတင်ထွန်း (B.Sc, R.L)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။	တရားရုံးချုပ်ရှေ့နေ (စဉ် - ၈၀၀၉)
၀၉- ၂၆၂၆၁၈၈၁၂	ဒေါ်ဆုသက်ဝေ ဒေါ်ဆုလွင်လွင်နိုင်
၀၉- ၇၈၁၃၉၃၃၂၂၈	(အထက်တန်းရှေ့နေများ)

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
ရရှီဒါဘီဘီ(ခ)ဒေါ်ခင်အုန်းသန်း B.A(Geography-1996)
မြန်မာ့စီးပွားရေးဘဏ်ခွဲ(၃)(ငြိမ်း)
အထက(၂)သန်လျင်၊ကျောင်းသူဟောင်း
အသက်(၄၆)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၅၂လမ်း၊ အမှတ်၁၈(လေးလွှာ)နေ ဦးသန်းအောင်-(ဒေါ်စန်းစန်းမြင့်)တို့၏သမီး၊ ဦးထွေးမင်း(CHIEF OF FICER, UNITEAM MARINE)၏ဇနီး၊ မောင်ဉာဏ်သာမင်း(န၀မတန်း)၊ မောင်ရဲပြည့်စုံမင်း(ဆဋ္ဌမတန်း၊ ထ-၂၊ ဗိုလ်တထောင်)တို့၏မိခင်၊ ဒေါ်ခင်မာဦး(ဒု-ညွှန်ကြားရေးမှူး၊ စိုက်/စီ)၏ညီမ၊ ဒေါ်ခင်ထားလှိုင်(မန်နေဂျာ၊UNITED VI SION Co.)၊ ဦးခင်မောင်ချို (UNITEAM MARINE) တို့၏အစ်မသည် ၉-၇-၂၀၁၆ရက် နံနက် ၉နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် သန်လျင်ကဗရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေ ဦးဇော်ထွန်း (၁၄/ပသန(နိုင်)၁၈၉၆၀၀)သည် (၁၆-၁၂-၂၀၀၅) ရက်နေ့တွင် ယာဉ်အမည်ပေါက်ပိုင်ရှင် ဒေါ်သုသုဦး (၁၂/မရက(နိုင်) ၁၃၄၈၄၅)ထံမှ ယာဉ်အမှတ် - 6J-4087 TOYOTA WISH ZNE 10, STATION WAGON (4X2)(R) (WHITE) အမျိုးအစား မော်တော်ယာဉ်ကို အသိသက်သေများရှေ့တွင် အရောင်းအဝယ်စာချုပ် ပြုလုပ်ချုပ်ဆိုကာ လက်ရောက်လွှဲပြောင်းဝယ်ယူပိုင်ဆိုင် လက်ရှိဖြစ်သူဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်ထွန်း (၁၄/ပသန(နိုင်)၁၈၉၆၀၀)သည် ယာဉ်အမှတ် - 6J-4087 TOYOTA WISH ZNE 10, STATION WAGON (4X2)(R) (WHITE) အမျိုးအစား မော်တော်ယာဉ်အား ဝယ်ယူပိုင်ဆိုင်ထားသည့် ပိုင်ရှင်ဖြစ်ပါကြောင်း အသိပေးကြေငြာအပ်ပါသည်။ ဦးဇော်ထွန်း (၁၄/ပသန(နိုင်)၁၈၉၆၀၀)၏ လွှဲအပ်ချက်အရ -

ဒေါ်စင်မာမြင့် (LL.B), D.B.L
အထက်တန်းရှေ့နေ (စဉ်-[illegible])
အမှတ် (၄၃)၊ [illegible]၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-[illegible]

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဗိုလ်မှူးကြီးလှသောင်းမြင့် (ငြိမ်း)
D.S.A (11) Intake
ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ကညန
ဒုတိယဥက္ကဋ္ဌ(ငြိမ်း)၊ မထသ(ဗဟို)
အသက်(၇၀)

သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ လမ်းမတော်ရပ်နေ (ဦးကျော်သန်း-ဒေါ်ရင်)တို့၏သားငယ်၊ ရန်ကုန်မြို့၊ ပါရမီနေ ဦးရွှေကိုး-ဒေါ်တင်တင်မြင့်တို့၏သားသမက်၊ သာကေတမြို့နယ်၊ ရတနာအိမ်ရာ၊ မြလမ်းသွယ်(၂)၊ အမှတ် ၆၆နေ (ဒေါ်စန်းစန်းမြ)နှင့် ဒေါ်သက်နွယ်ဦးတို့၏ ချစ်လှစွာသောခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးဇင်မင်းအောင်-ဒေါ်ပပစန်းမြင့်၊ ဦးအောင်သူရကျော်-ဒေါ်စိမ်းမြမြ၊ ဦးမောင်မောင်ဝဏ္ဏကျော်-ဒေါ်ရင်မာဦးတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မောင်ဖွဲ့ထိုက်လွန်း၊ မောင်ကောင်းခန့်ကျော်၊ မပျိုးထိုက်လွန်းတို့၏ချစ်လှစွာသောဘိုးဘိုးသည် ၁၀-၇-၂၀၁၆ရက်(တနင်္ဂနွေနေ့) ည ၈း၄၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး နှလုံးရောဂါကုသဆောင်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၁၆ရက်(အင်္ဂါနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးကြီးလှသောင်းမြင့်(ငြိမ်း)
စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၁)
အသက်(၇၀)

ပဲခူးတိုင်းဒေသကြီး၊ သုံးဆယ်မြို့နေ (ဦးကျော်သန်း-ဒေါ်ရင်)တို့၏သား၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ရတနာအိမ်ရာ၊ မြလမ်းသွယ်(၂)၊ အမှတ် ၆၆ နေ ဗိုလ်မှူးကြီးလှသောင်းမြင့်(ငြိမ်း) အသက်(၇၀)သည် ၁၀-၇-၂၀၁၆ရက် ည ၈း၄၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သူရဦးရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်
မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဗိုလ်မှူးကြီးလှသောင်းမြင့်(ငြိမ်း) အသက်(၇၀)
စစ်တက္ကသိုလ်အမှတ်စဉ်(၁၁)
ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) က·ည·န
ဒု-ဥက္ကဋ္ဌ(ငြိမ်း) မ·ထ·သ(ဗဟို)

ချစ်ခင်ရပါသော သူငယ်ချင်း ဗိုလ်မှူးကြီးလှသောင်းမြင့်(ငြိမ်း)သည် ၁၀-၇-၂၀၁၆ရက် (တနင်္ဂနွေနေ့) ည ၈း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးဉာဏ်ထွန်းအောင်(ပြည်ထောင်စုဝန်ကြီး-ငြိမ်း)နှင့်ဇနီးဒေါ်ဝေဝေ မိသားစု

ဒေါ်ကြည်ကြည်ညွန့်(ခ)ဒေါ်ပိုက်
(ကျောက်တန်း၊ မင်္ဂလွန်း)
အသက်(၇၀)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ စက်မှုဇုန် ၃လမ်း၊ တိုက် ၅၊ အခန်း ၂၀၃နေ (ဦးအောင်သန်း-ဒေါ်တင်တင်)တို့၏သမီး၊ (ဦးမောင်နှင်း-ဒေါ်သန်းရွှေ)တို့၏သမီးချွေးမ၊ ဦးအေးငွေ၏ဇနီး၊ ဦးသောင်းအေး-ဒေါ်သိန်းရွှေ၊ ဦးအောင်သန်းဦး-(ဒေါ်ခင်ကြည်)တို့၏အစ်မ၊ ဦးဇော်ဝင်းနိုင်၊ ဦးသန့်ဇင်ဝင်း(ဒုတိယညွှန်ကြားရေးမှူး၊ အကောက်ခွန်)-ဒေါ်သီသီအေး(ပုဇွန်တောင်စည်ပင်)၊ ဒေါ်နီနီအေး(ပုဇွန်တောင်စည်ပင်)၊ ဦးဝင်းကျော်-ဒေါ်ဖြူဖြူအေး၊ ဒေါ်နှင်းရွှေစင်အေး(ခ)ပေါက်ပေါက် (YCDC)တို့၏မိခင်၊ ဒေါ်နှင်းရည်အေး (အထက-၂၊ သင်္ဃန်းကျွန်း)၊ ဒေါ်နှင်းယုအေး (အထက-၃၊ တာမွေ)တို့၏ ကြီးကြီး၊ မြေး ၁၂ယောက်၊ မြစ်နှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၁၀-၇-၂၀၁၆ရက် ည ၉း၅၀နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၁၆ရက်(အင်္ဂါနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၆-၇-၂၀၁၆ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အထူးကျေးဇူးတင်ရှိခြင်း
ဗိုလ်ကြီးဇင်မင်းအောင်
ကြည်း-၄၇၃၀၀၊ DSA(49)
အသက်(၃၀)

၈-၇-၂၀၁၆ ရက် ဈာပနသို့ လိုက်ပါပို့ဆောင်ပေးကြသော မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တိုင်းမှူးကြီးနှင့် ဒုတိုင်းမှူး၊ တပ်မမှူး၊ ဗျူဟာမှူး၊ တပ်ရင်းမှူး၊ အရာရှိ၊ အရာခံ စစ်သည်များအားလုံး၊ ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့ ခမရ (၅၃၄)မှ တပ်ရင်းမှူးနှင့် တပ်မိသားစုများအားလုံး၊ ၆-၇-၂၀၁၆ ရက်တွင် ကွယ်လွန်သွားသော ဗိုလ်ကြီးဇင်မင်းအောင် နာမကျန်းဖြစ်စဉ် အထူးကြပ်မတ်ကုသပေးကြသော မြစ်ကြီးနားမြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံ ခုတင်-၃၀၀မှ ဆေးရုံအုပ်ကြီးနှင့် အရာရှိ ဆရာဝန်များ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီအားပေးကြပါသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူအားလုံးအား ကျန်ရစ်သူမိသားစုမှ အထူးကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

ဒေါ်စိန်ဖယဉ်(စစ်တွေမြို့)
အသက်(၉၃)နှစ်

(ဦးအောင်ဖြူခိုင်-ဒေါ်မမရီ)တို့၏သမီး၊(ဦးမြဦး-ဒေါ်စံလှဖြူ)တို့၏ချွေးမ၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းအိမ်ရာ၊ တိုက် ၅၊ အခန်း ၅နေ (ဦးလှကျော်)၏ဇနီး၊ ဒေါ်စိန်စိန်-[ဦးစံထွန်း(ခ)ဦးလှဖြူ]တို့၏အစ်မ၊ ဦးအောင်ကျော်မင်း-ဒေါ်အိအိအောင်၊ ဦးအောင်ကျော်ဇော၊ ဒေါ်မြင့်မြင့်၊ ဦးအောင်ကျော်ထွန်း၊ ဦးအောင်ကျော်မြတို့၏မိခင်၊ မောင်သက်ဟန်ဦး၊ မယမင်းသက်၊ မလှမြသူတို့၏အဘွားသည် ၁၀-၇-၂၀၁၆ရက်(တနင်္ဂနွေနေ့)ည ၈း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၁၆ရက်(အင်္ဂါနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၇-၂၀၁၆ရက်(စနေနေ့) နံနက် ၁၀နာရီမှ ၁၂နာရီအထိ လယ်တီရိပ်သာကျောင်းတိုက်၊ (၃)ရပ်ကွက်၊ နီလာလမ်း၊ ကမာရွတ်မြို့နယ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း ဒါယကာကြီး
ဦးမောင်မောင်သော်(သုံးခွ)
ကကဌေ(ငြိမ်း)
အသက်(၈၀)

ရန်ကုန်တိုင်းဒေသကြီး၊ သုံးခွမြို့၊ အနောက်ဘက်ကမ်းနေ ဦးဘအုန်းမောင်-ဒေါ်တင်တို့၏သား၊ ရန်ကုန်မြို့၊ သုဝဏ္ဏ (၂၄)ရပ်ကွက်၊ ဘော်စင်လမ်း၊ တိုက် ၉၊ အခန်း ၆နေ ဒေါ်ခင်သိန်းကြည်(ရုံးအုပ်၊ကကဌေ၊ငြိမ်း)၏ခင်ပွန်း၊ ဦးအောင်ဇော်မြင့်(H-Line KOREA Co.,LTD)-ဒေါ်အေးအေးသော်၊ ဦးမျိုးသော်(အုပ်ချုပ်မှုဒါရိုက်တာ KIN SET KANT KSL Co.,Ltd.)-ဒေါ်ဥမ္မာခင်၊ ဦးတင်အောင်လင်း(Ship mate Co, Ltd. S'pore) - ဒေါ်မေနွယ်ခိုင်တို့၏ ချစ်လှစွာသောဖခင်၊ စုသီရိထက် (Ricky & Brother Co., Ltd.)၊ သန့်ထက်ဇော် [B.E (E.P) Final (W.Y.T.U)]၊ စောနေအောင်၊ ကိုခန့်၊ ကိုထက်၊ လှရွှေထူး၊ မေသရဖီဖွေး၊ ဖြိုးပြည့်စုံတို့၏ ဘိုးဘိုးကြီးသည် ၁၀-၇-၂၀၁၆ရက်(တနင်္ဂနွေနေ့) ညနေ ၅း၅၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၁၆ရက် (အင်္ဂါနေ့) ညနေ ၄း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

သာသနာ့ ဒါယကာကြီး
သီရိသုဓမ္မမဏိဇောတရေ ကောသီပန် ဦးလှမြင့်
(အမျိုးသားစာပေဆုရှင်)
အသက်(၈၄)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊မာန်အောင်ရပ်ကွက်၊(ဘောက်ထော်)အေးသာယာလမ်း၊ အမှတ် 4C (A)နေ ကောသီပန်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ဦးကြည်စိုး-ဒေါ်ငွေငွေရီတို့၏ဖခင်၊ မောင်ကျော်ကျော်ထက်၊မအိမ့်သဲသဇင်တို့၏အဘိုးသည် ၁၁-၇-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၇-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

သာသနာ့ ဒါယကာကြီး
သီရိသုဓမ္မမဏိဇောတရေ ကောသီပန် ဦးလှမြင့်
(အမျိုးသားစာပေဆုရှင်)
အသက်(၈၄)နှစ်

ရန်ကုန်မြို့နေ (ဦးအောင်မြင့်)-ဒေါ်မြသိန်း၊ ဦးအေးစိုး-ဒေါ်ခင်ဝင်းမြင့်၊ ဦးရန်ငြိမ်း-ဒေါ်ကြင်စော၊ ဦးမင်းအောင်-ဒေါ်သန်းသန်းဝင်းတို့၏ဖခင်၊ မြေး ၁၁ယောက်တို့၏အဘိုးသည် ၁၁-၇-၂၀၁၆ရက်(တနင်္လာနေ့)နံနက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၇-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီမှ ၁၁နာရီအထိ တာမွေမြို့နယ်၊ မာန်အောင်ရပ်ကွက်၊ (ဘောက်ထော်) အေးသာယာလမ်း၊ အမှတ် 4C (A) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ထွေး
အသက်(၆၃)နှစ်

ဒေါက်တာကောင်းထွဋ်-ဒေါက်တာစောနန္ဒာအောင် (သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်)တို့၏မိခင် ဒေါ်ထွေး အသက်(၆၃)နှစ်သည် ၅-၇-၂၀၁၆ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခချုပ်နှင့်ဆရာ/ဆရာမများ၊ ဝန်ထမ်းများ
သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(ရန်ကုန်)

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်ကြီးအုန်းသိန်း(ငြိမ်း) အသက်(၅၂)နှစ်
လက်ထောက်ညွှန်ကြားရေးမှူး၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၊ ပဲခူးမြို့

ဟင်္သာတမြို့နေ ဒေါ်စန်းစန်းနွယ်၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်ကြီးအုန်းသိန်း(ငြိမ်း)သည် ၈-၇-၂၀၁၆ရက် (သောကြာနေ့) ည ၁၀း၃၀နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံ(ခုတင်-၁၀၀၀)မင်္ဂလာဒုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

O.T.S (95) သူရတပ်ခွဲ
ကျောင်းဆင်းသူငယ်ချင်းများ

ဘီးလင်းမြို့နယ်အသင်း(ရန်ကုန်)
ဦးတင်မောင်ဦး
(သထုံ၊ ဘီးလင်း)
M.E (MN-Japan)
အလုပ်ရုံမှူး(ငြိမ်း)
စက်မှုအင်ဂျင်နီယာဌာန
ရန်ကုန်စက်မှုတက္ကသိုလ်
အသက်(၇၂)နှစ်

အမေရိကန်နိုင်ငံ၊ ကယ်လီဖိုးနီးယားနေ (ဦးဘီယာ-ဒေါ်ကြင်ပန်)တို့၏သား၊ ဒေါ်သီတာဆွေ၏ခင်ပွန်း၊ ရာသက်ပန်အသင်းဝင်များဖြစ်ကြသော ဒေါ်ညွန့်ညွန့်ကျင်-ဦးတင်အောင်၊ဒေါ်အေးအေး-ဦးစိုးသိန်း၊ ဦးတင်လွမ်း-ဒေါ်စန်းနေနွယ်၊ ဒေါက်တာလှလှကျင်-ဒေါက်တာတင်မောင်လှ၊ (ဒေါက်တာအောင်မော်)၊ ဒေါက်တာခင်ငွေးကျင် - ဒေါက်တာဝင်းနိုင်၊ (ဦးခင်ဇော်)-ဒေါ်သီသီဦး၊ ဒေါက်တာတင်မောင်သူ-ဒေါ်တင်တင်မွန်တို့၏မောင်/အစ်ကို ရာသက်ပန်အသင်းဝင်အမှတ်(၆၀၂)ဦးတင်မောင်ဦးသည် ၈-၇-၂၀၁၆ရက်(သောကြာနေ့) ဒေသစံတော်ချိန် ၀၀း၃၅နာရီတွင် ကွယ်လွန်သွားကြောင်း အသင်းသူ၊ အသင်းသားများအားအသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

ရွှေတောင်မြို့နယ်အသင်း(ရန်ကုန်)
ဦးဟံထွန်း (ဂျော်ဂျီ)
(ရွှေတောင်)
အသက်(၇၀)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ ၅၃လမ်း၊ ၉/၁၁၊ ခုနစ်လွှာနေ ဒေါ်အေးလဲ့ဆွေ၏ခင်ပွန်းသည်၁၀-၇-၂၀၁၆ရက် ည ၇း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၁၆ ရက်(အင်္ဂါနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

အမှုဆောင်အဖွဲ့

သင့်သွေးဖြင့်
အသက်ကယ်ပါ

ဦးမြင့်ဆွေ အသက်(၇၀)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောအလယ်ရပ်ကွက်၊ ဖျာပုံလမ်း၊ အမှတ် (၄၄) B၊ မြေညီထပ်နေ(ဦးဘဇံ-ဒေါ်ညွန့်တင်)တို့၏သား၊ (ဦးလှ-ဒေါ်စိန်ကြွေ)တို့၏သားသမက်၊ ဒေါ်ခင်မြစိန်၊ ဒေါ်တင်တင်တို့၏မောင်၊ (ဒေါ်ယဉ်မြ)၏ခင်ပွန်း၊ ဦးသန့်နိုင်ဆွေ၊ (ဦးကျော်ကျော်ဝင်း) - ဒေါ်နီလာဆွေ၊ ဦးစိုးနိုင်ဆွေ၊ ဒေါ်မာလာဆွေ၊ ဦးအေးနိုင်ဆွေ-ဒေါ်သော်တာဝင်း၊ ဦးဝင်းလွင်-ဒေါ်ဇင်မာဆွေတို့၏ဖခင်၊ မထက်အိအိလှိုင်၊ မောင်ကျော်ဆုသွေး၊ မချစ်သက်စံ၊ မောင်ကောင်းဆက်လင်းတို့၏ အဘိုးသည် ၁၀-၇-၂၀၁၆ရက်(တနင်္ဂနွေနေ့)ည ၁၀း၃၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၁၆ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

မသန်းသန်းဦး
အသက်(၄၉)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နေ(ဦးတင်ရွှေ)-ဒေါ်လှရင်တို့၏သမီး၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်နေ ဦးတင်အောင်-ဒေါ်ဖြူတို့၏သမီးချွေးမ၊ ကိုအောင်ဇော်မင်း - မစန်းစန်းအေး၊ ကိုအောင်ဇော်-မချို၊ မသီတာ၊ မလဲ့လဲ့ချိုကိုရဲဝင်းနိုင်-မတင်တင်ငွေးကိုအောင်သူဝင်း-မဝေဝေတို့၏အစ်မကြီး၊ မောင်ရဲကိုကို(ခ)အာနီး၊ မောင်ဟိန်းထက်ဇော်၊ မောင်ထက်အောင်ဝင်းတို့၏မိခင်၊ တူ၊ တူမ ငါးယောက်တို့၏ကြီးကြီး၊ လှိုင်သာယာမြို့နယ်၊ (၂)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊အမှတ် ၁၇၆နေ ဦးတင်မိုးအောင်၏ချစ်လှစွာသောဇနီးသည် ၁၁-၇-၂၀၁၆ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားပါ၍ ၁၃-၇-၂၀၁၆ရက် (ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင်ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၇-၂၀၁၆ရက်(တနင်္ဂနွေနေ့)နံနက်တွင် အထက်ပါ လှိုင်သာယာမြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တကောဝိဒ မဟာထေရ်
သက်တော်(၉၁)နှစ်၊ သိက္ခာတော်(၇၁)ဝါ

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအနောက်ရပ်၊ မူလမဟာ မုနိန္ဒာရာမ စကုတိုက်၊ တိုက်အုပ်၊ ရွှေဘိုကျောင်း ပဓာနမဟာနာယက သက်တော်ရှည်ဆရာတော်ကြီးဖြစ်တော်မူသော ဘဒ္ဒန္တကောဝိဒ မဟာထေရ်မြတ်ကြီးသည် (၁၃၇၈ခုနှစ် ဝါဆိုလဆန်း ၆ရက်) ၁၀-၇-၂၀၁၆ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို(၁၃၇၈ခုနှစ် ဝါဆိုလဆန်း ၁၃ရက်) ၁၇-၇-၂၀၁၆ရက်(တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် အေးရိပ်ငြိမ်သုသာန်၌ အန္တိမအဂ္ဂိစျာပန ပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (စကုတိုက်၊ ရွှေဘိုကျောင်းမှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

တပည့်သံဃာများနှင့် ဒါယကာ၊ ဒါယိကာမများ

ဦးအေးထွန်း(တောင်ကုတ်မြို့) အသက်(၈၂)နှစ်
(ဦးစီး၊ ငြိမ်း၊ ဆည်မြောင်း)

တောင်ကုတ်မြို့၊ ဂူတာရပ်ကွက်၊ ဦးဥတ္တမလမ်းနေ (ဦးဖိုးထောင်-ဒေါ်အုန်းမေ)တို့၏သား၊ (ဦးဘခင်-ဒေါ်သိန်းချစ်ကယ်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ အောင်ချမ်းသာ ၃လမ်း၊ အမှတ် ၄နေ (ဒေါ်ထွေးသိန်း)၏ချစ်လှစွာသောခင်ပွန်း၊ (ဦးကျော်သိန်း-ဒေါ်တင်ညွန့်)၊ (ဦးထွန်းရင်)-ဒေါ်သန်းရင်၊ (ဦးစံတင်-ဒေါ်သိန်းရွှေ)တို့၏ညီ/မောင်၊ ဦးအောင်နိုင်-ဒေါ်သန်းသန်းငွေ(ရှမ်းဒေါင်းဆေးပေါ့လိပ်)၊ ဦးကျော်နိုင်-ဒေါ်မျိုးယုခိုင်၊ ဦးမင်းနိုင်-ဒေါ်အေးယုနွယ်၊ ဦးရန်နိုင်-ဒေါ်ခင်လေးယု၊ ဦးဇော်မင်းဝင်း-ဒေါ်စုစုနိုင်(ရန်ကုန်မြို့တော်ဘဏ်)၊ မထွေးထွေးနိုင်တို့၏ဖခင်၊ ဦးမောင်မောင်လွင်(A.E ချောင်းဆုံတံတား၊ မော်လမြိုင်)-ဒေါ်ဇင်မျိုးသန့်တို့၏ဦးလေး၊ မြေးကိုးယောက်တို့၏ဘိုးဘိုးကြီးသည် ၁၁-၇-၂၀၁၆ရက်(တနင်္လာနေ့) နံနက် ၇း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၇-၂၀၁၆ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင်ထိန်ပင်သုသာန်၌မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၇-၇-၂၀၁၆ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးတင်ဝင်း အသက်(၇၅)နှစ်
Chairman Win Enterprise Co.,Ltd.
(စိန်ပေါလ်၊ စိန့်ဂျွန်းကျောင်းသားဟောင်း)

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ကန်ရိပ်သာလမ်းသွယ်(၅)၊ FMI City, အမှတ် L.71 နေ (ဦးကြီးစိုင်-ဒေါ်စိန်ညွန့်)တို့၏သား၊ (ဦးဝမ်ရှိန်-ဒေါ်သန်းစိန်)တို့၏သားသမက်၊ (ဦးတင်ရှိန်-ဒေါ်သန်းယုံ)၊ ပါမောက္ခ ဒေါက်တာဦးသိန်းညွန့်-(ဒေါက်တာဒေါ်စီစီ)၊ ဒေါက်တာကြည်လင်-ဒေါက်တာဒေါ်အေးအေးမြင့်၊ ဦးဖေကြည်-(ဒေါ်အေးသွယ်)၊ ဦးထွန်းရှိန်-ဒေါ်ကြည်မေကောင်း၊ ဦးသော်ကောင်း-ဒေါ်ခင်သန်းတို့၏ညီ/မောင်၊ ဦးသိန်းထွန်း-ဒေါ်တင်စိန်တို့၏အစ်ကို၊ (ဒေါ်ငွေးငွေး)၏ခင်ပွန်း၊ ဦးခင်မောင်ဝင်း-ဒေါ်တင်ငွေးမင်း၊ ဦးမင်းလွင်-ဒေါ်ဇင်လေးဝင်း၊ ဦးသိန်းနိုင်-ဒေါက်တာသဲသဲဝင်း၊ ဦးစိုးကြီးအောင်-ဒေါက်တာသိုက်သိုက်ဝင်းတို့၏ချစ်လှစွာသောဖခင်၊ မောင်ကျော်ဆက်၊ မဟေသီထက်၊ မပွင့်ဦးခင်၊ မောင်စွမ်းထက်လင်း၊ မောင်မြတ်သူ၊ မဖြူစင်နှင်းယုတို့၏အဘိုး၊ တူ/တူမ ၁၈ယောက်တို့၏ဦးလေးသည် ၁၀-၇-၂၀၁၆ရက်(တနင်္ဂနွေနေ့) နံနက် ၅း၃၄နာရီတွင် စင်ကာပူနိုင်ငံ Mount Elizabeth Novena ဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် စင်ကာပူနိုင်ငံ၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၆-၇-၂၀၁၆ရက်(စနေနေ့)နံနက် ၇နာရီမှမွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဦးလှသောင်းမြင့်
ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြလမ်းသွယ်(၂)လမ်း၊ ရတနာအိမ်ရာ၊ အမှတ် ၆၆နေ ဒေါ်သက်နွယ်ဦး၏ ချစ်လှစွာသောခင်ပွန်း ဦးလှသောင်းမြင့် (ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း)သည် ၁၀-၇-၂၀၁၆ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ဇောင်းတန်း ဒါယကာကြီး
ဦးဟံထွန်း(ဂျော်ဂျီ) အသက်(၇၀)
ရွှေတောင်မြို့နယ်အသင်း
Ex.R/O (Eastwind Shipping Co.,Ltd)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ ၅၃လမ်း၊ ၉/၁၁၊ ခုနစ်လွှာနေ (ဦးထွန်းမောင်-ဒေါ်ခင်နု)တို့၏သား၊ (ဗိုလ်အေးမောင်-ဒေါ်ခင်ညွန့်)တို့၏သားသမက်၊ ဒေါက်တာတင်ဦး-ဒေါ်လဲ့လဲ့တို့၏မောင်၊ ဦးရဲမြင့်(ဗိုလ်သုကာ)-ဒေါ်နွဲ့နွဲ့တို့၏အစ်ကို၊ ဒေါ်အေးလဲ့ဆွေ၏ခင်ပွန်း၊ ဦးကျော်ကျော်ဟန်ထွန်း(2/0 Uniteam Shipping)-ဒေါက်တာနန်းယုဝေ(Research officer, PSI)တို့၏ဖခင်၊ မဆောင်းဦးရတနာ [sweety, P-6(c),I.L.B.C]၏အဘိုးသည် ၁၀-၇-၂၀၁၆ရက် ည ၇း၃၀နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၁၆ရက် (အင်္ဂါနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ရွှေတောင်မြို့နယ် အသင်းသူအသင်းသားများလိုက်ပါပို့ဆောင်ကြပါရန်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးမိုးအောင်ဇံ
Township Coordinator Relife International
(မြောက်ဦးရုံးခွဲ) စစ်တွေခရိုင်
အသက်(၄၆)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်း(၁)ရပ်ကွက်၊ ရွှေထီးအိမ်ရာ(၂)၊ အခန်း ၀၀၁၊ တိုက် ၁၀နေ (ဦးအောင်ထွန်းဦး-ဒေါ်လှလှဇံ)တို့၏သား၊ ဦးဦးသိန်းမောင်-ဒေါ်ယဉ်စံဖြူတို့၏သားသမက်၊ ဒေါ်သန္တာဖြူ(Database Analyst, MIMU, UNDP)၏ခင်ပွန်း၊ မောင်ကောင်းလှဇံ၊ မလှမိုးဖြူတို့၏ချစ်လှစွာသောဖခင်၊ ဦးမိုးအောင်မွန်(Captain Myanmar Airway International)-ဒေါ်ဒါလီစိုးတို့၏အစ်ကို၊ မေမိုးဝေဟင်၏ဘကြီးသည် ၁၀-၇-၂၀၁၆ရက် (တနင်္ဂနွေနေ့) ညနေ ၅း၄၅နာရီတွင် မြောက်ဦးမြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၂-၇-၂၀၁၆ ရက်(အင်္ဂါနေ့)တွင် စစ်တွေမြို့အာကျိုတ်တော်ကုန်းသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရာသီဥတုဖောက်ပြန်မှုများရှိသည့်အတွက် မြစ်ရေကြီးမှုကာကွယ်ရေး လုပ်ငန်းများအား ရေရှည်အကျိုးကိုကြည့်၍ အလေးထားဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၁

လမ်းပန်းဆက်သွယ်ရေး၊ ရေကြီးရေလျှံမှု သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးရန် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့၌ရောက်ရှိနေသော ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကလေးဝမြို့ရှိ မြစ်သာမြစ်ကူးတံတား ကြံ့ခိုင်မှုအခြေအနေနှင့် မြစ်သာမြစ် မြစ်ကျဉ်းနေရာများ ရေလမ်းကြောင်းကောင်းမွန်စေရေး ပြုပြင်ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကလေးဝမြို့ အမှတ်(၁)ရပ်ကွက်အတွင်း ရေဝင်ရောက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ရေဝင်ရောက်ခဲ့သည့် အိမ်ခြေ ၄၈ အိမ်အတွက် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ကလေးဝ၊ မော်လိုက်၊ ဖောင်းပြင်၊ မုံရွာမြို့နယ်များသို့ ပြေးဆွဲနေသည့် အမြန်ရေယာဉ် ကူးတို့ဆိပ်ကိုလည်းကောင်း၊ မြစ်သာမြစ်နှင့် ချင်းတွင်းမြစ်ဆုံနေရာရှိ ကုန်တင်ကုန်ချကူးတို့ဆိပ်ကိုလည်းကောင်း ကြည့်ရှုပြီး ချင်းတွင်းမြစ်ရေမြင့်တက်မှုအခြေအနေများကို မေးမြန်းကာ ရေကြီးရေလျှံမှုများအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရေး၊ ရာသီဥတုဖောက်ပြန်မှုများရှိသည့်အတွက် မြစ်ရေကြီးမှုကာကွယ်ရေးလုပ်ငန်းများအား ရေရှည်အကျိုးကို ကြည့်၍ အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ချင်းတွင်းတံတား(ကလေးဝ) တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိရာ တံတားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဆွေက တံတားအတွက် ရန်ပုံငွေရရှိမှုအခြေအနေ၊ ရေလယ်တိုင်လုပ်ငန်း၊ သံပေါင်တပ်ဆင်ခြင်းလုပ်ငန်း၊ တံတားချဉ်းကပ်လမ်းလုပ်ငန်းများပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများနှင့် ကလေးဝ-ကျီကုန်း-တမူးလမ်းပေါ်ရှိ လမ်းတံတားများ အဆင့်မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက တံတား၏ ကြံ့ခိုင်မှုနှင့် အရည်အသွေးတွင် စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်ရန်နှင့် ဆယ့်နှစ်ရာသီသွားလာနိုင်သည့် လမ်းအဆင့်မြှင့်တင်ခြင်းဖြစ်စေရေး မှာကြားသည်။

စာမျက်နှာ ၄ ကော်လံ ၁ ●

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မြစ်သာမြစ်နှင့် ချင်းတွင်းမြစ်ဆုံနေရာ ကုန်တင်ကုန်ချကူးတို့ဆိပ်ကို ကြည့်ရှုစစ်ဆေးစဉ် (သတင်းစဉ်)

အချိန်ပိုသွင်းဂိုးဖြင့် ပေါ်တူဂီအသင်း ယူရိုဖလားကြီးကို ပထမဆုံးအကြိမ်ဆွတ်ခူး

■ သီဟ

ယူအီးအက်ဖ်အေ ယူရို ၂၀၁၆ နောက်ဆုံးဗိုလ်လုပွဲကို ဇူလိုင် ၁၁ ရက် နံနက်ပိုင်းက ပေါ်တူဂီနှင့် အိမ်ရှင်ပြင်သစ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ အချိန်ပိုသွင်းဂိုးတစ်ဂိုးဖြင့် ပေါ်တူဂီအသင်း ယူရိုဖလားကြီးကို ပထမဆုံးအကြိမ် ဆွတ်ခူးသွားသည်။ (ဓါတ်ပုံ)

ဗိုလ်လုပွဲတွင် ပေါ်တူဂီက ၄-၁-၃-၂ ကစားကွက်ဖြင့် ပွဲထွက်ခဲ့ပြီး အိမ်ရှင် ပြင်သစ်မှာ ၄-၂-၃-၁ ပုံစံဖြင့် ပွဲထွက်လာသည်။ ပေါ်တူဂီအသင်းသည် ပထမပိုင်း ပွဲချိန် ၂၅ မိနစ်တွင် အဓိကကစားသမားဖြစ်သော အသင်းခေါင်းဆောင် စီရော်နယ်ဒိုမှာ ဒူးဒဏ်ရာကြောင့် စောစောစီးစီး လူစားလဲခံလိုက်ရသည်။ အားထားရသော ကစားသမားမရှိပေမယ့် ပေါ်တူဂီသည် စိတ်ဓာတ်ပြင်းပြင်းဖြင့် အချိတ်အဆက်မိမိ ကစားနိုင်ခဲ့ပြီး ပြင်သစ်အသင်းကို တန်ပြန်ခြိမ်းခြောက်နိုင်ခဲ့သည်။ မိနစ် ၉၀ အတွင်း နှစ်သင်းစလုံး

စာမျက်နှာ ၅ ကော်လံ ၁ ■

ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် တည်ရှိနိုင်

နေပြည်တော် ဇူလိုင် ၁၁

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း တစ်ပေခန့်ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ မော်လိုက်မြို့တွင် လေးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အဆိုပါမြစ်ရေသည် ကလေးဝမြို့ မင်းကင်းမြို့နှင့် ကနီမြို့တို့တွင် နှစ်ပေခန့်စီ၊ မုံရွာမြို့တွင် နှစ်လက်မခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီး အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ကလေးဝမြို့၊ မင်းကင်းမြို့နှင့် ကနီမြို့တို့တွင် တစ်ပေခန့်စီနှင့် မုံရွာမြို့တို့တွင် ပေဝက်ခန့် ဆက်လက်တည်ရှိလာနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီးအထက် ဆက်လက်တည်ရှိနိုင်ပါသည်။

သို့ဖြစ်၍ ချင်းတွင်းမြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားကြောင်း သိရသည်။ (မြန်မာ့အလင်း)